


www.burmeseclassic.com
ချောက်ချောက်ချားချားပရဆန်းကြယ်လုံး၊
ကျောက်ပြာသာဒ်ဝက်ပါ
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# သက်မင်းဂျူလိုင်

## ကျောက်ပြာသာဒ်ဝက်ပါ

**စီစဉ်သူ** ဦးငအောင်ရိုး(မော်လမြိုင်)

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၆၂၅၁၀၀၈

အဖုံးခွင့်ပြုချက်အမှတ် -

ထုတ်ဝေသူ - ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ်(၆၃)၊ ၁၅ဘာလမ်း၊
ကျောက်မြောင်း၊ တာမွေမြို့နယ်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျင်ရင် (၀၅၄၁၇) (ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ်(၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်း။

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၀၈၊ ဒီဇင်ဘာလ။

အုပ်ရေ/ တန်ဖိုး - ၅၀၀ အုပ်/ ၁၅၀ ကျပ်

ဖြန့်ချိရေး-ခုနစ်စဉ်ကြယ်စာပေ
အမှတ် ၁၇၅-ဘီ၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း- ၃၈၉၄၄၀

# သက်မင်းဂျူလိုင်

## ကျောက်ပြာသာဒ်ဝက်ပါ

www.burmeseclassic.com

www.burmeseclassic.com

## သေမိန့်ပြန်ကိုးပေါက်တစ္ဆေကျိန်စာ

- အသားကိုလိုးတာလောက်တော့ ...

  လိုးပါ ... ယူပါ ...

- အသွေးကိုသောက်တာလောက်တော့ ...

  သောက်ပါ ... သုံးပါ ...

- ဒါပေမဲ့ ...

  အကြင်နာခေါင်းပါး ... စိတ်ထားမမှန်

  အကြံစိတ်ယုတ်နဲ့ ... နှလုံးသားကိုပါ ...

  ထုတ်ယူဖို့ကြံစည်ခဲ့ရင်တော့ ...

- ကျူးလွန်တဲ့ ... လက် ... ရိုက်ချိုးပျက်လို့

  အသွားထက်ထက် ဓားထက်ထက်မှာ ...

  လက်ချောင်းများပြတ်တောက် ...

  သွေးပေါက်ပေါက်ပန်းပါစေသား ...။ ။

"သျှိုဝနတ်မင်း၏တမန်တော်"

## ပါဝင်သော အခန်းစဉ်စာစုများ


▲ -------> သေမိန့်ပြန်ကိုးပေါက်တစ္ဆေကျိန်စာ

အခန်း - (၁) သေမိန့်ပြန်ကိုးပေါက်တစ္ဆေ နိဒါန်း

အခန်း - (၂) ပတ္တမြားကိုးပေါက်နှင့်သျှိုဝနတ်မင်း၏ကျိန်စာ

အခန်း - (၃) ကိန်နဂါး နဂါး ကြွက် သုံးဖော်ယှက်သည့် . . .

အခန်း - (၄) ရှမ်းမှဆိုးကြီး ဦးစိုင်းနန္ဒမှ စတင်သန္ဓေတည်ခဲ့သော

အခန်း - (၅) ကျီးကန်းများက ညွှန်ပြခဲ့သော ပတ္တမြားသိုက်

အခန်း - (၆) ပတ္တမြားကိုးပေါက်သမိုင်းကိုလွှမ်းမောနေသူတစ်ဦး

အခန်း - (၇) တစ်ရံရောအခါက . . . ပတ္တမြားကိုးပေါက်သမိုင်း

အခန်း - (၈) ကျိန်စာ၏ . . . သားကောင်များ

အခန်း - (၉) မဟာရာဇ္ဇာနှင့်ပတ္တမြားကိုးပေါက်သံသရာ

အခန်း - (၁၀) သေမိန့်ပြန် . . . ကိုးပေါက်တစ္ဆေ

အခန်း - (၁၁) ခြေရာပျောက်သို့ခြေရာကောက်ခြင်း


www.burmeseclassic.com

www.burmeseclassic.com

အခန်း - (၁၂) လူထူးဆန်း တွင်းဝိဇ္ဇာညီနောင်၏ . . . နိဒါန်းအစ
အခန်း - (၁၃) နီလာသိုက်နှင့်သျှိဝနတ်ကွန်းစင်ကိုတွေ့ရှိခြင်း
အခန်း - (၁၄) တွင်းဝိဇ္ဇာ၏ကတိသစ္စာ
အခန်း - (၁၅) တွင်းဝိဇ္ဇာညီနောင်၏ နောက်ဆုံးနေ့များ
အခန်း - (၁၆) သေမိန့်ပြန်ကိုးပေါက်တစ္ဆေ . . . သို့မဟုတ်
အခန်း - (၁၇) သေမိန့်ပြန်တစ္ဆေရင်ခွင်သို့ တိုးဝင်ခြင်း
အခန်း - (၁၈) သေမိန့်ပြန် ပတ္တမြားဝက်ပါ
အခန်း - (၁၉) သေမိန့်ပြန်ကိုးပေါက်တစ္ဆေ နိဂုံး



## အခန်း (၁)

## သေမိန့်ပြန်ကိုးပေါက်တစ္ဆေ နိဒါန်း

သန်းခေါင်ယံညဥ့်၏ ခုနစ်စဉ်ကြယ်တန်းသည် အမြီးထောင်ရုံမျှမက တစ်ပတ်ကျွမ်းပင် ပစ်သွားခဲ့လေပြီလား၊ သို့တည်းမဟုတ် တိမ်မည်းညိုတို့ကြားတွင် နစ်မြုပ်ပုန်းခိုနေလေသည်လား မသိတတ်နိုင်ပါလေ။

အလယ်လွန် လ,တစ်ခြမ်း၏ အ,ကာလညဥ့်သန်းခေါင်ယံကမူ အမှောင်ကိုသာ အဆွေခင်ပွန်းဖွဲ့လျက် ညဥ့်ခရီးရှည်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို တိတ်ဆိတ်စွာ ခရီးနှင်နေပါ၏။ ထိုအတူပင် ကျောက်ပြာသာဒ်တောင်ခြေရှိ သျှိုဝနတ်ကွန်းစင်ကြီးကလည်း သန်းခေါင်ယံ အမှောင်တစ္ဆေကောင်ကြီး၏ ရင်ခွင်အောက်တွင် မသိနိုးနားစွာ အိပ်မောကျလျက်ရှိပါချေပြီကော။

အချုပ်ဆိုရပါမူ ဩကာသလောကကြီးတစ်ခုလုံး မြူနှင်းမိုးငွေ့တို့ ခပ်ပါးပါးဖြာဆင်းဖြန့်ကြဲထားသည့် အမှောင်ကမ္ဗလာခြုံလွှာအောက်တွင် မောပန်းနွမ်းလျစွာ အနားယူအိပ်စက်နေကြပါ၏။ သို့သော် ...

ကျောက်ပြာသာဒ်လှိုဏ်ကြီးအတွင်းမှာတော့ မိုင်းဆတ်မြို့ဝန် ဦးခွန်မှိုင်း၏သားကြီး ဩရသဖြစ်သူ တောက်ထိန်ဦးစီးသည့် လူ့အနွတစ်စုက သန်းခေါင်ယံအမှောင်ကို အကာအကွယ်ပြုကာ တစ်စုံတစ်ရာကို စိတ်ရှည်လက်ရှည် စောင့်စားနေကြသည်သို့။

စင်စစ် ...တောက်ထိန်သည် ဆိုးသွမ်းရမ်းကားလှသည့် လူဆိုးဓားပြတစ်ဦးဖြစ်သည်။ ဖခင်ဖြစ်သူ မိုင်းဆတ်မြို့ဝန်မင်းကိုယ်တိုင် ဖမ်းဝရမ်းထုတ်ထားခြင်းခံရသည့် သားဆိုးသားမိုက် ရာဇဝင်လူဆိုးကြီးတစ်ဦးလည်း ဖြစ်ပါ၏။





မိုးမိတ်မြို့နယ်တစ်ကြောမှာတော့ ဓားပြတောက်ထိန်ဆိုလျှင် ကြားရသူတိုင်း ကျောစိမ့်သွားကြရသည်အထိ ဓားထက်ကာ ကြမ်းကြုတ်ရက်စက်သူတစ်ယောက် ဖြစ်သည်။

အချိန်ကာလက (၁၈၇၅) ပြည့်လွန်နှစ်များအတွင်း မန္တလေးနေပြည်တော်ကြီးတွင် နန်းတွင်းရေးရှုပ်ထွေးပြီး သူ့လူ, ကိုယ့်လူ ခွဲခြားမရချိန်ဖြစ်နေချိန်တွင် တောက်ထိန်မှာ တောမီးလောင် တောကြောင်လက်ခမောင်းခတ်ရန် စိုင်းပြင်းနေခြင်း ဖြစ်ပါသည်။

မိုးမိတ်နယ်အတွင်းရှိ ကျောက်ပြာသာဒ်တောင်ခြေ ပတ္တမြားထွက်ရှိရာနယ်မြေအား စောင့်ရှောက်ပေးနေသည့် တပ်မှူးကြီးကျော်စွာဦးစီးသည့် ရဲမက်စစ်သည်များ၏ အလစ်အငိုက်ကို တောက်ထိန်တို့လူစု ချောင်းမြောင်းနေကြခြင်း ဖြစ်ပါ၏။

တပ်မှူးကြီးကျော်စွာသည် မိုးမိတ်စော်ဘွားကြီး၏ အားထားရသော သွေးသောက်လူယုံတော်ကြီးတစ်ဦး ဖြစ်သည်။

လက်ရုံးရည်၊ နှလုံးရည်နှင့်ပြည့်စုံပြီး သစ္စာရှိသော သွေးသောက်တပ်မှူးကြီးတစ်ဦးဖြစ်သည်မို့ မိုးမိတ်နယ်မြေ တစ်ခုလုံး၏ အသက်သွေးကြောကြီးတစ်ခုဖြစ်သော ပတ္တမြား



www.burmeseclassic.com

ထွက်ရှိရာ ကျောက်ပြာသာဒ်နယ်မြေအား တာဝန်ယူစောင့်ရှောက် စေခဲ့ခြင်း ဖြစ်သည်။

ကျောက်ပြာသာဒ်နယ်မြေထဲရှိ သျှိုဝနတ်ကွန်းစင်ရှိရာ နတ်ဘုရားကျောင်းကြီးထဲတွင် စခန်းချခြေကုပ်ယူထားသည့် တပ်မှူးကြီးကျော်စွာကြောင့် တောက်ထိန်၏အကြံအစည်မှာ ယခုအချိန်ထိတိုင် ထမြောက်အောင်မြင်ခြင်း မရှိခဲ့သေးပါ။

စင်စစ် တောက်ထိန်မှာ နတ်ဘုရားကျောင်းကြီးထဲရှိ သျှိုဝနတ်ကွန်းစင်မှ သျှိုဝနတ်ရုပ်တုကြီး၏ နဖူးသင်းကျစ်တွင် မြှုပ်နှံပူဇော်ထားသည့် ကိုးပေါက်ပတ္တမြားကြီးကိုလုယူရန် ကြံစည်ကြိုးပမ်းနေခြင်းသာ ဖြစ်ပါသည်။

မိုးမိတ်စော်ဘွားကြီးက ထိုအချက်ကိုသိရှိသဖြင့် လူဆိုးဓားပြများနှင့် လောဘသားကောင်များရန်မှ ကြိုတင်ကာကွယ်သည့်အနေဖြင့် သျှိုဝနတ်ဘုရားကျောင်းကြီးတွင် သူ၏သွေးသောက်လူယုံတော် တပ်မှူးကြီးကျော်စွာအား တာဝန်ပေးအပ်ထားခဲ့ခြင်းဖြစ်သည် မဟုတ်ပါလား။

တပ်မှူးကြီးကျော်စွာကိုယ်တိုင်ကလည်း သျှိုဝနတ်ဘုရားကျောင်းကြီးတွင် နေ့ညမပြတ် အစောင့်ရဲမက်များကို ထူထပ်စွာ





ချ၍ သတိမပြတ်နှင့် စောင့်ရှောက်ကာကွယ်လျက် ရှိပါချေ၏။

ထိုပတ္တမြားအကြောင်းကို သိရှိထားသည့် တောက်ထိန်ကလည်း သူ၏လူစုနှင့် နတ်ဘုရားကျောင်းကို ဝင်ရောက်စီးနင်းတိုက်ခိုက်ကာ 'ပတ္တမြားကိုးပေါက်' ကို ရယူနိုင်ရန်အတွက် ယခုကဲ့သို့ အချိန်အခါကောင်းကို စောင့်ဆိုင်းနေကြခြင်းဖြစ်ပါ၏။

အချိန်တို့သည် တရွေ့ရွေ့နှင့် ကုန်လွန်လာခဲ့ကြသည်။ ကျောက်ပြာသာဒ်တောင်ခြေရှိ နတ်ဘုရားရှိခိုးကျောင်းကြီး တစ်ဝိုက်မှာတော့ နှင်းမိုးစက်ကျသံ တဖျောက်ဖျောက်ကသာ တိတ်ဆိတ်သောညဥ့်ကို ကြီးစိုးမင်းမူလျက်ရှိသည်။

'ဒေါင် ... ဒေါင် ...'

မကြာမီ ကျောက်ပြာသာဒ်ရွာကြီးဆီမှ နာရီနှစ်မောင်းခေါက်သံသဲ့သဲ့ကို ကြားလိုက်ရသည်နှင့် တောက်ထိန်တို့လူစု လှုပ်လှုပ်ရှားရှား ဖြစ်လာခဲ့ကြပါချေပြီကော။

တစ်ချိန်တည်းမှာပင် တောက်ထိန်၏ မျက်လုံးအစုံမှာ ဝင်းလက်တောက်ပြောင်လာပြီး ဓားလွတ်စွဲကိုင်ကာ နတ်ဘုရားကျောင်းကြီးဆီသို့ ကြောင်ရိုင်းတစ်ကောင်နှယ် ချဉ်းကပ်လာခဲ့ပါတော့သည်။

www.burmeseclassic.com



နတ်ဘုရားကျောင်းမှ စစ်သည်ရဲမက်များမှာလည်း တဖျောက်ဖျောက်ကျဆင်းနေသည့် နှင်းမိုးစက်ကျသံများအောက် ဝယ် အစောင့်ရဲမက်များမှလွဲ၍ နှစ်ခြိုက်စွာ အိပ်မောကျလျက်ရှိ နေချိန် ...။

'အ ...'

'အု ...'

နတ်ဘုရားကျောင်းတံခါးဝကို စောင့်နေကြသည့် ရဲမက် နှစ်ဦးမှာ တောက်ထိန်တို့၏ လောဘသားတစ်စု၏ လက်ချက်ဖြင့် အသံပင်မထွက်နိုင်ရှာဘဲ ကျဆုံးသွားကြပါ၏။ ပြိုလဲကျသံ အနည်းငယ်မှလွဲ၍ ကျယ်လောင်သောအသံဟူသမျှ စိုးစဉ်းမျှ မထွက်။

သို့သော် ထိုစဉ်းငယ်မျှသော တိုးညင်းသည့်အသံလှိုင်းက တပ်မှူးကြီးကျော်စွာ၏ နားစည်လှိုင်းသို့ ခပ်ပါးပါးရိုက်ခတ်လိုက် သည်နှင့် ...

"ဟင် ... ဘာသံလဲ"

ဖျတ်ခနဲနိုးလာသည့် တပ်မှူးကြီးကျော်စွာက မသက်ာ ဖွယ်ရာအသံတချို့ကြောင့် သွားရောက်စစ်ဆေးရန် ဓားကိုစွဲကာ





ထ,လိုက်စဉ်မှာပင် ...

'ဝှစ် ..ဒုတ် ..'

'အ ...ရန် ...ရန်သူ ...ရန် ...သူ ...အ'

နတ်ဘုရားကျောင်း၏ အရှေ့ကင်းတံခါးဝဆီမှ ရုတ်တ ရက်ထွက်ပေါ်လာသည့် ဝရုန်းသုန်းကားအော်ဟစ်သံကြီး များနှင့်အတူ တစ်ခဏအတွင်းမှာပင် တိတ်ဆိတ်စွာအိပ်မောကျ နေသည့် သန်းခေါင်ကျော်ညဉ့်နှောင်းပိုင်းသည် ရေပွက်သကဲ့သို့ ဆူညံစွာသက်ဝင်လှုပ်ရှားလာခဲ့ပါချေပြီကော။

'ဝှစ် ..ဒုတ် ..ဝှစ်'

'အား ...အု ...အီး'

"ရန် ...ရန်သူတွေ နတ်ဘုရားကျောင်းထဲ ဝင် ... ဝင်လာကြပြီ ...အ"

'ဝှစ် ..ဝှစ် ..ထန်း ..ထန်း'

'အ ...အု ...'

လူဆိုးဓားပြကြီး တောက်ထိန်အဖွဲ့နှင့် နတ်ဘုရား ကျောင်းစောင့်ရဲမက်များ၏ တိုက်ခိုက်ထိုးခုတ်သံများက နတ် ဘုရားကျောင်းတစ်ဝိုက်တွင် သွေးချောင်းစီးခဲ့ပါချေပြီကော။



www.burmeseclassic.com

www.burmeseclassic.com



'ဝှစ် ‥ ဒုတ် ‥'

'အား … အု'

အလစ်အငိုက် ဝင်ရောက်စီးနင်းတိုက်ခိုက်သဖြင့် တပ်မှူးကြီးကျော်စွာ၏ ရဲမက်စစ်သည်များ အတုံးအရုန်းကျဆင်းနေကြသည်။

သို့သော် နတ်ဘုရားကျောင်းကြီးထဲရှိ ရဲမက်များကမူ ဝင်ရောက်စီးနင်းသူများကို ရှပ်ရှပ်ခွဲခွဲ ခုခံတိုက်ခိုက်လျက်ရှိကြပါ၏။

"ဟေး ‥ မဆုတ်နဲ့ … တိုက်ကြစမ်း"

"ဟိုင်း … ဟေး"

'ဝှစ် ‥ ဝှစ် ‥ ဒုတ် ‥ ဒုတ်'

တပ်မှူးကြီးကျော်စွာ တိုက်ပွဲဖြစ်ပွားရာသို့ရောက်တော့ မီးရောင်အောက်တွင် ဓားလွတ်စွဲကာ စီးနင်းတိုက်ခိုက်နေသည့် လူဆိုးဓားပြ တောက်ထိန်ကို မြင်တွေ့လိုက်ရသဖြင့် ဒေါသအိုးပေါက်ကွဲသွားသည်။

"ဟင် … ငတောက်ထိန်ပါလား၊ ရာရာစစ နတ်ဘုရားကျောင်းကို ဝင်စီးရတယ်လို့"





ထိုအတူပင် တောက်ထိန်ကလည်း သျှိဝနတ်ဘုရားရုပ်တုကြီးရှေ့မှ ဓားတစ်စင်းနှင့် ဟစ်အော်အမိန့်ပေးနေသည့် တပ်မှူးကြီးကျော်စွာကို တွေ့မြင်လိုက်ရသည်နှင့် …

"ဟေး … တပ်မှူးကြီး … မင်းရဲ့သွေးသောက်ရဲမက်တွေကို လက်နက်ချခိုင်းလိုက်ပါ၊ နတ်ဘုရားကျောင်းတစ်ခုလုံးကို ငါ့လူတွေက စီးမိသွားပြီကွ"

"ဟိုင်း … ရာရာစစ … နင့်လိုလူဆိုးဓားပြကောင်က ငါ့လိုတပ်မှူးတစ်ယောက်ကို စော်စော်ကားကားနဲ့၊ ကိုင်း … သေစမ်း လူဆိုးဓားပြကောင်"

'ဝှစ် ‥ ဝှစ်'

'ထန်း ‥ ထန်း'

တပ်မှူးကြီးကျော်စွာမှာ ကျားရိုင်းတစ်ကောင်နှယ် ရှေ့သို့သွားခနဲခုန်ဝင်ကာ တောက်ထိန်အား မုန်တိုင်းတစ်ခုနှယ် တရကြမ်း တိုက်စစ်ဆင်ပါလေတော့သည်။

"ဟိုင်း … ဟား"

'ဝှစ် ‥ ဝှစ် ‥ ထန်း'

"အိုး ‥ ဟိုး ‥ ဟိုး ‥ တော်တော်သတ္တိရှိပြီး သည်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတဲ့ သွေးသောက်တပ်မှူးကြီးပဲ၊ ဟင်း . . . ဟင်း . . . ကျုပ်နာမည် တောက်ထိန်တဲ့၊ မပိုင်ရင် ခြင်တောင်မရိုက်ခဲ့ဘူး တပ်မှူးကြီးရေ၊ မင်းရဲ့သွေးသောက်ရဲမက်တွေလည်း ကျဆုံးကုန် ကြပြီလေ . . . ဟင်း . . . ဟင်း''

'ဟိုင်း . . . ယား'

'ဝှစ် . . ဝှစ် . . ထန်း'

''ဟင်း . . . မင်း . . . မင်း တယ်ပြီးယုတ်မာရက်စက် လှချည်လား၊ သျှိုဝနတ်ဘုရားကိုတောင် ပြစ်မှားစော်ကားရဲတယ်၊ နတ်ရုပ်က ပတ္တမြားကြီးကို မင်း ရမယ်လို့များ ထင်နေသလား ငတောက်ထိန်''

တပ်မှူးကြီးကျော်စွာမှာ မိုင်းဆတ်မြို့ဝန်၏သား လူရမ်းကား ဓားပြငတောက်ထိန်အပေါ် အကြီးအကျယ် ဒေါသထွက် လျက်ရှိသည်မို့ အတင်းဝင်ရောက် ထိုးခုတ်တိုက်ခိုက်ပါလေ၏။

ဒေါသကြောင့် တိုက်ကွက်မှားသွားခဲ့သည့် တပ်မှူးကြီး ကျော်စွာမှာ တောက်ထိန်၏ အနီးကပ်ဓားချက်ကို မတိမ်းရှောင် နိုင်ပါလေတော့။

'ဝှစ် . . ဝှစ်'





'ဒုတ် . . .'

'အ . . .'

ဒဏ်ရာများမှ ယိုစီးကျလာသော သွေးများက တပ်မှူး ကြီးကျော်စွာ၏ တစ်ကိုယ်လုံးတွင် ရွှဲနစ်နေပါချေပြီကော။ အား တင်းကာ ခုခံတိုက်ခိုက်သည့်တိုင် တောက်ထိန်၏ဓားချက်များကို လွတ်အောင်မရှောင်နိုင်ပါလေတော့။

'ဝှစ် . . ဝှစ်'

'ဒုတ် . . အင်း'

''ဟင်း . . . ဟင်း . . . ဟင်း အရှုံးပေးလိုက်ပါတော့လား တပ်မှူးကြီးရယ်၊ ကျုပ် . . . ခင်ဗျားကို မသတ်ချင်ဘူး''

''ဘာ . . . ဘာကွ . . . ဟင်း . . ဟင်း . . ငါသေမှ ဟောဒီသျှိုဝနတ်ဘုရားက ကိုးပေါက်ပတ္တမြားကြီးကို ရမယ်ဟေ့၊ ကိုင်း . . . တက်ခဲ့စမ်း ဓားပြကောင်ရေ''

ခန္ဓာကိုယ်တစ်ခုလုံးနီးပါး သွေးစိမ်းရှင်ရှင်စီးကျနေသည့် တိုင် သွေးသောက်သူရဲကောင်းတို့၏ မာန်ကိုမလျှော့သော တပ် မှူးကြီးကျော်စွာက သူ၏ဆောင်ဓားကိုဝင့်၍ ငတောက်ထိန်ကို စိန်ခေါ်စစ်ခင်းနေဆဲပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း ...ဒီလောက်တောင် သေချင်နေတဲ့ တပ်မှူးကြီး ခံနိုင်ရင်ခံပေတော့"

'ဂွစ် ..ဂွစ် ..ဂွစ်'

'ထန် ..ထန် ...အား'

မရတော့ပါ။ ကျားပျိုတစ်ကောင်၏ အားမာန်များနှင့် တရစပ်ထိုးခုတ်တိုက်ခိုက်လာသည့် တောက်ထိန်၏ ဓားချက်များအောက်တွင် တပ်မှူးကြီးကျော်စွာ အလူးလူးအလိမ့်လိမ့် ခံနေရပါပြီကော။

'ဂွစ်'

'ဒုတ်'

'အား'

ခါချဉ်ကောင်မာန်ကြီး၍ တောင်ကြီးကိုဖြိုခွင်းရန် ကြံရွယ်စိတ်ကူးသော်လည်း ခါးမသန် ဒဏ်ရာဗရပွနှင့် တပ်မှူးကြီးကျော်စွာမှာ ကျားငစဉ်းလဲ တောက်ထိန်၏ ရက်စက်ကြမ်းကြုတ်လှသည့် မိုးကြိုးဓားချက်အောက်တွင် လဲပြိုကျသွားခဲ့ရရှာပါချေပြီတည်း။

'အား ...အု ...'

☆ ၃ နှစ် စဉ် ကြယ် စာ ပေ ☆



သို့တိုင်အောင် လက်ထဲမှဆောင်ဓားကိုမူ စွဲမြဲစွာဆုပ်ကိုင်ထားရင်း တောက်ထိန်၏မျက်နှာကို စူးစူးရဲရဲစိုက်ကြည့် လျက် ...

"တောက် ...လူကို ...ခွေး .. ခွေးသတ် ...သတ်တယ်၊ လူ ...လူယုတ်မာ ဟောဒီ သျှီ ...သျှီဝနုတ်ရုပ်တုကြီးက ပတ္တမြားကိုး ..ကိုးပေါက်ကိုယူခဲ့ရင် မင်း မင်းတို့အားလုံးသံ ...သံသရာ ...တစ် ...လျှောက် ...လုံး ... မကျွတ် ...မလွတ်ဘဲ ...ကျိန် ...ကျိန် ...စာ ..မိ ...မိ ...ပါ ...စေ ...သား ...သား ...အ ... အား"

သွေးစိမ်းရှင်ရှင်ထွက်ကျနေသည့် ဒဏ်ရာများကြားမှ သွေးသောက်တပ်မှူးကြီးကျော်စွာမှာ ကြောက်မက်ဖွယ်ရာ ကျိန်စာဆိုးကြီးကို တတွတ်တွတ်ရွတ်ဆိုရင်း တဖြည်းဖြည်း မြေပြင်ထက်သို့ ညွတ်ခွေပြိုလဲကျသွားပြီး အသက်ဝိညာဉ် ချုပ်ငြိမ်းပျောက်ကွယ်သွားပါတော့သည်တကား။

⁂

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂)

## ပတ္တမြားကိုးပေါက်နှင့် သျှိဝနတ်မင်း၏ကျိန်စာ

အသားကိုလှီးတာလောက်တော့ ...
လှီးပါ ... ယူပါ ...
အသွေးကိုသောက်တာလောက်တော့ ...
သောက်ပါ ... သုံးပါ ...
ဒါပေမဲ့ ...
အကြင်နာခေါင်းပါး ... စိတ်ထားမမှန်





အကြံစိတ်ယုတ်နဲ့ ... နှလုံးသားကိုပါ ...
ထုတ်ယူဖို့ကြံစည်ခဲ့ရင်တော့ ...
ကျူးလွန်တဲ့ ... လက် ... ရိုက်ချိုးပျက်လို့
အသွားထက်ထက် ဓားထက်ထက်မှာ ...
လက်ချောင်းများပြတ်တောက် ...
သွေးပေါက်ပေါက်ပန်းပါစေသား ...။ ။

"သျှိဝနတ်မင်း၏တာမန်တော်"

ကျောက်ပြာသာဒ်တောင်ခြေရှိ သျှိဝနတ်ဘုရားကျောင်းမှ နတ်ကွန်းစင်ရှေ့ သျှိဝနတ်မင်းကြီးရှေ့တွင် စိုက်ထူထားသည့် ကျောက်စာတိုင်မှ ကျိန်စာလိုလို စာတန်းအချို့က စောရန်နိုင်နှင့် စောနန်းနွယ်တို့၏ နှလုံးသွေးများကို ဆူပွက်လှုပ်ရှားလာစေခဲ့ပြီထင့် ...။

တစ်ဆက်တည်းမှာပင် ကျောက်ပြာသာဒ်တောင်ခြေ၌ ကျောက်ဆစ်ကျောက်သားများနှင့်ဆောက်လုပ်ထားသည့် ဤမျှခမ်းနားတည်ဝံ့သလောက် လက်ရာမြောက်လှသော ကျောက်သား နန်းဆောင်ကြီးတစ်ခု ရှိနေလိမ့်မည်ဟု ဘယ်သူသေအခါ



www.burmeseclassic.com

www.burmeseclassic.com



ကာလကမှ တွေးထင်ထားခဲ့ခြင်း မရှိပါ။ ယခုတော့ ...

အံ့မခန်း ရှေးလက်ရာဟောင်း ကျောက်ဆစ်ပညာရပ်ဖြင့် ထွင်းထုထားသည့် သျှိဝနတ်ရုပ်တုကြီးနှင့် နတ်ဘုရားကျောင်းကြီးကို အံ့သြဘနန်း တွေ့မြင်နေရပါချေပြီကော။

ထို့အပြင် သျှိဝနတ်မင်းကြီးရှေ့တွင် စိုက်ထူထားသည့် ကျောက်စာကျိန်စာ ဆုတောင်းသံကြီးကလည်း နလုံးသည်းပွတ် အတွင်းထိတိုင် နက်ရှိုင်းစွာ စူးနစ်ဝင်ရောက်သွားလေသည်လား။

စင်စစ် ဤသျှိဝနတ်ဘုရားကျောင်းကြီးအတွင်းသို့ မည်သည့်လူစိမ်း တစ်ဦးတလေကိုမျှ ဝင်ရောက်ခွင့်မပြုပါ။ သို့သော် ကျောက်ပြာသာဒ်ရွာသူကြီး ဦးခွန်ဆိုင်းနှင့် ကျောက်ပြာသာဒ် ဆရာတော် ဦးပညာဇောတတို့၏ ခွင့်ပြုချက်ဖြင့် မုဆိုးကြီး ဦးမှိုင်းလုံနှင့်အတူ ဇောရန်နိုင်တို့မောင်နှမ ရောက်ရှိလာခဲ့ကြခြင်း ဖြစ်သည်။

ရှေးဟောင်းသမိုင်းအမွေအနှစ်များစာတန်းပြုစုနေသည့် ဇောနန်းနွယ်မှာလည်း လေ့လာစေ့ငုမှုများကို မပြုလုပ်နိုင်သေး။ လွှန်စွာမှ လက်ရာမြောက်လှသည့် ရှေးဟောင်းကျောက်သားနန်းဆောင်ကြီး၊ သျှိဝနတ်ဘုရားရုပ်တုနှင့် ကျိန်စာကျောက်စာတို့ကို





အံ့သြမှုများဖြင့် ငေးမောကြည့်ရှုနေမိသည်။

"အင်း ... ဒီကျောက်စာထဲက ကျိန်စာအရဆိုရင်တော့ နတ်ရုပ်တုကြီးရဲ့ နဖူးသင်းကျစ်က ပတ္တမြားကြီးကို ယူခဲ့မိတဲ့ တောက်ထိန်တို့လူစုကတော့ သံသရာအဆက်ဆက် ကိုးပေါက် ပတ္တမြားကြီးရဲ့ကျိန်စာ သင့်ခဲ့ရမှာပေါ့နော် ... အဘာလို"

ဇောနန်းနွယ်က ကျောက်ပြာသာဒ်တောင်ခြေမှ သျှိဝနတ်ဘုရားကျောင်းဆောင်သို့ လိုက်လံပို့ဆောင်ပေးခဲ့သည့် ဦးမှိုင်းလုံအား ပြောလိုက်ပါ၏။

"ဟာ ... သင့်ခဲ့ပြီလား သမီးရယ်၊ အဘတို့ကြားသိရသလောက်ကတော့ လူဆိုးဓားပြတောက်ထိန်ကို ဖမ်းဆီးမိတော့ သူ့ရဲ့ညာဘက်လက်ချောင်းတွေအားလုံး တိတိရိရိပြတ်ထောက်ပြီး သေဆုံးနေတယ်လို့ ပြောကြတယ်၊ အင်း ... နောက်ဆုံးတော့ မကောင်းမှုပြုခဲ့တဲ့သူဟာ သူပြုမှုခဲ့တဲ့ အကုသိုလ်ဝဋ်ကြွေးကို ပြန်လည်ပေးဆပ်ရတာ ဓမ္မတာပဲမဟုတ်လား သမီးရယ်"

မုဆိုးကြီးဦးမှိုင်းလုံမှာ သျှိဝနတ်ရုပ်တု၏ ဟောင်းလောင်းပေါက်ကြီးဖြစ်နေရှာသည့် နဖူးသင်းကျစ်နေရာကို ငေးစိုက်ကြည့်ရင်း စိတ်မချမ်းမြေ့စွာ ဖြေကြားပြောဆိုနေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"နောက်ပြီး ...ဟောဒီ မိုးမိတ်နဲ့ မိုးကုတ်မြို့ကြီးရဲ့ ပတ္တမြားမြေပေါ်မှာလည်း လုပ်ကိုင်စားသောက်ခွင့်ပေးထားပြီး တွေ့ရှိရတဲ့ သိန်းကျောက်, သန်းကျောက်, အောင်ကျောက်တွေ ဟာလည်း ကိုယ့်ရဲ့ကုသိုလ်ကံနဲ့ကိုယ် ထိုက်သလို ယူခွင့်ပေးထား သေးတယ်လေ ...။

အေး ...ဒါတင်ဘယ်ကလိမ့်မလဲ ...ဒီနယ်မြေထဲ မှာ လုပ်ကိုင်ရှာဖွေစားသောက်ရတာဟာ နေ့စဉ် သေမင်းနဲ့ စိန်ခေါ်စစ်ခင်းနေရတာနဲ့ အတူတူပဲကွဲ့၊ တွင်းတွေတူး, လိုဏ် ခေါင်းတွေဖောက်ပြီး ခက်ခက်ခဲခဲ ရှာဖွေကြရတာဆိုတော့ အန္တရာယ်က ကိုယ်နဲ့ လက်တစ်ကမ်းမှာ အမြဲရှိနေတာကလား။ သျှီဝနတ်မင်းကြီးဟာ တရားသဖြင့် ရှာဖွေစားသောက်နေတဲ့ သူတွေရဲ့ အသက်အန္တရာယ်ကိုလည်း ကာကွယ်စောင့်ရှောက်ပေး ထားတယ် သမီး ...။

ဟင်း .. ဟင်း .. ဒီကြားထဲကမှ ကျေးဇူးမသိ လောဘ မသတ်နိုင်ဘဲ အရိပ်နေနေ အခက်ချိုးချိုးလုပ်သွားကြတဲ့ လူ့ တိရစ္ဆာန်တွေအတွက်တော့ သျှီဝနတ်မင်းကြီးရဲ့ကျိန်စာဟာ နည်းတောင်နည်းနေသေးတယ် သမီးရေ"





မုဆိုးကြီးဦးမှိုင်းလုံ ပြောဆိုရှင်းပြနေသည်များကို စော နန်းနွယ် ခေါင်းတညိတ်ညိတ်နှင့် စိတ်ဝင်တစား နားထောင်နေ သည့်တိုင် စောရန်နိုင်မှာမူ တစ်စုံတစ်ရာကို စူးစူးနစ်နစ်တွေးနေ သကဲ့သို့ သျှီဝနတ်မင်းကြီးကိုလည်း ငေးစိုက်၍ ကြည့်နေပါ၏။

"ဒီမှာ စောရန်နိုင် ...ဒီပတ္တမြားကြီးဟာ မိုးမိတ်စော် ဘွားကြီး သိုဟန်ဖတ်ရဲ့လက်ကို ပဏ္ဏာအဖြစ် ရောက်ရှိသွားခဲ့ ရာကနေ အဆင့်ဆင့် လွှဲပြောင်းသိမ်းဆည်းလာခဲ့ကြရာက နောက်ဆုံး ကျောက်ပြာသာဒ်ဆိုတဲ့ရွာနားက နတ်ကွန်းစင် ကျောင်းဆောင်ကြီးမှာ ခြေရာပျောက်သွားခဲ့တယ် ...။

အဲဒီ ကျောက်ပြာသာဒ်ကိုရောက်ရင် သျှီဝဆိုတဲ့ နတ် ဘုရားကျောင်းဆောင်ကြီးဆီကိုရောက်အောင်သွားပြီး ပတ္တမြား ကြီးအကြောင်းကို တိုးတိုးတိတ်တိတ် စုံစမ်းကြည့်ရင်ကောင်းမယ် စောရန်နိုင်"

မိုးမိတ်သို့ ခရီးမထွက်ခင်တစ်ရက်က သူ၏ဦးလေးတော် စပ်သူ ဆရာတစ်ဆူလည်းဖြစ်သည့် ဦးကျော်ခေါင်၏စကားသံ များက စောရန်နိုင်၏နားထဲတွင် ပဲ့တင်ထပ်မျှ ပြန်လည်ကြား ယောင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



စောနန်းနွယ်အား ရှင်းလင်းပြောပြနေသည့် ဦးမှိုင်းလုံ၏ စကားအသွားအလာထဲတွင် ပတ္တမြားကြီး၏ခြေရာများကို အမှတ်မထင် သိမြင်လိုက်ရသဖြင့် စောရန်နိုင် ဒိတ်ခနဲပင် ရန်ခုန်သွားပါလေ၏။

"ဘယ်လိုလဲ စောရန်နိုင် ... သျှိုဝနတ်ရုပ်တုကြီးရဲ့ ပတ္တမြားကိုးပေါက်ကို စိတ်ဝင်စားနေပြီလားကွဲ့ .. ဟင်း ဟင်း"

"အို ...မ ...မ ...မဟုတ်ပါဘူး အဘလုံရယ်၊ ကျွန်တော်က ပတ္တမြားမြေကို စိတ်ဝင်စားနေတာပါ၊ ဘယ်လောက်တူးတူး မကုန်နိုင်မခန်းနိုင်နဲ့ ကံထိုက်တဲ့သူတွေကို မျှဝေပေးနေတဲ့ ဖြစ်ရပ်တွေဟာ ဘယ်ခေတ်,ဘယ်ကာလကတည်းက ပတ္တမြားတွေကို တွေ့ခဲ့ရသလဲဆိုတာ စဉ်းစားနေမိတာပါ အဘလုံ"

စောရန်နိုင်၏စကားများနှင့် အတွေးအခေါ်ကြောင့် ဦးမှိုင်းလုံမှာ ခေါင်းတညိတ်ညိတ်နှင့် သဘောကျနေပါ၏။

"အင်း ... ဘယ်ဆိုးလို့လဲ၊ မင်းတို့မောင်နှမနှစ်ယောက်က ငယ်ငယ်ရွယ်ရွယ်နဲ့ ငါတို့မိုးမိတ်ရဲ့ သမိုင်းကြောင်းအတ္တုပ္ပတ္တိတွေကို စိတ်ဝင်တစားရှိကြသေးတယ်၊ ပြောရရင်တော့ ဟောဒီ





မိုးမိတ်နဲ့ မိုးကုတ်ဒေသဟာ ပတ္တမြားမြေလို့တောင် တင်စားခေါ်ခေါ်ရမယ် ထင်ပါရဲ့ ...။

ဟောဒီသျှိုဝနတ်မင်းကြီးကလည်း ငါတို့မိုးမိတ်နဲ့ မိုးကုတ်ဒေသသားတွေရဲ့ အားထားကိုးကွယ်ကြတဲ့ အဖိုးတန်ပတ္တမြားတွေကို မျှဝေပေးတဲ့ နတ်မင်းကြီးလို့ မှတ်ယူကိုးကွယ်ခဲ့ကြတာကလား။ ဒီအကြောင်းတွေ မင်းတို့ကိုရှင်းပြရင် ဟိုးလွန်ခဲ့တဲ့ အတိတ်သမိုင်းကြောင်းတွေနဲ့ချီပြီး ပြောပြရမှာမို့ အချိန်ရမှာမဟုတ်ဘူး။ ညကျမှ ဖန်ခါးရေသောက်ရင်း မင်းတို့သိချင်တာအားလုံးကို အဘပြောပြမယ်၊ ခုတော့ ဟောဒီက သမီးလေးစောနန်းနွယ် သျှိုဝနတ်ဘုရားကျောင်းဆောင်ကြီးကို အရင်ဦးဆုံး လေ့လာထားနှင့်ဦးပေါ့ကွယ်"

ထိုနေ့က တစ်နေကုန်နီးပါး ကျောက်ပြာသာဒ်တောင်ခြေမှ သျှိုဝနတ်ဘုရားကျောင်းဆောင်ကြီးနှင့် ကျောက်စာတိုင်များ၊ ကျောက်ဆစ်ရှေးဟောင်းလက်ရာများကို အသေးစိတ်လေ့လာကြရင်း အချိန်ကုန်လွန်ခဲ့ကြပါတော့သည်။

✳

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ပြာသာဒ်ရွာကလေး၏ ညဦးကမ္ဘာသည် တဖွဲဖွဲဝေ့ဝဲမှိုင်းမှုန်နေသည့် မြူနှင်းမိုးစက်တို့ ဖြိုးဖြိုးဖြောက်ဖြောက်ကျဆင်းသံကိုနာခံရင်း ငြိမ်သက်တိတ်ဆိတ်နေပါ၏။

စောနန်းနွယ်က မီးလင်းဖိုထဲမှ မီးစတချို့ကို ထိုးဆွလိုက်သဖြင့် တဖောက်ဖောက်နှင့် လွင့်ပျံထပေါက်ကျသည့် မီးပေါက်အော်မြည်သံလေးများကသာ ရံဖန်ရံခါ ထွက်ပေါ်လျက်ရှိသည်။





စောရန်နိုင်ကမူ ဦးမှိုင်းလုံထည့်ပေးသည့် ဖန်ခါးရည်ပူပူကိုမှုတ်ကာ သောက်နေပါ၏။ ခါးရှရှနှင့် မွှေးပျံ့သော လက်ဖက်နံ့နှင့် ဖန်ခါးရည်ပူပူက လည်ချောင်းတစ်လျှောက် စီးဆင်းသွားသဖြင့် ခန္ဓာကိုယ်သွေးကြောအနှံ့ စိမ့်ဝင်နွေးထွေးသွားစေသည်ထင့်။

ဦးမှိုင်းလုံက သူ၏ ဝါးဆေးတံအိုးကြီးကို တရှိုက်မက်မက်ရှိုက်ဖွာလိုက်ရင်းမှ နေ့လယ်ခင်းက သျှီဝနတ်ဘုရားကျောင်းတွင် နိဒါန်းပျိုးခဲ့သည့် 'ပတ္တမြားမြေ' ကိစ္စကို ပြန်လည်၍ပြောပြနေပါ၏။

"ပတ္တမြားဆိုတာ အနီရောင် ဒါမှမဟုတ် မဇ္ဇူပန်းရောင် အဆင်းရှိတဲ့ အဖိုးထိုက်ရတနာတစ်ပါးပဲ သမီး။ ပတ္တမြားဆိုတာတာ ရှေးမြန်မာမင်းတွေလက်ထက်မှာ မြန်မာနိုင်ငံမှာ မပေါ်သေးဘူးကွဲ့၊ နဝရတ်ကိုးပါးစီခြယ်တဲ့ နန်းစဉ်ပတ္တမြားတို့၊ နဝရတ်လက်စွပ်တို့ဆိုတာ တခြားနိုင်ငံတွေကနေ ဆက်သမှုသာ မြန်မာဘုရင်တွေ ပိုင်ဆိုင်ခွင့်ရခဲ့ကြတာကလား ...။

အင်း ... မှတ်မှတ်ရရဆိုရင်တော့ ပတ္တမြားရယ်လို့ ထူးထူးခြားခြားနဲ့ ဦးဦးဖျားဖျားပေါ်ခဲ့တဲ့အချိန်ကာလဟာ သက္က



www.burmeseclassic.com

www.burmeseclassic.com



ရာဇ် (၉၇၉) ခုနှစ်လောက်ကမှ စတင်တွေ့ရှိခဲ့ရတာကွဲ့''

''ဟုတ်လိမ့်မယ်ထင်တယ် အဘလုံ၊ စော . . . ဖတ်ဖူးတဲ့ သမိုင်းမှတ်တမ်းတွေအရဆိုရင် မိုးကုတ်လို့ခေါ်တဲ့ ပတ္တမြားမြေဟာ တကောင်းရာဇဝင်နဲ့လည်း ဆက်နေတယ်လို့ သိရတယ်၊ တကောင်းနန်းတော်ကြီးရဲ့ သစ်တိုင်လုံးတွေ လိုအပ်တော့ . . . အကောင်းဆုံးသစ်လုံးတိုင်တွေဟာ မိုးကုတ်နယ်ထဲက ရခဲ့သတဲ့၊ ဒါပေမဲ့ စံကားပင်သစ်လုံးတိုင်ထဲမှာ နတ်နဂါးတစ်ကောင် ပါနေခဲ့လေတော့ မိုးကုတ်မြို့ရဲ့အစွဲမှာ ပွဲလာက,ခဲ့ရင် နတ်နဂါးတွေ ပါဝင်တဲ့ ဇာတ်ထုပ်တွေ မကပြရဘူးလို့လည်း ဖတ်ခဲ့ရတယ် အဘလုံ''

''ဟင်း . . ဟင်း . . ဟင်း . . သမီးက ဘယ်ဆိုးလို့လဲ၊ သမိုင်းအဓိကသမားပီပီ မိုးကုတ်နဲ့ပတ်သက်တဲ့ သမိုင်းတချို့ကိုတောင် သိနေပါလားကွဲ့၊ ဟင်း . . ဟင်း . . သမီးပြောတာ မှန်ပါတယ်၊ အေး . . . စောစောကစကားကို ပြန်ပြီးဆက်ရရင် ပတ္တမြားမြေဆိုတဲ့အတိုင်း စတင်ပြီးတွေ့ရှိခဲ့တာကလည်း တော်တော့်ကို ထူးဆန်းခဲ့တာပေါ့၊ တွေ့မယ့်တွေ့တော့လည်း နှစ်ပေါင်းများစွာ သန္တေတည်ကိန်းဝပ်နေတဲ့ ပတ္တမြားရတနာသိုက်ကြီးကို





ထူးဆန်းအံ့သြဖွယ်ရာအဖြစ်တွေနဲ့ ကြုံတွေ့ပြီးမှ တွေ့ခဲ့ကြရတာပေါ့လား''

ဤနေရာတွင် ဦးမှိုင်းလုံမှာ စကားကို ခေတ္တရပ်တန့်ကာ သူ့ဗေါ်ဝါးဆေးတံကြီးတွင် ဆေးတစ်ဆုံ ထပ်မံဖြည့်စွက်လိုက်ပြီး ကြေးမီးခြစ်ကြီးနှင့် မီးညှိအောင် စိတ်ရှည်လက်ရှည် ညှိနေပါ၏။ ထို့နောက် . . . တစ်ချက်,နှစ်ချက်မျှ ရှိုက်ဖွာလိုက်ပြီးမှ . . .

''အင်း . . . ကြာတော့ကြာခဲ့ပြီပေါ့လေ၊ တစ်ခါက တစ်ရံရောအခါကာလဆီကလို့များ ဆိုရမလားပေါ့ကွယ်''

ထို့နောက်မှာတော့ မုဆိုးကြီးဦးမှိုင်းလုံ၏ စိတ်ဝင်စားဖွယ်ကောင်းလှသည့် မြန်မာနိုင်ငံတွင် 'ပတ္တမြား' ဟူသော အဖိုးတန်ရတနာများ စတင်သန္တေတည်တွေ့ရှိခဲ့ရာ သမိုင်းရေစီးကြောင်းတွင် စောရန်နိုင်နှင့် သမိုင်းအဓိကကျောင်းသူ စောနုန်းဆယ်တို့ မောင်နှမနှစ်ဦး စိမ့်ဝင်စီးမျောသွားကြပါတော့သည်။

※ ※ ※

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

## ကိတ်…နဂါး…ကြွက် သုံးဖော်ယှက်သည်…

လွန်စွာအေးမြကာ တောတောင်လျှိုမြောင်စိမ့်စမ်းတို့နှ
အမြဲထာဝရ ဝိတ်ဆီးညို့မှောင်နေသည့် ယခု (မိုးကုတ်) ဟုခေ
တွင်မည့် ဒေသတစ်ဝိုက်တွင် ကျောက်သားလွင်ပြင်များ
ကျောက်လိုဏ်ဂူငယ်လေးများ၊ ကျောက်စွယ်ကျောက်ချွန်းများ
နှင့်သာ ပြည့်နှက်လျက်ရှိပါသည်။

ကြည့်လေရာ မြင်လေရာ ပကတိကျောက်သားလွင်ပြ





ာယ်ကြီးများသာ ကြီးစိုးမင်းမူနေသဖြင့်လည်း လယ်ယာစိုက်ပျိုး
ရာနယ်မြေ လွန်စွာရှားပါးရကား ရှေးခေတ်ကျောက်ခေတ်လူမျိုး
များ လှည့်လည်နေထိုင်ကျက်စားရာဒေသ ဖြစ်ခဲ့သည်။ ထိုမှ
တစ်ဆင့် ယဉ်ကျေးသောခေတ်ကာသို့ ရောက်ခဲ့သည့်တိုင် လူသူ
အရောက်အပေါက်မရှိသလောက် ခေါင်လွန်းလှသောဒေသတစ်ခု
လည်း ဖြစ်လျက်ရှိပါပေ၏။

တကောင်းရာဇဝင်အရ ပျော့ (Byaws) လူမျိုးများ
စတင်နေထိုင်အခြေချရာဒေသကြီးလည်း ဖြစ်ခဲ့ဖူးသည်။ ရှေး
အတီတေကာလကမူ ရှမ်းလူမျိုးများက ခေါင်ငေါက်တောနက်
ကြီးကို ခုတ်ထွင်ရှင်းလင်း၍ နေထိုင်ခဲ့ကြသည်။

ရှမ်းဘာသာစကားအရ မိန်းကွတ် (ကွေ့ကောက်သော
မြို့)၊ မိန်းကတ် (အေးချမ်းသောမြို့)၊ မိန်းကု (ခမောက်နှင့်တူ
သောမြို့)၊ ကံဝမ်ခံဆောက်မိန်း (မိုးစောစောချုပ်သည့်မြို့)
စသည်ဖြင့် အဓိပ္ပာယ်အမျိုးမျိုးနှင့် ဖွင့်ဆိုခဲ့ကြသော်လည်း
အချုပ်ဆိုရလျှင် ထိုအချက်အလက်များအားလုံးသည် (မိုးကုတ်)
မြို့နှင့် ထပ်တူ တူညီနေခြင်းပင်တည်း။

မိုးကုတ်ဒေသ၏မြောက်ဘက် ရွှေလီမြစ်ဝှမ်းဒေသ



www.burmeseclassic.com

www.burmeseclassic.com



ဘက်တွင်မူ မြေပြန့်လွင်ပြင်တို့ ပေါ်များသဖြင့် ရှမ်းလူမျိုးများ
စတင်၍ အခြေစိုက်နေထိုင်လာခဲ့ကြသည်။

ဤသို့ဖြင့် ရှမ်းတို့နှင့်အတူ ပလောင်များပါ ရောက်လာကြပြီး လယ်ယာလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုလာရာမှ တစ်စတစ်စနှင့် ရွာစဉ်ရွာငယ်လေးများ ပြန့်ကျဲထွက်လာကာ ရွာကြီးမြို့ကြီးများ ဖြစ်လာသည်အထိ ကျယ်ပြန့်လာခဲ့ကြသည်။

"ကိတ် ‥ နဂါး ‥ ကြွက် သုံးဖော်ယှက် ‥
ကျောက်မျက်ရတနာ ‥ ပေါ်ထွန်းလာ ‥
ဂန္ဓာလတိုင်း ‥ သမိုင်းပွင့်ဆန်း ‥
ပင်သဖန်း ‥ ဟု၊ မော်ကွန်းထိုးထုတ် ‥
မြို့မိုးကုတ် ‥"

ဟု ဆိုသည့်အတိုင်း 'မိုးကုတ်အစ သဖန်းပင်က' ဟူ၍လည်း ဆိုရိုးစကားတဘောင် ရှိခဲ့ပါ၏။ ကိတ်ဆိုသည်မှာ (၉)၊ နဂါးဆိုသည်မှာ (၇)၊ ကြွက်ဆိုသည်မှာ (၁)၊ ထိုကိန်းဂဏန်းသုံးခုကို ပြောင်းပြန်ပြန်လိုက်လျှင် မိုးကုတ်မြို့ကို စတင်တည်ခဲ့သည့် ခုနှစ်ဖြစ်သည့် သက္ကရာဇ် (၁၇၉) ခုနှစ်ကို တွေ့ရှိမှတ်သားခဲ့ရသည် ဖြစ်ပါ၏။





ထိုကဲ့သို့ မြန်မာသက္ကရာဇ် (၁၇၉) ခုနှစ်သို့ ရောက်လာခဲ့ချိန်မှာတော့ ကံကြမ္မာချိန်ခွင်ညွှာသည် မိုးကုတ်ဒေသကို တစ်မျိုးတစ်ဖုံ ထူးကဲစွာ ပြောင်းလဲလာစေခဲ့ပြီထင့်။

မိုးမိတ်စော်ဘွားကြီး သိုဟန်ဖတ်လက်ထက်သို့ ရောက်ရှိလာခဲ့ချိန်မှာတော့ တစ်ခေတ်တစ်ခါမှ မကြုံစဖူး ထူးကဲစွာဖြင့် 'ပတ္တမြားရတနာသိုက်ကြီး' တစ်ခုကို အမှတ်မထင် တွေ့ရှိခဲ့ရာမှ မိုးကုတ်၏သမိုင်းကြောင်းသည် အချိုးအကွေ့တစ်ခုသို့ သိသိသာသာ ပြောင်းလဲလာခဲ့ပါတော့သည်။

ထိုအဖြစ်အပျက်သည် အမှန်တော့ ပုံပြင်ဒဏ္ဍာရီဆန်လွန်းလှသည်။ မယုံကြည်နိုင်ဖွယ်ရာလည်း လွန်စွာမှ ကောင်းလှပါ၏။ သို့သော် တစ်ခါတစ်ရံ တကယ့်အဖြစ်အပျက်များသည် ပုံပြင်ဒဏ္ဍာရီများထက်ပင် လွန်စွာမှ စိတ်ဝင်စားဖွယ်ကောင်းသည်ဆိုခြင်းမှာ ဤထူးကဲလှသောဖြစ်ရပ်က ကမ္ဘာတည်သရွေ့ သက်သေခံနေပါလိမ့်မည်။

တကယ်တော့ အနေစုတ်စုတ်၊ ခပ်ကုပ်ကုပ် နုံချာလှသော လွန်စွာမှ ချောင်ကျလွန်းလှသည့် မထင်မရှားရှိလှသော



www.burmeseclassic.com

www.burmeseclassic.com



မိုးကုတ်ဟူသော သာမညဒေသလေးတစ်ခုသို့ မြန်မာသာမ[illegible] ကမ္ဘာကပင် မျက်စိဒေါက်ထောက်ကြည့်လာအောင် ဆွဲယူတင်[illegible] လိုက်သောသူကတော့ မုဆိုးကြီး ဦးစိုင်းနန္ဒဆိုသူပင်တည်း။

တောင်ဖလူပ်နီနီတို့ ပွင့်လန်းရာ အမြင့်ပေ (၅၅၅[illegible] ပေရှိ တောင်မင်းတောင်ကြီး၏ အနောက်ဘက်တောင်ခြေရှိ မြ[illegible] ရှိုင်းပင်ရှည်ကြီးများက ညနေခင်းလေပြည်တွင် ဟိုသည်ယိမ်း[illegible] လှုပ်ရှားနေကြပါ၏။

မကြာမီ နေဝင်ပေတော့မည်။

သည်အရပ်, သည်ဒေသက နေညိုပြီဆိုသည်နှ[illegible] အမှောင်ရိပ်တို့က စောစီးစွာ နေရာယူလေ့ရှိပါ၏။ ထို့ကြော[illegible] လည်း တချို့က 'ကမ်ဝမ်ခံဆောက်မိန်း' (မိုးစောစောချုပ်သည်[illegible] ဒေသ) ဟု ခေါ်ဆိုကြသည်မဟုတ်ပါလား။

အမှောင်က တစ်စထက်တစ်စ နေရာယူကြီးစိုးလာ[illegible] သည်။ သည်တစ်ည နားခိုရန်အတွက် နေရာကောင်းတစ်ခု[illegible] အမြန်ဆုံးရှာဖွေရန် လိုအပ်နေပြီ မဟုတ်ပါလား။

မကြာမီ ခပ်လှမ်းလှမ်းရှိ တောင်ကုန်းထိပ်မှ မြင့်မား[illegible] အကိုင်းအခက် သိပ်သည်းသော တောစိုးပင်ကြီးတစ်ပင်ကို ဦးစိုင်[illegible]





[illegible] တွေ့မြင်လိုက်ရသည်။ ပင်စည်ဖြောင့်တန်းပြီး လုံးပတ် [illegible]တန်ငယ်ကြီးသည့်အပြင် ပင်စည်မှ လူနှစ်ရပ်ခန့်အထိ ဖြောင့် [illegible]န်း၍ အကိုင်းအခက်မရှိ။ အထက်ပိုင်းတွင်လည်း လူတစ်ကိုယ် [illegible]ာ ခိုလှုံနိုင်သည့် ပင်ခွဆုံ၊ အကိုင်းအခက်များက အသင့်ရှိနေပါ[illegible]၏။

ဦးစိုင်းနန္ဒသည် ဘယ်လက်တွင်စွဲကိုင်ထားသည့် လက်စွဲ [illegible]တော်လုံရှည်ကြီးကို အသင့်ပြင်၍ ညာပခုံးတွင် ယီးလေးခိုပါလာ [illegible]သော ဒူးလေးကို အသာထိန်းလိုက်သည်။ ပြီးလျှင် နောက်ကျော [illegible]တွင် ကွယ်ထားသည့်မြားကျည်တောက်ဘူး၊ ခါးတွင် စစ်ခါးပတ် [illegible]င့်ပတ်ထားသည့် အသွားခြောက်လက်မရှိသည့် နှစ်ဖက်သွား [illegible]ားမြှောင်၊ သောက်ရေဘူးနှင့် လွယ်ပိုးထားသည့် လွယ်အိတ် [illegible]သည်တို့ကို ပြင်ဆင်လိုက်ပါ၏။

တစ်နေကုန် တောတိုးလာခဲ့၍ နုံးနေဟန်ရှိသော်လည်း [illegible]ပတစ်ရာခန့်မြင့်သည့် တောစိုးပင်ကြီးပေါ်သို့ မဖြစ်မနေ တက် [illegible]ရောက်ခိုနားရမည်မို့ တွဲရွဲကျနေသည့် လက်မောင်းလုံးခန့် ခုညင်း [illegible]ယ်ကြီးကို ဆွဲယူလိုက်သည်။

ထို့နောက် ခုညင်းနွယ်ကြီးကိုဆွဲခို၍ ဦးစိုင်းနန္ဒ သစ်ပင်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဆုံရှိရာသို့ တက်လာခဲ့သည်။ ခုံညင်းနွယ်ကြီးကား တောစိုးပင် ကြီးကို ရစ်ပတ်၍ တစ်ဖက်မှ မျောက်ငိုပင်ကြီးထိတိုင် ဆက်နွယ် သွယ်တန်းလျက်ရှိသည်။

မကြာမီ သတ်မှတ်ထားရာ သစ်ပင်ခွဆုံကြီးပေါ်သို့ ဦးစိုင်းနန္ဒ ရောက်ရှိလာခဲ့သည်။

ဦးစိုင်းနန္ဒ တစ်ညတာ ခိုနားမည့် သစ်ကိုင်းခွဆုံကြီး က လူတစ်ယောက် ခြေဆန့်လက်ဆန့် နေထိုင်၍ရသည်။ အမိုး ကလည်း ကောင်းသည်။ ပတ်ဝန်းကျင်ကိုလည်း အပေါ်မှစီးမိုး၍ ကြည့်မြင်နိုင်၏။

ဦးစိုင်းနန္ဒကျောမှိကာ သစ်ကိုင်းတွင် လက်စွဲတော်လှံ ရှည်ကြီးကို အသွားထောင်၍ ကျမသွားအောင် ကြိုးနှင့်တွဲချည် လိုက်သည်။ ထို့နောက် လွယ်အိတ်ကြီးထဲမှ ငါးတောင့်ထိုး လက် နှိပ်ဓာတ်မီးကို ထုတ်ယူကာ ဒူးလေးကြီးအနီးတွင် ချထားပါ၏။ သူ့အနီးတွင် မြားကျည်တောက်ဘူးက အသင့်။

ဆယ်နှစ်သားအရွယ် ကလေးဘဝကတည်းက အဘိုး ဖြစ်သူ ဦးစိုင်းလုံနှင့်အတူ ဤတောင်မင်းတောင်၊ တောင်နို တောင်နှင့် တောင်ညိုတောင်တစ်ဝိုက်တွင် လိုက်လံ၍ အမဲပစ်





ခဲ့သူ ဖြစ်၍ တောတောင်အကြောင်းကို ကောင်းကောင်း ...ဘာလည်နေကျဖြစ်သဖြင့် ဤတောဤတောင်တစ်ကြောဝယ် ...ပ်ကျသည်ကအစ သိရှိပြီးသားဖြစ်ပါ၏။

ယခုလည်း ပြောင်ကြီးတစ်ကောင်နောက်သို့လိုက်ရင်း ...ချိန်ကုန်သွားခဲ့သဖြင့် ယခုကဲ့သို့ ကြိုရာသစ်ပင်ကြီးများထက် ...ွင် တစ်ညတာ အိပ်စက်နားခိုရခြင်းဖြစ်သည်။

သတိမူသည်က ... ပိုသည်မရှိ။ တောထဲတောင်ထဲ ...ွင် ဘာတစ်ခုမှ စိတ်မချရ။ ကိုယ့်မျက်စိကိုပင် ကိုယ်ယုံကြည် ...သည်မဟုတ်။ အသင့်ပါလာသော ခေါပုတ်နှစ်ချပ်ကိုစား၍ ...သာက်ရေဘူးထဲမှရေကို အာဆွတ်ရုံမျှ သောက်လိုက်သည်။ ...ို့နောက် မျက်စိရှေ့မြင်ကွင်းတွင် ကွယ်နေကြသည့် သစ်ကိုင်း ...စ်ရွက်အချို့ကို ဓားမြှောင်နှင့်ကျိုတ်၍ လှီးဖြတ်လိုက်သည်။

မကြာမီ ရှေ့မြင်ကွင်းနှင့် ဘေးဘယ်ညာရှိ မြေပြင်မြင် ...ွင်းအား ရှင်းလင်းပြတ်သားစွာ မြင်တွေ့လိုက်ရပါ၏။ အားလုံး ...တ်တိုင်းကျ ကြိုတင်ပြင်ဆင်ထားလိုက်ပြီးမှ ခြေညောင်းလက် ...န့်ကာ မျက်စိမှိတ်၍ ဘုရားရှိခိုးအမျှပေးဝေလိုက်ပါသည်။

ခန္ဓာကိုယ်ရှိ အကြောအခြင်များနှင့် ပင်ပန်းထားခဲ့သမျှ ...တ်အာရုံတို့ကို ဦးစိုင်းနန္ဒ ဖြေလျှော့ချလိုက်ပြီး ပင်စည်နှို



www.burmeseclassic.com

www.burmeseclassic.com



ကျောမှီကပ်လိုက်ပါတော့သည်။

မိုးစုန်းစုန်းချုပ်သွားခဲ့ပါပြီ။

လမိုက်ညနှင့် ကြုံနေရသဖြင့် ဦးစိုင်းနန္ဒမှာ ကြယ်ရောင်ကိုသာ အဖော်ပြုနေရပါ၏။ ညဥ့်သည် တိတ်ဆိတ်ငြိမ်သက်မှု အလုံးစုံဖြင့် ဦးစိုင်းနန္ဒအား သွေးဆောင်ခြောက်လှန့်နေသည်သို့ ရှိဖန်ရှိခါ ဦးခေါင်းထက်သစ်ပင်ထိပ်ဖျားဆီမှ ငှက်ဆိုးတို့၏ တဂီးဂီးအော်မြည်သံ၊ တောင်နီတောင်ဘက်ဆီမှ ကျားတစ်သံ များနှင့် ညဖက်အစာရှာထွက်ကြသည့် သားရဲတို့၏တိုးဝှေ့သွား လာသံများကိုလည်း ကြားနေရသည်။

တော၏ပရိယာယ်၊ တော၏မာယာများကလည်း လွန်စွာမှ ကျယ်ပြောလှပါ၏။ ဦးစိုင်းနန္ဒ မုဆိုးသက်နုစဉ်က ကြုံတွေ့ခဲ့ရသော တောချောက်ခြင်း၊ တောမှောက်ခြင်းများကို ပြန်လည်၍ တွေးတောနေမိပါသည်။

ဟောချောက်သည်ဆိုသည်မှာ တောထဲတောင်ထဲသို့ ရောက်ရှိနေသည့် တစ်ဦးတစ်ယောက်၊ သို့မဟုတ် တစ်စုတစ်ဖွဲ့ ထံသို့ လေပြင်းမုန်တိုင်းများ တရကြမ်းတိုက်ခိုက်လိုက်သကဲ့သို့ တောင်ကြီးများ၊ သစ်ပင်ကြီးများ လဲပြိုကျလာသကဲ့သို့၊ ဒီလှိုင်း





ရေလှိုင်းများ တစ်ရှိန်ထိုးတက်လာသကဲ့သို့ တစ်တောလုံး၊ တစ်တောင်လုံး အုန်းအုန်းကျွက်ကျွက် အော်မြည်သံကြီးများက တော်လည်းသံကြီးကဲ့သို့ ထွက်ပေါ်လာခြင်း၊ မိမိတို့ထံသို့ လူစုလူဝေးများဖြင့် ဝိုင်းဝန်းပြေးဝင်တိုက်ခိုက်လာဘိသကဲ့သို့ အော်မြည်ဟစ်ကြွေးသံများကို ကြားလိုက်ရပြီး မိမိတို့အနီးသို့မရောက်မီ ဗြုန်းခနဲ တိတ်ဆိတ်ပျောက်ကွယ်သွားကြခြင်းမျိုး ဖြစ်ပါ၏။

လေပြင်းမုန်တိုင်း တိုက်ခတ်သကဲ့သို့ တဝေါဝေါ တဝုန်းဝုန်းနှင့် ဝြုန်းသံပေးကာ အော်မြည်တိုက်ခတ်လာပါသော်လည်း စင်စစ် သစ်ရွက်ကလေးတစ်ရွက်တလေမျှပင် မလှုပ်ပါပေ။

တောမှောက်သည်ဆိုခြင်းမှာလည်း မိမိတို့ မုဆိုးအဖွဲ့သားအချင်းချင်း အပြန်အလှန် အထင်အမြင်များကာ သားကောင်ထင်မှတ်၍ ပစ်ခတ်ခြင်း၊ ပစ်ခတ်ပြီးကာမှ သားကောင်မဟုတ်မှန်း သိရှိခဲ့ရပါသော်လည်း လက်လွန်သွားခဲ့ရခြင်းများက ဦးစိုင်းနန္ဒ၏ မုဆိုးသက်တမ်းတစ်လျှောက် ဖန်တစ်ရာတေအောင် တွေ့ဖူးကြုံဖူးထားခဲ့သဖြင့် ယခုကဲ့သို့ သတိကြီးစွာဖြင့် ထားရှိနေခြင်းပင် ဖြစ်သည်။

သတိဆိုတာ ပိုသည်မရှိ။ အချိန်ပြည့် မျက်စိဖွင့်၍



www.burmeseclassic.com

www.burmeseclassic.com




နားကိုစွင့်ထားရသည်။ တောကြီးတောင်ကြီးထဲတွင် အန္တရာယ်က လက်တစ်ကမ်းသာရှိပါ၏။

ယခုကဲ့သို့ အ,ကာလညအခါတွင်မူ ပို၍ပင်သတိထားရသည်။ မည်သူ့ကိုမျှ မယုံရ။ ယုတ်စွအဆုံး ကိုယ့်ကိုယ်ကိုယ်ပင်မယုံရဟူသော မှဆိုးဥပဒေသကြောင့် ဦးစိုင်းနန္ဒ စိတ်အစဉ်က ဖျတ်လတ်နိုးကြားနေပါ၏။

ဦးစိုင်းနန္ဒ သည်တစ်ခေါက်ခရီးစဉ်တွင် အဖော်မပါ။ အဖော်အားမကိုး။ တစ်ယောက်တည်းသမား။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်အပြည့်နှင့် ရှည်လျားတိတ်ဆိတ်လျက်ရှိသည့် လမိုက်ညခရီးရှည်ကြီးကို ကျော်ဖြတ်လျက်ရှိနေဆဲပါတည်း။

❋

☆



သဖင်နီ ...တဲ့။

နာမည်လေးလှပသလောက် လွန်စွာမှ ရှားပါးအဖိုးတန်လှသော သဖင်ပန်းတစ်မျိုးဖြစ်သည်။ အများသူငါ သိရှိထားသော ရိုးရိုးသာမန်သဖင်ပန်းမျိုး မဟုတ်။

သဖင်နီ ...ဆိုသည်က တော်ဝင်ပန်း။

သဖင်ပန်းဆိုသည်ကလည်း နက်ရှိုင်းလှသော ဖော



www.burmeseclassic.com

www.burmeseclassic.com



တောင်များနှင့် မြင့်မားလှသည့် သစ်ပင်ကြီးများ၏ထိပ်ဖျားတွင်သာ ရှားရှားပါးပါးပွင့်သည့် တော်ဝင်ပန်းအလှတစ်မျိုးဖြစ်သည် မဟုတ်ပါလား။

ဦးစိုင်းနန္ဒအဘိုးရှိစဉ်ကမူ သဇင်နီကဲ့သို့ ရှားပါး တန်ဖိုးရှိသည့် နှင်းဆီနက်ဆိုသည်ကိုတော့ ကြားဖူးပါ၏။ သို့သော် ထိုနှင်းဆီနက်ကို မည်သို့မျှ ရှာဖွေ၍မတွေ့နိုင်ပါ။ နောက်ဆုံးရရှိသည့် သတင်းများအရဆိုလျှင် ထိုနှင်းဆီနက်သည် ပဲခူးရိုးမတွင်မရှိ၊ လူသူအရောက်အပေါက်နည်းလှသော ရှေးဟောင်းမျိုးနွယ်စုတစ်စုထံတွင်သာ ရှိသည်။

ထိုမျိုးနွယ်စုကလည်း ထိုနှင်းဆီနက်ကို အမြတ်တနိုးထား၍ ကိုးကွယ်ထားကြသည်။ ပြင်ပကမ္ဘာသို့ပင် အရောက်မခံဟုလည်း ကြားသိခဲ့ရပါ၏။

ယခုလည်း လူတစ်စုက ဦးစိုင်းနန္ဒအား တန်ဖိုးကြီးရှားပါးသည့် သဇင်နီကို ရှာဖွေရန် ခိုင်းစေလာခဲ့ကြခြင်း ဖြစ်သည်။

ထိုလူစုသည် ဦးစိုင်းနန္ဒတို့ကဲ့သို့ သားသတ်မုဆိုးများမဟုတ်ကြ၊ ရုက္ခမုဆိုးဟု ခေါ်ကြသည်။ လူသူမနီးသည့် တော





တောင်လျှိုမြောင်ကြီးများထဲတွင် အလေ့ကျပေါက်ရောက်နေကြသည့် ရှားပါးဂမုန်းများ၊ သစ်ခွမျိုးစုံနှင့် သဇင်မျိုးစုံတို့ကို ရှာဖွေလျက်ရှိကြသည့် စိတ်ဝင်စားဖွယ်ကောင်းသော လူတစ်စုဖြစ်ကြသည်။

သူတို့ပြောပြမှပင် သဇင်နီဆိုသည်ကို ဦးစိုင်းနန္ဒ ကြားသိခဲ့ဖူးခြင်း ဖြစ်သည်။ သူ၏အဘိုးတစ်သက်၊ သူ့တစ်သက်သဇင်နီဆိုသည်ကို လုံးဝမကြားဖူးခဲ့ပါ။ ကယားသဇင်၊ ရခိုင်သဇင် စသည်များကိုသာ သိရှိခဲ့ပြီး သဇင်နီကိုမူ တစ်ကြိမ်တစ်ခါမျှ မကြားခဲ့ဖူးပါပေ။

ဤကဲ့သို့သော တောတောင်ကြီးများထဲတွင် အဖိုးတန်ရှားပါးသစ်ခွများ၊ သဇင်များနှင့်၊ ရှားပါးတရိစ္ဆာန်မျိုးဆက်များအများအပြား ရှိနေပါ၏။ သို့တိုင်အောင် ထိုရုက္ခမုဆိုးများ ရှာဖွေနေသည့် 'သဇင်နီ' ဆိုသော ရှားပါးသဇင်မျိုးနွယ်များကိုမူမည်သို့မျှ ရှာဖွေတွေ့ရှိခဲ့ခြင်း မရှိပါလေ။

နောက်ဆုံး ဦးစိုင်းနန္ဒကိုသာ အကယ်၍ သဇင်နီကိုတွေ့ရှိခဲ့ပါလျှင် အကြောင်းကြားပေးပါ၊ ထိုက်ထိုက်တန်တန်ကျေးဇူးဆပ်ပါမည်ဟုဆိုကာ လိပ်စာပေး၍ ပြန်သွားကြပါတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုအချိန်မှစ၍ မုဆိုးကြီးဦးစိုင်းနန္ဒမှာ အမဲပစ် တောလည်တွက်တိုင်း ခရီးသွားဟန်လွဲ သဇင်နီကို ရှာဖွေနေခဲ့သည်မဟုတ်ပါလား။

"ဒီလို ဦးစိုင်းရဲ့ ... သဇင်နီဆိုတာ သာမန်ကယားသဇင်တို့, ရခိုင်သဇင်တို့လို မဟုတ်ဘူး။ အင်မတန်မှရှားပါးပြီးအပွင့်တိုင်း အခက်တိုင်း ရဲရဲနီစွေးနေတဲ့ သဇင်မျိုးကိုမှ သဇင်နီလို့ခေါ်တာ၊ အင်း ... လူတစ်သိန်းမှာတစ်ယောက် တွေ့ရခဲတဲ့ရှားပါးသလောက် အဖိုးတန်စာရင်းဝင်တဲ့ သဇင်နီ၊ အဲဒီသဇင်နီကိုသာ တွေ့ခဲ့ရင် ဦးလေး သုံးလေးလလောက် တောလယ်အမဲပစ်စရာ မလိုတော့ဘူး၊ အိမ်မှာတင် လူးဆန်အရက်သောက်ပြီးဇိမ်နဲ့နေပ်ပေရော့"

ရက္ခမုဆိုးအဖွဲ့နှင့်ပါလာသည့် မောင်ကျော်ခေါင်၏စကားများက ဦးစိုင်းနန္ဒနားစည်အနီးတွင် ပဲ့တင်ထပ်မျှ ကြားယောင်နေမိပါသည်။

"အင်း ... တစ်ခုတော့ရှိတယ် ... သဇင်နီကို ရှာဖွေတွေ့ရှိဖို့ဆိုတာက သိပ်တော့မလွယ်ဘူး ဦးစိုင်းရေ၊ ဟို ...





ကောက်ရိုးပုံထဲက အပ်တစ်ချောင်းကိုသာ ရှာဖွေလို့ တွေ့ရင်တွေ့မယ်၊ သဇင်နီကို ရှာဖွေတွေ့ရှိဖို့ဆိုတာကတော့ မလွယ်ရေးချ မလွယ်ဘူး ဦးစိုင်းရဲ့၊ ကံ,ဉာဏ်,ဝီရိယစိုက်ထုတ်ပြီး ရှာရင်တောင်မှ ဆယ်ရေးတစ်ရေး, ကိုးရေးတစ်ရာဆိုသလိုပဲ ...မျှော်လင့်ချက်က ရေးရေးပျပျပဲရှိမယ်"

"ဟုတ်ပါ့မလား မောင်ကျော်ခေါင်၊ ဒီတော,ဒီတောင်တွေဟာ ကျုပ် ဆယ်နှစ်သားဘဝကတည်းက ခြေရာထပ်အောင်လှည့်ပတ်သွားလာခဲ့ပြီးသား၊ အို .. ကုန်ကုန်ပြောရရင် မျက်စိမှိတ်ပြီးသွားရင်တောင် ဘယ်နေရာ ဘာဆိုတာ အလွတ်ပြောလို့ရတယ်၊ တကယ်လို့များ ကျုပ် သဇင်နီကို ရှာလို့ရခဲ့မယ်ဆိုရင်ကော ..."

သည်တစ်ကြိမ်တော့ မောင်ကျော်ခေါင်က ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပါ၏။ သူ၏ ရယ်မောပြက်ရယ်ပြုသံကြောင့် ဦးစိုင်းနန္ဒစိတ်ထဲဝယ် ကွက်ခနဲပင်ဖြစ်သွားသည်။

"ဟား .. ဟား .. ဟား .. ဟား .. မလုပ်နဲ့ ဦးစိုင်းရေ၊ အဲဒီ သဇင်နီနဲ့ပတ်သက်ပြီး ကျွန်တော်ကိုယ်တိုင်လည်းဦးစိုင်းလိုပဲ စိန်ခေါ်ခဲ့တာပေါ့၊ ဒါပေမဲ့ ... တကယ်တမ်း သဇင်နီ



www.burmeseclassic.com

www.burmeseclassic.com



ကိုတွေ့တော့ ဘယ်လိုမှ ခူးလို့မရလို့ အရှုံးပေးလိုက်ရဖူးတယ်လေ''

သဇင်နီအကြောင်းကို ထိုသို့အစချီကာ မောင်ကျော်ခေါင်က မုဆိုးကြီးဦးစိုင်းနန္ဒအား အောက်ပါစကားများဖြင့် ရှင်းလင်းပြောကြားသွားခဲ့ပါသည်။

''ကျွန်တော့်ဘကြီး စောဖိုးဝါးနဲ့အတူ ပဲခူးရိုးမတောနက်ကြီးထဲကို ဆင်အဖွဲ့တစ်ဖွဲ့နဲ့အတူ ဝင်ရောက်ခဲ့တုန်းက သဇင်နီဆိုတာကို ပထမဦးဆုံး မြင်တွေ့ခဲ့ရဖူးတယ်၊ အတော်လေးမြင့်မားတဲ့ သစ်ပင်တစ်ပင်ရဲ့ထိပ်ဖျားမှာ ရဲရဲနီနေတဲ့ သဇင်ပန်းခက်ကို ကျွန်တော့်ဘကြီးက ကျွန်တော့်ကို တက်ပြီး ယူခိုင်းတယ် ...။

ကျွန်တော်ကလည်း နဂိုကတည်းက တောထဲတောင်ထဲမှာ ကြီးပြင်းလာပြီး မျောက်ရှုံးအောင်ဆော့တတ်တဲ့သူတစ်ယောက်ဆိုတော့ ဒီကြီးကိုစိန်ခေါ်လိုက်ပြီး သစ်ပင်ထိပ်ဖျားက သဇင်နီကို တက်ပြီးယူဖို့ ကြိုးစားတော့တာပေါ့ ...။

အင်း ...တိုတိုပြောရရင် မျောက်တစ်ကောင်ရှုံးအောင် သစ်ပင်တက်ကျွမ်းကျင်လှတဲ့ ကျွန်တော်ဟာ သစ်ပင်ထိပ်ဖျားက သဇင်နီကို ဘယ်လိုမှ ယူလို့မရခဲ့ဘူး၊ သဇင်နီကို ကျွန်တော်





က နှုတ်ယူဖို့ကြိုးစားလိုက်၊ သဇင်နီကလည်း ဖျတ်ခနဲ လူတစ်ယောက် နေရာပြောင်းရွှေ့လိုက်သလို အနားမှာရှိတဲ့ တခြားသစ်ပင်တစ်ပင်ဆီကို လွှားခနဲ, ဝှေ့ခနဲ ခုန်ကူးပြောင်းရွှေ့သွားတယ်လေ၊ ကျွန်တော်က အဲဒီ ခုန်ကူးသွားတဲ့ သစ်ပင်ပေါ်ကို တက်ပြီးလိုက်ရင် သဇင်နီက တခြားသစ်ပငတစ်ပင်ဆီကို ထပ်ပြီး ခုန်ကူးသွားပြန်ပါရောလား ...။

ဒီလိုနဲ့ ကျွန်တော်က လိုက်၊ သဇင်နီပင်က ခုန်ပြေးလိုက်နဲ့ ချာချာလည်နေရာက နောက်ဆုံး ကျွန်တော် အမောဆို့ပြီး စိန်ခေါ်တာကို အရှုံးပေးလိုက်ရတော့တယ် ဦးစိုင်းရေ .. ဟင်း .. ဟင်း .. ဟင်း''

''ဘာ ...ဘာဖြစ်လို့ သဇင်နီက သစ်ပင်တွေဆီကို ခုန်ပျံပြီး ပြောင်းပြေးနေတာလဲ၊ ဒါ ...ဒါဆို သဇင်နီဆိုတာ သက်ရှိသတ္တဝါလား ... ဘာကောင်လဲ''

ဦးစိုင်းနန္ဒက အံ့ဩဆိတ်လန့်စွာဖြင့် မောင်ကျော်ခေါင်အား အလောသုံးဆယ် မေးမြန်းလိုက်ပါ၏။

''ဘယ်လို သက်ရှိသတ္တဝါမှ မဟုတ်ဘူး ဦးစိုင်းရေ၊ သဇင်နီရဲ့သဘာဝကိုက သက်ရှိလူသားတစ်ဦးလို ခုန်ပျံရွှေ့



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းနိုင်တဲ့ သတ္တိထူးတွေ ရှိနေတယ်လေ၊ အဲ . . . နောက်ဆုံး
မှ သဖင်နီကို အလွယ်တကူဖမ်းမိနိုင်တဲ့ လျှို့ဝှက်ချက်ကို ဘကြီး
စောဖိုးဝါးက ရယ်ရယ်မောမောနဲ့ ပြောပြတယ်လေ . . .။

သဖင်နီရှိနေတဲ့သစ်ပင်ရဲ့ ဘေးပတ်ဝန်းကျင်မှာရှိတဲ့
သစ်ပင်တွေ၊ ဥပမာ . . . သဖင်နီဖုတ် ခုန်နိုင်စွမ်းရှိသလောက်
ဝန်းကျင်မှာရှိနေတဲ့ သစ်ပင်တွေကို အရင်ဦးဆုံး ခုတ်လှဲပစ်ရ
တယ်၊ နောက်ဆုံး သဖင်နီ ခုန်ပြီးကူးပြောင်းနိုင်စရာ သစ်ပင်မရှိ
တော့မှ အသက်ဝိညာဉ် ချုပ်ငြိမ်းသွားသလို မလှုပ်ရှားနိုင်တော့တဲ့
သဖင်နီကို အလွယ်တကူခွာပြီး ဖမ်းယူနိုင်တော့တယ် ဦးစိုင်းရေ
. . ဟင်း . . ဟင်း၊ အဲဒီလို သဖင်နီမျိုးကိုသာ ဦးစိုင်းတွေ့လိုက
တော့ တောထဲ,တောင်ထဲမှာ အသက်နဲ့ရင်းပြီး တောလယ်အခဲ
ပစ်စရာ မလိုတော့အူးဗျ . . ဟင်း . . ဟင်း . . ဟင်း''

ဤကဲ့သို့ ထူးခြားဆန်းကျယ်လှသည့် ဂမ္ဘီရနှင့် ဆက်
နွယ်နေသည့် ရက္ခပန်းမျိုးနွယ်များနှင့် ထူးခြားနက်နဲလှသည့်
တော၏ပရိယာယ်၊ တော၏မာယာများက စာနင့်ရေး၊ ပါးစပ်ဖြင့်
ဖော်ပြ၍ မည်သူမျှ ယုံကြည်နိုင်ဖွယ်မရှိကြ။

ဦးစိုင်းနန္ဒကဲ့သို့သော ရှေးမှီနောက်မှီ တောပျော်မုဆိုး





ကြီးများပင် တွေ့ဖူးကြုံဖူးခြင်းမရှိသော ထူးဆန်းရှားပါး
သလောက် လွန်စွာအဖိုးတန်လှသည့် 'သဖင်နီ' ခေါ် ရက္ခပန်း
မျိုးနွယ်များက မြန်မာနိုင်ငံ၏ လူသူအရောက်အပေါက်နည်း
လှသော တောတောင်ကြီးများထဲတွင် အမှန်တကယ် ဖြစ်တည်
ပေါက်ရောက်လျက် ရှိပါလေ၏။

ထို့အပြင် သဖင်နီကဲ့သို့ ထူးခြားရှားပါးလှသော နှင်းဆီ
နက်သည်လည်း ထူးဆန်းသောဂမ္ဘီရမျိုးနွယ်စု ရက္ခပန်းမျိုးများ
ဖြစ်သည်။ ကမ္ဘာပေါ်တွင်ရှိသည့် နှင်းဆီပန်းအမျိုးမျိုးကို မည်ကဲ့
သို့ မျိုးစပ်စပ် . . . ကတ္တီပါအနက်ကဲ့သို့ မွတ်စင်အိညက်သော
အသွေးအရောင်ထွက်သည့် နှင်းဆီနက်ကိုမူ မည်သို့မျှ မျိုးဆက်၊
မျိုးစပ်၊ မျိုးပွား၍ မရပါလေ။

ရက္ခမုဆိုးများ လေ့လာတွေ့ရှိချက်များအရဆိုလျှင်
ထူးခြားရှားပါးသလောက် တန်ဖိုးကြီးလှသော နှင်းဆီနက်သည်
မြန်မာနိုင်ငံ ပဲခူးရိုးမ၏ လူသူအရောက်အပေါက်နည်းလှသော
ရှေးဟောင်းမျိုးနွယ်စုတစ်စုတွင် ရှိသည်ဟု သိရှိရသည်။

သို့သော် ယင်းမျိုးနွယ်စုလူသားများက နှင်းဆီနက်ကို
တန်ဖိုးထား၍ အမြတ်တနိုး ကိုးကွယ်ကြပြီး ပြင်ပကမ္ဘာသို့



www.burmeseclassic.com

www.burmeseclassic.com



အရောက်မခံဟုလည်း အခိုင်အမာသိရှိခဲ့ရပြန်ပါ၏။

တောင်တစ်လုံးကျော်အကွာအဝေးမှ တဖြည်းဖြည်းနီး ကပ်လာသော ကျားတစ်သံကြောင့် ဦးစိုင်းနန္ဒတစ်ယောက် သဇင်နီနှင့် နှင်းဆီနက်ဝက်ပါသံသရာမှ နိုးထလာခဲ့သည်။

သတိဝင်လာသည်နှင့် သစ်ပင်ကို ကျောမှီကပ်နေရာမှ ဆတ်ခနဲ ခါးကိုမတ်လိုက်ပါ၏။ တစ်ဆက်တည်းမှာပင် ရှေ့ဆီမှ အမှောင်ထုကြီးထဲသို့ အာရုံစူးစိုက်၍ကြည့်လိုက်သည်။

ညနေကတည်းက ကြိတ်ဖြတ်လိုးရှင်းထားသဖြင့် မြင် ကွင်းက ရှင်းနေသည်။

မြင်ကွင်း၏အရှေ့ထောင့်ဆီမှ ချုံတိုးသံသဲ့သဲ့ကို ကြား လိုက်ရသဖြင့် မျက်စိကိုဖွင့်၊ နားကိုစွင့်ထားမိပါ၏။ တောကြီး တောင်ကြီးထဲတွင် အကာလည့်အခါ ဘာကိုမှမယုံရ။ ကိုယ့် ကိုယ်ကိုယ်ပင် မယုံရဟူသော ဥပဒေသကြောင့် စိတ်အစဉ်က နိုးကြားနေသည်မဟုတ်ပါလား။

ထိုစဉ်မှာပင် ဦးစိုင်းနန္ဒခိုအောင်းနေရာ တောစိုးပင်ကြီး၏ အရှေ့မြောက်ဘက်ရှိ တောင်ကြောထက်တွင် ရဲခနဲ လင်းလက် သွားသော အလင်းတန်းတစ်ခုကို ရုတ်တရက် တွေ့မြင်လိုက်ရ





သည်။

"အလို . . . ဟိုးဘက်တောင်ကြောက မီးရောင်လိုလို ဘာလိုလိုနဲ့ လင်းလက်သွားပါလား"

ဦးစိုင်းနန္ဒ တအံ့တသြဖြင့် ငေးမောကြည့်နေစဉ်မှာပင် တောင်ကြောထက်ရှိ ညဥ့်ကောင်းကင်ထက်တွင်ပါ ပတ္တမြားသွေး အနီရောင်အလင်းတန်းကြီးက ကျယ်ပြန့်စွာ ထွန်းလင်းတောက်ပ လျက်ရှိသည်ကို ထူးဆန်းစွာ တွေ့မြင်လိုက်ရပါလေ၏။

"အင်း . . . တောမီးလောင်တဲ့ပုံလည်း မဟုတ်ဘူး၊ အ ရောင်တစ်ခုခုက ကောင်းကင်ကို အလင်းပြန်ဟပ်တဲ့သဘောပဲ၊ ထူးတော့ထူးခြားမှုတစ်ခုပဲ"

ထူးဆန်းသောအလင်းရောင်သည် တစ်နာရီကျော်ခန့် ကောင်းကင်တစ်ပြင်လုံးကို ရဲရဲနီမြန်းစေပြီးမှ လရောင်ကွယ်သည် နှင့် အလင်းရောင်ပြန်သည်လည်း ထူးဆန်းစွာ ပျောက်ကွယ်သွား ခဲ့ပါချေပြီတည်း။

မကြာမီ အရှေ့ဘက်ဆီမှ ပျို့အန်လာသော ရောင်နီဦး နှင့်အတူ နေ့သစ်တစ်ခု၏ အရုဏ်ဦးသည် လူးလွန့်နိုးထစ ပြု လာခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



မိုးလင်းခါနီးမှ ခဏမျှမှေးလိုက်ရသော ဦးစိုင်းနန္ဒတစ်ယောက်လည်း နိုးလာပါ၏။ နံနက်ခင်းနေခြည်နွေးနွေးသည် တစ်တောလုံး, တစ်တောင်လုံးကို အလင်းဓာတ်ကြဲဖြန့်လိုက်သည်။ ခရီးဆက်ရဦးမည်မို့ ဦးစိုင်းနန္ဒ တောစိုးပင်ကြီးထက်မှ ဆင်းလာခဲ့သည်။

တောင်မင်းတောင်ကြီးသည် ဦးစိုင်းနန္ဒအား တိတ်ဆိတ်စွာ ဆီးကြိုလျက် . . .။

❊ ❊ ❊



## အခန်း (၄)

### ရှမ်းမှုဆိုးကြီး ဦးစိုင်းနန္ဒမှ စတင်သန္ဓေတည်ခဲ့သော . . .

နက်ရှိုင်းညို့မှောင်သော တောနှင့် ပိတ်ဆို့ကာဆီးထားသည့် တောင်။

ထိုမှတစ်ဆင့် တောင်ဖလပ်နီတို့ပွင့်လန်းရာ တောင်မင်းတောင်၏ အနောက်ဘက်တောင်ခြေရှိ ကျယ်ပြောရှည်လျားသည့် မြက်ရိုင်းပင်ရှည်ကြီးများက လေရူးဆော့ကစားရာအောက်တွင် ဟိုသည် ယိမ်းနွဲ့လူးလိပ်ရှားနေပါလေ၏။

☆ ခု နစ် စဉ် ကြယ် စာ ပေ ☆

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ခွေးဟောင်သံသဲ့သဲ့နှင့်အတူ လူတစ်စုက တောင်မင်းတောင်ခြေသို့ တိုးဝှေ့ပြေးဆင်းလာနေကြသည်။ မကြာမီ လုံ့ရှည်ကိုင်မုဆိုးကြီးသုံးယောက်နှင့် ခွေးကြီးသုံးကောင်တို့က မြက်ရိုင်းပင်ရှည်ကြီးများကို ဖြတ်ကျော်လျက် ဂုံမင်းမြောင်လျှိုကြီးဆီသို့ ဦးတည်သွားလာနေကြသည်။

စင်စစ်မူ မုဆိုးကြီးဦးစိုင်းနန္ဒဦးဆောင်သော မုဆိုးကျော်သုံးယောက်တို့သည် ခွေးသုံးကောင်ခြံရံလျက် ပြောင်ဟူသော အကြီးစားတောကျွဲကြီးများ ကျက်စားရာ (ယခု ပြောင်ခေါင်း) ကျေးရွာအုပ်စု သို့မဟုတ် ဂုံမင်းမြောင်လျှိုကြီးဘက်သို့ ပြောင်ထိုးရန် ချီတက်နေကြခြင်း ဖြစ်ပါ၏။

ဂုံမင်းမြောင်သည် မြက်ရိုင်းများနှင့် မြက်နုတောများ ပေါက်ရောက်ရာဒေသဖြစ်သဖြင့် ပြောင်နှင့်စိုင်များ အများဆုံး ကျက်စားရာ နေရာတစ်ခုလည်း ဖြစ်သည်။

နောက်ပိုင်း လူတို့ လာရောက်အခြေချသောအခါ ပြောင်ခေါင်းရိုးများ နေရာအနှံ့ တွေ့ရှိခဲ့သဖြင့် နောင်အခါတွင် ပြောင်ခေါင်းကြီး၊ ပြောင်ခေါင်းလေးဟု အမည်တွင်လာမည့် ဒေသတစ်ခု ဖြစ်ခဲ့သည်။





မကြာခင် မြက်ရိုင်းတောကြီးနှင့် ကိုင်းတောကြီးအတွင်းရှိ ပြောင်ကြီးများအား လူအများ ခြောက်လှန့်တောထုတ်သံ၊ ခွေးဟောင်သံများနှင့် ဆူညံစွာ မောင်းနှင့်ခြောက်လှန့်ထုတ်သံများ ထွက်ပေါ်လာခဲ့ပါ၏။

ထိုတဝုန်းဝုန်း တဝေါဝေါနှင့် ခြောက်လှန့်မောင်းနှင်သံများနှင့် မရှေးမနှောင်းမှာပင် မည်းညစ်ညစ် အရောင်အဆင်းရှိ ပြောင်ထီးကြီးတစ်ကောင် မြက်ရိုင်းတောကြီးအတွင်းမှ ကမူးကရှူး ပြေးထွက်လာသည်။

'ဝူး ..ဂရူး ..ဂရူး'

'ဝုတ် ..ဝုတ် ..ဝုတ် ..ဝုတ်'

"ဟေး ...ဟိုင်း ...ဟေး"

"ဟေး ...ဟို ...ဟိုမှာ ပြောင်ထီးကြီးတစ်ကောင် ပြေးထွက်လာပြီဟေ့"

"ဟေး ... လျှိုထိပ်ဝဆီကို ပြေး ...ပြေးပြီ ... မလွတ်စေနဲ့ဟေ့ ...လိုက် ...လိုက်ကြ"

မုဆိုးကြီးဦးစိုင်းနန္ဒ၏ မျက်လုံးထောင့်စွန်းတွင် ရိပ်ခနဲမြင်လိုက်ရသည့် ပြောင်ထီးကြီးနောက်သို့ သူတို့အားလုံး မျက်



www.burmeseclassic.com

www.burmeseclassic.com



ခြည်မပြတ် ပြေး၍လိုက်လာခဲ့ကြသည်။

ထို့အတူပင် မုဆိုးကြီးဦးစိုင်းနန္ဒ၏ လက်စွဲတော်ခွေးကြီး သုံးကောင်တို့ကလည်း တဝေါင်းဝေါင်းနှင့် အော်မြည်ဟိန်း ဟောက်ကာ ပြောင်ကြီးနောက်မှ သဲသဲမဲမဲ လိုက်ပါကြပါချေ ပြီကော။

'ဝေါင်း ..ဝေါင်း ..ဝေါင်း'

"ဟေး ...ဟေး ...ဟေး ...ဟေး"

ပြေးသူတစ်ကောင်နှင့် လိုက်သူတစ်သိုက်တို့၏ ဆူညံစွာ အော်ဟစ်ခြောက်လှန့်သံ၊ ခွေးဟောင်သံ၊ တဝုန်းဝုန်းဖြင့် တော တိုးသံကြီးများက တောင်မင်းတောင်ခြေတစ်ဝိုက်တွင် ဆူညံစွာ ပဲ့တင်ညံလျက်ရှိပါချေ၏။

ရှေ့မှ ဦးဆောင်ပြေးလွှားနေသည့် ပြောင်ထီးကြီးက တစ်ကုန်းဝင် တစ်တောင်တက်၊ တစ်ချိုင့်ကျော် တစ်တောင်ဆင်း နှင့် မနားတမ်းပြေးလွှားနေသကဲ့သို့ မုဆိုးတစ်သိုက်နှင့် ခွေးကြီး သုံးကောင်တို့ကလည်း ဖွဲမလျှော့စတမ်း ထက်ကြပ်မကွာပြေး လွှားရင်း လိုက်လာခဲ့ကြသည်မှာ နေညိုချိန်သို့ပင် တိုင်ခဲ့ပါချေပြီ ကော။





"ဟူး ...ဘယ်လိုလဲ စိုင်းနန္ဒရေ ...ခါတိုင်း ပြောင် တွေ့ဆိုရင် ရေစိမ်ရင်စိမ်၊ ခွာတွေ ကျွတ်ချင်ကျွတ် ဖြစ်နေလောက် ပြီ ဒီပြောင်ကြီးကတော့ တော်တော်သက်လုံကောင်းပုံရတယ်၊ ပြေးလွှားနေတုန်းပဲဟေ့"

အတူပါလာသည့် မုဆိုးစိုင်းထီက ချွေးစေးများဖြင့် ရွှဲ စိုနေသည့် လုံတံကြီးကို ဘယ်လက်နှင့်ပြောင်း၍ကိုင်လိုက်ရင်း ပြောင်ထီးကြီးအကြောင်းကို အံ့သြတကြီး ပြောဆိုနေပါ၏။

"ဟုတ်တယ် စိုင်းထီ၊ ငါလည်း ဒါကိုပဲတွေးနေတာကွဲ့၊ ဒီလောက် ဖွံ့ဖြိုးတဲ့ပြောင်ကြီးမျိုး ငါ့တစ်သက်မှာ တစ်ခါမှ မတွေ့ဖူးသေးဘူး။ ဒါပေမဲ့ ငါတို့လည်း ဖွဲမလျှော့နဲ့ဟေ့၊ ဆက်ပြီး လိုက်ကြမယ်၊ ဟင်း ..ဟင်း ..ဒင်း ဘယ်လောက်ထိ ပြေး နိုင်မလဲဆိုတာ ကြည့်ကြသေးတာပေါ့"

ဦးစိုင်းနန္ဒကလည်း မျက်စိသို့ စီးကျလာလု ချွေးသီး ချွေးပေါက်များကို ဘယ်လက်ခုံဖြင့် ခပ်ကြမ်းကြမ်းသုတ်ဖယ် လိုက်ရင်း သူ၏မုဆိုးဖော်များကို အားပေးလိုက်သည်။

ဟုတ်တော့လည်း ဟုတ်သည်။

ထုံးစံအရဆိုလျှင် ဤအချိန်အတိုင်းအတာအရ ပြော



www.burmeseclassic.com

www.burmeseclassic.com



လွှားနှုန်းဖြင့်ဆိုပါက ပြောင်ကြီးများမှာ မောပန်းလွန်းလှသည် တွေ့ရချောင်းစပ်တွင် ပြေးဝင်ကာ ရေစိမ်ရင်း ဝပ်နေလော ပေပြီ။ သို့တည်းမဟုတ် ပြေးရင်းလွှားရင်းနှင့်ပင် ခွာများ ကျွ ထွက်ကာ မပြေးနိုင်တော့ဘဲ တောလိုက်ခွေးကြီးများနှင့် ဝိုင်းဝ ကိုက်ဆွဲခြင်း၊ မုဆိုးများ၏ လှံချက်ထိခြင်းများဖြင့် လွယ်ကူစွာ သေဆုံးခဲ့ကြရသည် မဟုတ်ပါလား။

ယခုမူ . . . ထိုသို့မဟုတ်။

ပြောင်ထီးကြီးမှာ ချောင်းစပ်တွင် ရေစိမ်ခြင်းလည်းမ ခွာလည်း ကျွတ်ထွက်ခဲ့ဟန်မရှိဘဲ တောတောင်အထပ်ထပ် သာ လျင်မြန်သောအဟုန်နှင့် ပြေးလွှားလျက်ရှိသည်ကို အံ့ဩ ထိတ်လန့်စွာ တွေ့မြင်နေရပါ၏။

ထို့ကြောင့်လည်း ခြေကုန်လက်ပန်းကျလုနီးပါးရှိ ကြပြီဖြစ်သော မုဆိုးကြီးများနှင့် တောလိုက်ခွေးကြီးများ တအီအီဖြင့် စိတ်ဓာတ်ကျဆင်းစ ပြုနေပါချေပြီကော။

နေ့ခင်း နှစ်နာရီကျော်ကျော်ခန့်ကတည်းက ဤပြော ထီးကြီးနောက်သို့ လိုက်ခဲ့ကြသည်မှာ ယခုဆိုလျှင် နေလုံး ပျောက်ကွယ်လုလု ရှိနေပါပြီ။

★ ခု နှစ် စဉ် ကြယ် တာ ဖပ ★



ပရိယာယ်မာယာကြွယ်ဝလှသော ထူးဆန်းလှသည့် ပြောင်ထီးကြီးကမူ ရှေ့မှပြေးလွှားနေသည်ကို တွေ့မြင်နေရပါ သ်က် ဖမ်းဆီးနိုင်ခြင်းမရှိသေးသည်က လွန်စွာမှ အံ့ဩဖွယ်ရာ ဖြစ်နေပါချေ၏။

ဦးစိုင်းနန္ဒနှင့် မုဆိုးကျော်ကြီးများလည်း ပြောင်ကြီးအား လုမိခင်ဖြစ်လိုက်၊ ကျန်ရစ်ခဲ့လိုက်ဖြင့် ကြိတ်မနိုင်ခဲမရ ဖွဲ ကောင်းကောင်းနှင့် လိုက်နေခဲ့ကြသည်မှာ တောတောင်လျှို မြောင် အဆင့်ဆင့်ကိုပင် ဖြတ်ကျော်လာခဲ့ကြပြီဖြစ်သည်။

သစ်ကြီးဝါးပင်များ ပင်ချင်းထပ်၊ ကိုင်းချင်းယှက်လျက် တစ်ပင်ကိုတစ်ပင်နွယ်ယှက်လိမ်ကာ လျှိုမြောင်အထပ်ထပ်၊ ပ်းရုံပင်ကြီးများ ကျပ်ညှပ်ပြည့်သိပ်နေပြီး လွင်ပြင်ဟူ၍ လုံးဝမရှိ တော့သည့် တောကြီးတောင်ကြီးထဲသို့ ဦးစိုင်းနန္ဒတို့ မုဆိုးအဖွဲ့ ယ်ကျုံကာ ရောက်ရှိလာခဲ့ကြပါတော့သည်။

ဟုတ်ပါသည်။ မိမိတို့တစ်သက်နှင့်တစ်ကိုယ် တစ်ကြိမ် ခါမှ ရောက်ခဲ့ဖူးခြင်းမရှိသော နယ်မြေစိမ်းစိမ်း၊ တောစိမ်းစိမ်း ်း သိရှိလိုက်ရချိန်မှာတော့ ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထု ာ သိပ်သည်းနက်ရှိုင်းစွာ ဝါးမျိုသွားခဲ့ပါချေပြီတည်း။

★ ခု နှစ် စဉ် ကြယ် တာ ပေ ★

www.burmeseclassic.com

www.burmeseclassic.com



"ဟော . . . အဲဒါမှ ဒုက္ခပဲဟေ့၊ ငါတို့ ဒီတော
တစ်ခါမှမရောက်ဖူးဘူးကွ၊ ဒီပြောင်ကြီးကတော့ ငါတို့ကို ကော
ကောင်းဒုက္ခပေးပြီထင်တယ်၊ တောများမှောက်သလား မသိ
ဒီလိုမျိုး တစ်ခါမှမကြုံဖူးဘူး အိုက်စံရေ"

"အေးကွယ့် . . . မှောင်လည်းမှောင် မနေပြီဆိုတော့ ငါ
တွေ ခိုနားဖို့စိတ်ချရတဲ့နေရာ အမြန်ဆုံးရှာမှဖြစ်မယ် စိုင်းနန္ဒ
ပြီးရင် မီးပုံတစ်ပုံ အမြန်ဆုံးဖိုကြပြီး ဒီညအဖို့ တစ်ယောက်
မအိပ်ကြစေနဲ့ဟေ့၊ တောကြီးရဲ့အခြေအနေကို ငါသိပ်မကြို
ဘူး"

ဦးစိုင်းနန္ဒနှင့် အိုက်စံတို့၏စကားကို အားလုံးက သဘော
တူလက်ခံလိုက်ကြသည်။ လက်မခံလို့ကလည်း မဖြစ်တော့
လူလည်း ပင်ပန်းမောဟိုက်နေသည့်အပြင် အလင်းရောင်လည်
မရှိတော့ပြီမို့ တောတစ်ခွင်လုံး အမှောင်ထုက လျင်မြန်စွာကြ
စိုးမင်းမှုလာခဲ့ပြီ မဟုတ်ပါလား။

အကြမ်းပတမ်းခံလှပါသည်ဆိုသော သူတို့၏ အမဲလိုက်
ခွေးကြီးများပင် တဟဲဟဲနှင့် လျှာကြီးများထွက်ကာ သွားရည်
တမြားမြားထွက်လျက် နောက်ကြောင်းသို့ပြန်လှည့်ကာ ပြေးလာ





ကြပြီး သခင့်အပါးတွင် လှဲအိပ်ချလျက် နေကြပါချေပြီကော။

ထူးခြားသည်မှာ တောသည် ထူးထူးခြားခြားပင် တိတ်
ဆိတ်ငြိမ်သက်လျက်ရှိနေခြင်းပင်တည်း။ ထိုအရာကို ဦးစိုင်းနန္ဒ
ကြုံကြိုက်။

ဟုတ်သည်။ အမှောင်ကြီးစိုး မင်းမူစ တော၏ညဦးယံ
သည် သားကောင်ငယ်လေးများ၏ ချိုးတိုးသံ၊ ပုစဉ်းရင်ကွဲတို့၏
အော်မြည်သံ၊ အဝေးတောင်တန်းများဘက်ဆီမှ ချေဟောက်သံ၊
များတစ်သံတို့ကို ကြားနေရမည့်အစား လေတိုက်သံ၊ လေတိုး
သံ၊ ယုတ်စွအဆုံး သစ်ရွက်လှုပ်ခတ်သံလေးများကိုပင် မကြားရ
ဘဲ ထူးထူးခြားခြား တိတ်ဆိတ်ငြိမ်သက်နေခြင်းများက တော၏
ကတိသဘာဝ မဟုတ်။

ဒါကို ဦးစိုင်းနန္ဒ သိရှိနားလည်ထားသဖြင့် အရာရာကို
သတိမလစ်ဟင်းမိစေရန် အဖွဲ့သားများအား မှာကြားနေခြင်း
ဖြစ်ပါ၏။

ဤသို့ဖြင့် မြင်ကွင်းကောင်းကောင်းနှင့် တောင်ကုန်း
တစ်ခု၏ထိပ်တွင် ပေါက်ရောက်နေသည့် ကြီးမားတုတ်ခိုင်သ
လောက် အရိပ်အာဝါသကောင်းလှသော သဖန်းပင်ကြီးတစ်ပင်



www.burmeseclassic.com

www.burmeseclassic.com



အောက်တွင် တစ်ညဦ့တာအတွက် ယာယီစခန်းချကာ မီးဖိုကြ
တစ်ခုကို အလျင်အမြန်ပင် ဖန်တီးလိုက်ကြပါတော့သည်။

''အင်း . . . တစ်ခုခုတော့ တစ်ခုခုပဲ အိုက်စံ၊ ငါ . . .
ဒီပြောင်ကြီးကို သိပ်မသင်္ကာချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ
လေးနာရီလောက် မနားတမ်းပြေးတာတောင် ခြေမကျ၊ နွ
မကျွတ်၊ ရေမစိမ်နဲ့ ဆက်တိုက်ပြေးလွှားသွားတာဟာ သာမ
ပြောင်ထီးကြီးတစ်ကောင်ရဲ့ ဓလေ့ထုံးစံမဟုတ်ဘူး ဖြစ်နေတယ်

ဦးစိုင်းနန္ဒမှာ လွယ်အိတ်ကြီးများထဲမှ အသင့်ပါလာ
သည့် ရိက္ခာခြောက်များဖြစ်သော အမဲခြောက်၊ ခေါပုတ်ချပ်မျာ
ကို အိုက်စံအား ထုတ်ပေးရင်း ပြောဆိုလိုက်ပါ၏။

''ဟုတ်တယ် စိုင်းနန္ဒ . . . ငါလည်း ဒါကိုပဲ မသင်္ကာ
ဖြစ်နေတာ၊ ငါတို့ တောများမှောက်တာလား၊ ဒါမှမဟုတ် တော
ပိုင်,တောင်ပိုင်ကြီးတွေကပဲ တစ်ခုခုမကျေနပ်လို့ ပြောင်ထီးကြီး
ပြပြီး ငါတို့ကို ခြောက်လှန့်ပြီး သတိပေးတာလားပဲဟေ့''

ဦးစိုင်းနန္ဒနှင့် အိုက်စံတို့၏ အချေအတင်ပြောနေကြ
သည့် စကားများကြောင့် ကျန်မုဆိုးအချို့မှာ မျက်လုံးမျ
ကလယ်ကလယ်နှင့် ဘေးဘီဝဲယာအနှံ့ကို ကြီးကန်းတော





မှောက် ကြည့်နေကြသည်။

''အင်းလေ . . . ဘာပဲဖြစ်ဖြစ် . . . ငါတို့ ဒီညတော့
သတိ ဝီရိယထားကြမှ ဖြစ်မယ်၊ အိပ်ချင်ရင်တောင် ကင်းကို
နှစ်ယောက်တွဲပြီး စောင့်ကြပစေ''

ဟုတ်သည်။ သာမန်ပြောင်ထီးကြီးနှင့်မတူ ထူးခြားသော
ရွှမ်းအင်သတ္တိထူးများဖြင့် ပြည့်စုံသော ပြောင်ထီးကြီးကို မုဆိုး
တစ်စု သံသယပွားနေကြခြင်းဖြစ်သည်။

သူတို့ နောက်ဆုံး တွေ့မြင်လိုက်ကြရသည့် ပြောင်ထီး
ကြီးသည် အရှေ့ဘက်ရှိ လှိုဏ်ပြန့်ကြီးအတွင်းသို့ ပြေးဝင်သွားရာ
မှ မျက်ခြည်ပြတ်သွားခဲ့ခြင်းပင်တည်း။ ထိုနေရာတွင် မှောင်လည်း
မှောင်၊ ဝါးရုံပင်များကလည်း ပိတ်ညှပ်ကာ တောထူနေခြင်း
ကြောင့် မုဆိုးကျော်တစ်စု လက်လျှော့ခဲ့ကြရခြင်းဖြစ်သည်။

ထို . . . ပြောင်ထီးကြီး ဝင်ရောက်ပျောက်ကွယ်သွားရာ
လှိုဏ်ပြန့်ကြီးသည် ယခုအခါတွင် (မိုးကုတ်) မြို့ကြီးဟု ခေါ်တွင်
သမုတ်ခံရသော လှိုဏ်ပြန့်ကြီးပင် ဖြစ်ပါချေ၏။

ထို့နောက်မှာတော့ မုဆိုးကျော်တစ်စုနှင့် ခွေးတစ်အုပ်
တို့သည် ညစာအတွက် ရိက္ခာခြောက်အချို့ကို မီးကင်၍ စား



www.burmeseclassic.com

www.burmeseclassic.com



သောက်လိုက်ကြပြီး မီးဖိုကြီးကို မီးမပြတ်ထည့်ကာ ချောက်ချား သွေးပျက်ဖွယ် ညဥ့်တစ်ညကို သတိနှင့် ဖြတ်ကျော်လာခဲ့ကြသည်။

ဤသို့ဖြင့် အရုဏ်တက်ခါနီးအချိန်သို့ ရောက်ရှိလာခဲ့ ချိန်မှာတော့ ဆောင်းနှောင်းကျန်မိုးက ရုတ်တရက် မမျှော်လင့်ဘဲ သဲသဲမဲမဲ ရွာသွန်းချပါလေတော့သည်။

"ဟ . . . ဟ . . . ဘယ်လိုလဲဟ၊ မိုးက မပြောမဆိုနဲ့ သဲသဲမဲမဲကို ရွာချနေပါလားဟေ့"

"ဟုတ်တယ်ဟေ့ . . . ပင်စည်အခြေကို ကပ်ဟေ့ . . . ကပ်ကြ၊ ဒါမှ . . . မိုးပက် သက်သာမယ်"

သဲသဲမဲမဲ ရွာချလာသောမိုးကြောင့် မီးဖိုမီးမှာ ငြိမ်းသေသွားပါလေ၏။ မုဆိုးများနှင့်ခွေးများမှာ သဖန်းပင်ကြီး၏ ကြီးမား လှသော ပင်စည်ခြေရင်းထိတိုင် တိုးကပ်လိုက်ကြသည်။ ထိုစဉ် . . .

'ဝေါ . . ဝုန်း . . ဝုန်း . . ဖရော . . ဖရော . . ဖျော'

"ဝုတ် . . ဝုတ် . . ဝုတ် . . ဝုတ်"

ခပ်ဝေးဝေးတောင်ကြောဘက်ဆီမှ တဝေါဝေါ တဝုန်း





န်းနှင့် ထွက်ပေါ်လာသည့် တောင်ပြိုကျသံများကြောင့် အမဲလိုက်ခွေးကြီးများပင် အလန့်တကြား ထိုးဟောင်ကုန်ကြပါလေသည်။

"အင်း . . . ကြည့်ရတာ မိုးရေတိုက်စားပြီး တောင်တွေပြိုကျပြန်ပြီထင်တယ် အိုက်စံရေ၊ လမ်းကြောင်းတွေများ ပိတ်ဆို့ကုန်ပြီလား မသိဘူး"

"ဟုတ်တယ် အိုက်နူး၊ ဒီဘက်က တောင်ကမ်းပါးယံတွေက မိုးသာ အခုလို သဲသဲမဲမဲရွာချရင် တောင်ကမ်းပါးယံတွေ ခဏခဏပြိုကျလေ့ရှိတယ်၊ အင်း . . . ငါတို့တော့ တောကျွံပြီး လာရတဲ့အထဲ လမ်းတွေက ပိတ်ဦးမယ်ဆိုရင်တော့ ထွက်ပေါက် တောင် မနည်းရှာရတော့မယ်ဟေ့"

ချိန်ခါမဲ့မိုးကြီးက သဲသဲမဲမဲ ရွာချလျက် ကောင်းနေဆဲ . . .။ ဦးစိုင်းနန္ဒတို့ မုဆိုးကျော်တစ်စုနှင့် ခွေးတစ်အုပ်တို့ မိုးရေထဲတွင် ကြွက်စုတ်များနှယ် ဖြစ်နေပါချေပြီတည်း။

မကြာမီ အရုဏ်ကိုကျော်လျက် နေခြည်အလင်းတန်း ထွက်ပြူလာမှပင် ချိန်ခါမဲ့မိုးကြီးက သဲကြီးမဲကြီး ရွာသွန်းနေရာမှ တဖြည်းဖြည်းစဲကာ နောက်ဆုံး လုံးဝတိတ်သွားပါချေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်သစ်ကိုင်းများပိတ်ဆီး၍ သစ်ကိုင်းခက်လက် ရှိးတံညိုအကြိုအကြားမှ ယိုဖိတ်ပြုဆင်းလာကြသော နံနက်နေ ရောင်ခြည်တန်းများသည် တောကြီးအတွင်းသို့ ပြန့်ကျဲယှက်ဖြာ ကျဆင်းနေပါ၏။

အရုဏ်ဦးက ရွာသွန်းချခဲ့သောမိုးက လုံးဝတိတ်သွားပြီး တိရစ္ဆာန်မျိုးစုံတို့၏ အော်ဟစ်သံလေးများက စီစီညံလျက် ရှိပါ ချေ၏။

ထိုအချိန်တွင် ထူးဆန်းလှသော မြင်ကွင်းတစ်ခုကို တောင်ပြိုကျရာအရပ်ဘက်ဆီမှ မြင်တွေ့လိုက်ကြရသဖြင့် မုဆိုး တစ်စုမှာ အံ့အားသင့်သွားကြသည်။

"ဟာ ...ဟို ...ဟိုမှာ ကြည့်ကြစမ်းဟေ့"

ဦးစိုင်းနန္ဒတို့ မုဆိုးကျော်တစ်စု မြင်တွေ့လိုက်ကြရသည် မှာ တောင်ပြိုကျရာလျှိုကြီးများဘက်တွင် သားစားငှက်များဖြစ် ကြသည့် ကျီးကန်း၊ သိမ်းစွန်ငှက်နှင့် လင်းတ,ငှက်ကြီးများက တဝုန်းဝုန်းတရှန်းရှန်းနှင့် ဆူညံစွာ ပျံဝဲနေကြသည်ကို တွေ့မြင် လိုက်ကြရခြင်းပင် ဖြစ်ပါသည်။

"ကြည့်ကြစမ်းဟေ့ ...ညဦးက တောင်တွေပြိုကျတဲ့





ဘက်မှာ လင်းတ,တွေ, ကျီးကန်းတွေ တရှန်းရှန်းနဲ့ ဆူညံနေ ကြတာပါလားကွ"

မုဆိုးကြီးဦးအိုက်စံက တဝေါင်းဝေါင်းနှင့် ထိုးဟောင်နေ ကြသည့် အမဲလိုက်ခွေးကြီးများကို မာန်မဲထိန်းသိမ်းရင်း ပြောဆို လိုက်သည်။

"အေး ...ဟုတ်တယ်ဟ၊ ဟင်း ..ဟင်း ..မဟုတ် လွဲရော၊ တောင်ပြိုကျတဲ့နေရာမှာ သားကောင်တချို့ တောင်ပိတ် မြေဖုံးပြီး သေကုန်ကြတယ်ထင်တယ်၊ ငါတို့ အဲဒီ တောင်ကြော ဘက်က လှည့်ပြန်ရင်းနဲ့ သွားပြီးကြည့်ကြရအောင် အိုက်စံ"

ဤသို့ဖြင့် ဦးစိုင်းနန္ဒတို့ မုဆိုးတစ်စုမှာ အရုဏ်ဦးက တောင်ပြိုကျရာ တောင်ကြောဘက်မှ လှည့်၍ပြန်ခဲ့ကြသည်။ တောင်ပြိုကျရာကမ်းပါးယံအထိ လမ်းကြောရှင်းသဖြင့် နာရီဝက် သာသာခန့် လျှောက်မိကြသည်နှင့် ကျီးကန်းများ တအာအာနှင့် ဆူညံစွာအော်မြည်လက် တဝုန်းဝုန်းတရှန်းရှန်း ပျံဝဲနေကြသည့် နေရာသို့ ရောက်လာခဲ့ကြသည်။

'အာ ..အာ ..အာ ..အာ ..အာ ..အာ'

'ဖျန်း ..ဖျန်း ..ဖရော ..ဖျတ် ..ဖျန်း'



www.burmeseclassic.com

www.burmeseclassic.com



'ဝေါင်း ..ဝုတ် ..ဝုတ် ..ဝုတ်'

အမဲလိုက်ခွေးကြီးသုံးကောင်ကလည်း တောင်ပံရိုက်ခတ်သံ တဖျန်းဖျန်းနှင့် ပျံဝဲသွားလိုက်၊ ထိုးဆင်းလာလိုက်ဖြင့် ရှုံ ရင်းဆန်ခတ်ဖြစ်နေကြသည့် လင်းတကြီးများနှင့် ကျီးကန်းတ ကို တဝေါင်းဝေါင်း ထိုးဟောင်နေကြခြင်း ဖြစ်ပါ၏။

တဝေါင်းဝေါင်းနှင့် ဆူညံစွာသောင်းကျန်းလျက် ပြေးဝင် လာကြသော အမဲလိုက်ခွေးကြီးသုံးကောင်ကြောင့် လင်းတကြီး များ၊ ကျီးကန်းများနှင့် စွန်ငှက်ကြီးတို့မှာ တဝုန်းဝုန်းနှင့် လန့်ဖျပ် ကာ အော်မြည်လျက် ပျံထွက်သွားကြပါတော့သည်။

'အာ ..အာ ..အာ ..အာ ..အာ'

'ဝုန်း ..ဖျောင်း ..ဖရော ..ဖရော ..ဖျန်း'

တရုန်းရုန်းနှင့် လန့်ဖျပ်ကာ ပျံသန်းသွားကြသည်နှင့် ကျီးကန်း၊ လင်းတ,များ ဝိုင်းအုံထိုးဆိတ်နေကြသည့် အရာများကို ဦးစိုင်းနန္ဒတို့ တွေ့မြင်လိုက်ကြရသည်နှင့် အံ့အားသင့်သွားကာ ကြက်သေ,သေသွားကြပါတော့သည်တကား။

* * *



## အခန်း (၅)

## ကျီးကန်းများက ညွှန်ပြခဲ့သော ပတ္တမြားသိုက်

ကျီးကန်းများနှင့် လင်းတ,တချို့ကမူ အဝေးသို့ ပျံသန်းသွားကြသေးဘဲ နီးစပ်ရာသစ်ပင်များထက်တွင် တရုန်းရုန်းနှင့် ခေတ္တခိုနားကြရင်း တအားအားနှင့် ဆူညံစွာ အော်မြည်နေကြဆဲပင်။

ဦးစိုင်းနန္ဒနှင့် မုဆိုးကြီးများ တွေ့မြင်လိုက်ကြရသည့် အရာကား ပြိုကျနေသည့် မြေစိုင်မြေခဲ ကျောက်စိုင်ကျောက်ခဲ



www.burmeseclassic.com

များကြားမှ ရဲရဲနီလျက် တဖိတ်ဖိတ်လင်းထက်နေသည့် အရွယ်တော် ကျောက်ခဲလေးများက ထွက်ပြူစနေခြည်အောက်တွင် တောက်ပ လင်းဖြာလျက်။

ထိုသွေးနီရောင်လင်းဖြာနေသည့် ကျောက်ခဲတုံးလေးများကို သွေးသံရဲရဲနှင့် သားကောင်သားတစ်များနှင့် ထင်မှတ်မှားကာ ကျီး စွန်နှင့်၊ လင်းတများက တရှုန်းရှုန်းနှင့် ထိုးဆွကိုက်ချီရန် ကြိုးစားနေကြခြင်းပင်တည်း။

"ဟာ . . . စိုင်း . . . စိုင်းနန္ဒ . . . ဒါ . . . ဒါ ဘာတွေလဲကွဟင်၊ ကျီးကန်းတွေ, ငှက်တွေက သားတစ်မှတ်ပြီး ဝိုင်းအုံထိုးဆိတ်နေကြတာ လက်စသတ်တော့ သွေးရောင်ရဲရဲနီနေတဲ့ ကျောက်ခဲတွေဖြစ်နေတာကိုး"

"ဟုတ်တယ် အိုက်စံ၊ ကြည့်ရတာ . . . တန်ဖိုးတော့ တော်တော်ရှိမယ့်ပုံပဲ၊ အင်း . . . ငါတို့တစ်တွေ ပြောင်ထီးကြီးနောက်လိုက်ခဲ့ကြတာ ပြောင်ထီးကြီးမရဘဲ ဒီကျောက်ခဲနီနီတွေပဲ ရမယ်နဲ့တူတယ်ဟေ့ . . ဟင်း . . ဟင်း . . ဟင်း"

အိုက်စံ၊ အိုက်နွမ်းနှင့် စိုင်းကန္နတို့မှာ ရိုးအ,သော တောလိုက်မုဆိုးများပီပီ သွေးရောင်လွှမ်းနေသည့် ကျောက်ခဲနီနီလေး





ှားကို လွန်စွာမှ တန်ဖိုးအနဂ္ဃထိုက်သော ပစ္စည်းမှန်း မသိရှိခဲ့ကြပါချေ။

ဦးစိုင်းနန္ဒကသာ လူကြီးပီပီ ကြားဖူးလေ့လာထားရှိသည့်ဗဟုသုတများနှင့် နီနီရဲရဲနှင့် ကျောက်တုံးလေးများကို ကောက်ယူလိုက်ပြီး နေရောင်တွင် လှည့်ပတ်ကာထောင်၍ သေချာစွာ ကြည့်ရှုနေပါ၏။

"ဟာ . . . ဒါ . . . ဒါတွေဟာ တန်ဖိုးအနဂ္ဃထိုက်တဲ့ ပတ္တမြားကျောက်တွေပဲ အိုက်စံ၊ ငါကြားဖူးနားဝရှိတာကတော့ ခြင်းခြင်းနီရဲသော ပတ္တမြားကျောက်ရယ်လို့ ကြားဖူးထားတယ်ကွ၊ ဟင်း . . ဟင်း . . ဟောဒီလို နေရောင်မှာထောင်ပြီးကြည့်လိုက်စမ်း အိုက်စံ၊ အသွေးအရောင်တွေ ဘယ်လောက် ယှက်ဖြာဝင်းလက်နေသလဲဆိုတာ"

ဦးစိုင်းနန္ဒ၏ပြောစကားကြောင့် အိုက်စံတို့မုဆိုးတစ်စုမှာ နီရဲနေသည့် ကျောက်ခဲလေးများကို မြေကြီးဖုံးနေရာမှ ကောက်ယူလိုက်ပြီး နေရောင်တွင် ထောင်ကြည့်ကြသည်။

ယှက်ဖြာလင်းလက်နေသည့် ရောင်စဉ်တန်းများက အိုက်စံ၏မျက်နှာကိုပင် အနီရောင်များ စွန်းထင်းပေကျံအောင်

www.burmeseclassic.com



စေသည်သို့။ ထို့အတူ အိုက်စံ၏လက်ဝါးပေါ်မှာပင် သွေးများ စီးကျနေသည့်နှယ် မြင်တွေ့နေပါရလေ၏။

"ဟာ . . . ဒီမှာကြည့်စမ်းဖော့ . . . ငါ့လက်ဖဝါးတွေပေါ် မှာတောင် သွေးတွေယိုစီးကျနေသလိုပါလားဖော့၊ ထူးဆန်းလိုက် တာ စိုင်းနန္ဒရေ၊ ဒါ . . . ဒါတွေ . . . ငါတို့ ဘာလုပ်ကြရင်ကောင်း မလဲဟင်"

အိုက်စံ၏အမေးစကားကို ဦးစိုင်းနန္ဒ အတန်ကြာမျှ ငိုင် တွေကာ စဉ်းစားနေပါ၏။ ပြီးမှ မြေကြီးနှင့် ကျောက်ခဲကျောက် မှုန်များ ဖုံးလွှမ်းနေသည့် ပတ္တမြားတုံးလေးများကို အသေအချာ စစ်ဆေးကြည့်သည်။ အံ့ဩဖွယ်ရာပင်။ ပတ္တမြားများမှာ တင်းနှင့် ခြင်ကာ တစ်နေရာတည်းတွင် စုပုံထားသကဲ့သို့ လွန်စွာမှပင် များပြားလွန်းလှပါ၏။

"အင်း . . . ဟောဒီနေရာတစ်ဝိုက်ကို တူးဖော်ပြီးယူရင် တောင် ပတ္တမြားတွေဟာ မြေကြီးထဲမှာ ရှိနေကြဦးမှာ သေချာ တယ် အိုက်စံ၊ ကိုင်း . . . ဒီတော့ ပတ္တမြားတွေကို ငါတို့ နိုင်သ လောက် သယ်သွားကြပြီး စော်ဘွားကြီးကိုဆက်သရင်း အသိ ပေးရမယ်"

---

☆ ခု နစ် စဉ် ကြယ် တာ ပေ ☆



"ပတ္တမြားဆိုတာ အလွန်တရာကို အဖိုးအနဂ္ဃထိုက်တန် လွန်းလို့ သာမန်အရပ်သူအရပ်သားတွေ မသုံးစွဲရဘူးလို့ အဆိုရှိ တယ်၊ ပတ္တမြားဆန်ကျိုး အဖိုးပြည်တန်ဆိုတဲ့ စကားတောင် ရှိသေးသမို့လား၊ စော်ဘွားကြီးကို အရင်ဦးဆုံးအသိမပေးရင် ဒီပတ္တမြားတွေကြောင့် ငါတို့အားလုံး ဒုက္ခရောက်သွားနိုင်တယ် နော်"

ရိုးသားသလောက် လောဘ၊ ဒေါသ၊ မောဟ နည်း လွန်းကြသော အိုက်စံ၊ အိုက်နူးနှင့် စိုင်းဓာနူးတို့မှာ သူတို့၏ဦးစီး ခေါင်းဆောင် ဦးစိုင်းနန္ဒ၏စကားကို တစ်သဝေမတိမ်း နားထောင် ကြပါ၏။ ကျောက်ခဲ၊ မြေစာခဲများအောက်မှ ပတ္တမြားခဲများကို သယ်ယူနိုင်သလောက် ထုပ်ပိုး၍ ယူဆောင်လာခဲ့ကြသည်။

ထို့နောက် သူတို့၏ အပြန်ခရီးကား အလွယ်တကူမှတ်မိ စေရန်အတွက် သစ်ပင်ကြီးများတွင် လမ်းညွှန်အမှတ်အသားများ ပြုလုပ်၍ တောင်မင်းတောင်၏ နက်ရှိုင်းသောတောနက်ကြီးထဲမှ ပြန်လည်၍ ထွက်ခွာလာခဲ့ကြပါတော့သည်။

✳

www.burmeseclassic.com

www.burmeseclassic.com




စောရန်နိုင်နှင့် စောနန်းနွယ်တို့မှာ ဦးမိုင်းလုံပြောပြနေ
သည့် ပတ္တမြားသိုက် စတင်တွေ့ရှိရာ ဒဏ္ဍာရီပုံပြင်လိုလို အစ
အဆက် လက်ဆင့်ကမ်းလာခဲ့သော သမိုင်းအတ္ထုပ္ပတ္တိဇာတ်လမ်
တွင် စိတ်ဝင်တစားနှင့် နားထောင်နေကြပါ၏။

အတန်ငယ်ညဥ့်နက်လာသည်နှင့်အမျှ အပြင်ဘက်တွင်
မြူနှင်းတို့က သိပ်သိပ်သည်းသည်း ကျဆင်းလာကြသည်။ စေ





နန်းနွယ်က မီးအားကျသွားသည့် မီးလင်းဖိုထဲသို့ အနီးရှိခွက်ကြီး
ထဲမှ မီးသွေးအချို့ကို ထည့်လိုက်သည်။

တဖောက်ဖောက်, တဖျပ်ဖျပ် ပေါက်ထွက်လွင့်စဥ်လာ
သည့် မီးလင်းဖိုမှ မီးစက်,မီးပေါက် မြည်သံများနှင့်အတူ စကား
ဝိုင်းမှာ ပြန်လည်၍စိုပြေလာပါ၏။

"ဒီလိုဆို ...ဟို ...ဟို ...ဦးစိုင်းနန္ဒတို့က သူတို့
ယူလာခဲ့တဲ့ ပတ္တမြားကျောက်တွေကို မိုးမိတ်စော်ဘွားကြီး သိုဟန်
ဖော်ကို ဆက်သရမှာပေါ့နော် အဘလုံ"

"အေးပေါ့ သမီးရယ် ...စော်ဘွားကြီးကလည်း သူပိုင်
ဆိုင်တဲ့နယ်မြေထဲမှာ မယုံကြည်နိုင်ဖွယ် ပတ္တမြားသိုက်ကြီးကို
တွေ့ရှိလိုက်ရလို့ ဝမ်းသာအားရနဲ့ ဦးစိုင်းနန္ဒာတို့ မုဆိုးအဖွဲ့ကို
ငွေစင် သုံးရာ ဆုချီးမြှင့်စေခဲ့တယ်လေ"

"ဒါတင်ဘယ်ကမလဲ ...ပတ္တမြားကြောနေရာကို
လမ်းပြစေပြီး တစ်နှစ်အတွက် အိမ်ထောင်တစ်စုကို ငွေစင်သုံးရာ
ဝီ ထောက်ပံ့ပြီး အိုးစားပေါင်းသုံးဆယ်နဲ့ ပတ္တမြားကြောကြီးကို
စောင့်ရှောက်ကြီးကြပ်ဖို့ (ဟိန်) တစ်ဦးစီခန့်ထားပြီး အုပ်ချုပ်စေခဲ့
တယ်၊ မုဆိုးတစ်စုနားနေခဲ့တဲ့ သဖန်းပင်ကြီးနားမှာ ရွာကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ရှာတည်စေပြီး ပတ္တမြားသိုက်ကြီးကို အစဉ်အဆက် စော
ရှောက်ကာကွယ်စေခဲ့တယ်၊ နောက်ဆုံး ကျီးတွေ တရှန်းရှန်း
အာပြီး တွေ့ခဲ့တဲ့တောင်ကြောကိုလည်း 'ကျီးအာတောင်' လို့
ခေါ်တွင်စေခဲ့တော့တာပဲ သမီးရေ''

မုဆိုးကြီးဦးမှိုင်းလုံးက သူ၏ဝါးဆေးဘံကြီးကို ခတော့
ရှိုက်ဖွာလိုက်ပြီးမှ စကားကို ပြန်ဆက်သည်။

''ဒါကြောင့်လည်း ကိတ်–နဂါး–ကြွက် သုံးဖော်ယှက်
ကျောက်မျက်ရတနာ ပေါ်ထွက်လာ၊ ဂန္ဓာလတိုင်း၊ သမိုင်းမှင်
ဆန်း၊ ပင်သဖန်းဟု မော်ကွန်းထိုးထုတ်၊ မြို့မိုးကုတ် . . . ရယ်လို့
အတိတ်တဘောင် တွင်ကျစ်ရစ်ခဲ့တာပေါ့၊ တိုတိုပြောရရင်
မိုးကုတ်အစ သဖန်းပင်ကလို့တောင် ဆိုရိုးစကားရှိခဲ့သေးတယ်
လေ . . .။

အင်း . . . ပတ္တမြား စတင်ပေါ်ပေါက်လာခဲ့တဲ့ မြန်မာ
သက္ကရာဇ် (၅၇၉) ခုနှစ်ကစပြီး ခုချိန်ထိဆိုရင် နှစ်ပေါင်းခုနှစ်ရာ
ကျော်ခဲ့ပေမယ့် အစဉ်အလာမပျက်ဘဲ ရတနာသိုက်တွေကတော့
မိုးကုတ်မြေမှာ မကုန်နိုင်,မခန်းနိုင် ရှိနေကြတုန်းပဲပေါ့ သမီး
ရယ်''





မုဆိုးကြီးဦးမှိုင်းလုံးသည် မိုးကုတ်နှင့်ပတ်သက်၍ ဗဟု
သုတ ပြည့်စုံကုံလုံသူတစ်ဦးဖြစ်သည်ဟု သတင်းစကားကြားခဲ့
ဦးက စောရန်နိုင်တစ်ယောက် သိပ်မယုံကြည်ခဲ့ပါ။ ကွမ်းကို
ပြတ်တမ်းစားလျက် ဝါးဆေးတံရှည်ကြီးကို စွဲစွဲမြဲမြဲသောက်လေ့
သည့် ရိုးရိုးအအ, သာမန်မုဆိုးကြီးတစ်ယောက်ဟုသာ ထင်မြင်
ထားခဲ့သည်မှာ ယခုတော့ တက်တက်စင်အောင် လွဲချော်ခဲ့ပါပြီ။

မုဆိုးကြီးတစ်ယောက်ပြောပြနေသည့် မိုးကုတ်၊ ပတ္တမြား
သိုက် စသည့်အကြောင်းအရာ အတ္ထုပ္ပတ္တိများက သမိုင်းသုတေ
သီမလေး စောနန်းနွယ်ပင် လက်ဖျားခါရမလောက် ဖြစ်နေပါချေ
တော့သည်။

''သမီးသိအောင် ဆက်ပြောပြရရင်တော့ မြန်မာ
သက္ကရာဇ် (၉၂၁) ခုနှစ်လောက်မှာ ဘုရင့်နောင်မင်းတရားကြီးက
ဆိပ်ပူရကသည်းတွေကို နေထိုင်စေခဲ့တယ်၊ ပဒုံမင်းလက်ထက်
ကျမှာလည်း ကသည်းလူမျိုးတွေရောက်လာကြလို့ ကသည်း
ဆိပ်ကွက်ကြီး ဖြစ်ခဲ့ရတယ်၊ အဲဒီက နောက် (၁၈၈၆) ခုနှစ်
အင်္ဂလိပ်ဘာလ နှောင်းပိုင်းလောက်မှာမှ တကောင်း ကြာညှပ်ဘက်
ကနေ အင်္ဂလိပ်စစ်ဗိုလ်ချုပ် စတီးဝပ် ရောက်ရှိလာပြီး (၁၈၈၉)



www.burmeseclassic.com

www.burmeseclassic.com



ခုနှစ် လောက်က,စပြီး မိုးကုတ်ဒေသဟာ ကျောက်တွင်းခရိုင် တစ်ခုအဖြစ် သတ်မှတ်ခြင်းခံခဲ့ရတယ်ကွဲ့ ...။

အင်း ... သမီးသိအောင် ပြောပြရရင် မိုးကုတ်သမိုင်းနဲ့ ပတ္တမြားသိုက်သမိုင်းကြောင်းတွေက အရှည်ကြီးပဲကွဲ့၊ ဒီညတော့ မိုးလည်းချုပ်ပြီ၊ အေးလည်းအေးလာပြီမို့ နောက်နေ့တွေကျမှပဲ ဆက်ပြီးပြောပြတော့မယ်၊ ကိုင်း ... မောင်နှမ,နှစ်ယောက် နားလိုက်ကြပေဦးရော့''

ထိုနေ့ညက စကားဝိုင်းသိမ်းလိုက်တော့ ညဉ့်ဆယ်နာရီ ကျော်သွားခဲ့ပါ၏။ အဘဦးမှိုင်းလုံ ပြောပြခဲ့သည့် စိတ်ဝင်စားဖွယ်ရာ မိုးကုတ်မြေ၏ ပတ္တမြားသိုက်ဒဏ္ဍာရီပုံပြင်လိုလို ထိုဇာတ်ကြောင်းလေးက စောရန်နိုင်တို့ မောင်နှမနှစ်ယောက်အတွက် အိပ်ရာဝင်ပုံပြင်တစ်ပုဒ်နှယ်။

စောနန်းနွယ် မည်မျှအထိ စွဲလမ်းတပ်မက်ခဲ့ပါသနည်းဆိုလျှင် သူတို့မောင်နှမနှစ်ဦး၏ အိပ်မက်ကမ္ဘာထိတိုင်ကို ပတ္တမြားသိုက်ကြီးက စိုးမိုးဝင်ရောက်လာခဲ့သည် မဟုတ်ပါလား။

* * *



အခန်း (၆)

ပတ္တမြားကိုးပေါက်သမိုင်းကို လွမ်းမောနေသူတစ်ဦး

အချိန်ကာလက ... မြန်မာပြည် လွတ်လပ်ရေးရပြီးစကာလ ...။

ရန်ကုန်မြို့၊ အင်းစိန်၊ ကြို့ကုန်းရပ်ကွက်ကြီးထဲရှိ ခြံဝင်းကျယ်ကြီးတစ်ခုထဲတွင် ရဲတိုက်နီကြီးတစ်ခုနှယ် တိုက်နီကြီးတစ်လုံးက ခန့်ထည်စွာ တည်ရှိနေပါ၏။ မြန်မာပြည်အား နယ်ချဲ့အင်္ဂလိပ်တို့ အုပ်စိုးစဉ်က စစ်ဘက်အရာရှိကြီးများ နေထိုင်သွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဟန်တူသည်။ အုတ်တိုက်နီနီကြီး၏ပုံစံက မြန်မာအဆောက်အအုံ တို့၏ပုံစံနှင့် မကိုက်ညီ။ ဥရောပဟန်အပြည့်နှင့် ဆောက်လုပ် ထားခဲ့ဟန်တူပါ၏။

သို့သော် ခေတ်ကာလ ပြောင်းရွှေ့သွားခဲ့ချိန်မှာတော့ ယင်းအုတ်တိုက်နီနီဖြင့် အဆောက်အအုံကြီးသည် ရန်ကုန်မြို့ ကျောက်လောကအား လွှမ်းမိုးချယ်လှယ်ရန် ကြိုးစားနေသည့် ဦးကျော်ခေါင်ခေါ် ကျောက်ကျော်ခေါင်က အပိုင်စားရရှိခဲ့သည်။

ကျောက်ကျော်ခေါင်မှာ နာမည်နှင့်လိုက်အောင်ပင် ကျောက်လောကတွင် ဆရာတစ်ဆူနှယ် ကျွမ်းကျင်လိမ္မာပါးနပ် လွန်းလှပါ၏။ မြေခွေးတစ်ကောင်နှယ် ကောက်ကျစ်သလောက် ကျားသစ်တစ်ကောင်နှယ် ဖျတ်လတ်သွက်လက်ပြီး ကျားတစ် ကောင်လိုလည်း ရက်စက်ကြမ်းကြုတ်သူတစ်ယောက် ဖြစ်ပါ၏။ တပည့်တပန်းများစွာရှိပြီး မိုးကုတ်၊ ရန်ကုန်နှင့် နယ်စပ်ထိတိုင် အဆက်အသွယ်များရှိသည့်အပြင် တရားမဝင် ကျောက်အရောင်း အဝယ်ကိုလည်း ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား လုပ်ကိုင်လေ့ရှိသူဖြစ်သည်။

ဦးကျော်ခေါင်မှာ ဖြူဖြူခန့်ခန့် ဥပဓိရုပ်ကောင်းကောင်း နှင့် ရန်ကုန်မြို့တွင် အခြေချနေထိုင်ကာ ရဲတိုက်နီစံအိမ်ကြီးတွင်





သွေးသားရင်းချာ တူ၊ တူမနှစ်ယောက်ဖြစ်သော စောရန်နိုင်နှင့် စောနန်းနွယ်တို့နှင့် အတူတကွနေထိုင်လျက်ရှိသည်။

စင်စစ် ဦးကျော်ခေါင်မှာ အသက် (၄၀) ကျော်ပြီဖြစ် သည့်တိုင် လူပျိုကြီးဘဝဖြင့်သာ စီးပွားရေးကို အပတ်တကုတ် လုပ်ကိုင်နေသူလည်း ဖြစ်ပါ၏။

အစ်ကိုကြီးဖြစ်သူ ဦးကျော်မောင်နှင့် မရီးတော်တို့ ကား အက်ဆီးဒင့်ဖြစ်ကာ သေဆုံးသွားခဲ့ကြစဉ်ကတည်းက စောရန်နိုင် တို့မောင်နှမနှစ်ယောက်ကို သားသမီးအရင်းအချာနှယ် ဦးကျော် ခေါင် စောင့်ရှောက်ခဲ့သည်။

ထိုစဉ်က စောရန်နိုင်က ဆယ်နှစ်သား၊ စောနန်းနွယ်က ခုနစ်နှစ်သမီးအရွယ်ခန့်သာ ရှိပါသေး၏။ တစ်လောကလုံးတွင် ပြေးကြည့်မှ ဦးကျော်မောင်တို့ညီအစ်ကိုနှစ်ဦးသာ မွေးချင်းရှိ ကြသည်မို့ စောရန်နိုင်တို့မောင်နှမနှစ်ယောက်သည် ဦးကျော်ခေါင် ၏အုပ်ထိန်းမှုအောက်သို့ အလိုအလျောက် ရောက်ရှိလာခဲ့ပါ သည်။

အစ်ကိုကြီးဖြစ်သူ သက်ရှိထင်ရှားရှိခဲ့စဉ်ကပင် သည် မောင်နှမနှစ်ယောက်ကို ဦးလေးတော်သူ ဦးကျော်ခေါင်က ဖူးမှုး



www.burmeseclassic.com

www.burmeseclassic.com



မှတ် အလိုလိုက်ကာ ချစ်ခဲ့ပါ၏။ အထူးသဖြင့် အကြီးကောင်စော ရန်နိုင်ကို ပို၍အလေးပေးကာ အချစ်ပိုခဲ့သည် မဟုတ်ပါလား

ဦးကျော်ခေါင် အလိုလိုက်မှုကြောင့်လေလား၊ စောရန် နိုင်၏ ဗီဇကြောင့်လေလား မသိ။ အငယ်မ စောနန်းနွယ်တစ် ယောက် တက္ကသိုလ်သို့ ရောက်ခဲ့သည့်တိုင် စောရန်နိုင်မှာ ဆယ် တန်းကို တဘုန်းဘုန်းနှင့် ကျ၍ကောင်းနေဆဲပါ။

တစ်ခုတော့ ရှိသည်။ စောရန်နိုင်မှာ ပညာပါရမီဘက် တွင် မထူးချွန်ခဲ့သော်လည်း ဦးလေးဖြစ်သူ ဦးကျော်ခေါင်၏ ကျောက်လုပ်ငန်းနှင့် ကျောက်လောကတွင်မူ လူငယ်သလောက် လုပ်ရဲကိုင်ရဲ၊ သွေးရဲသူတစ်ယောက်အဖြစ် သတင်းကြီးခဲ့ပါ၏

ဒါကလည်း ဦးလေးဖြစ်သူနှင့် အတူသွားလာလုပ်ရှား ရင်း တံငါနားနီး တံငါ၊ ကျောက်သမားနားနီး ကျောက်သမား ဖြစ်ခဲ့လေသလား။ သူ၏ဗီဇသွေးနှင့် ကျွမ်းကျင်ရာလိမ္မာရာလေ လားဟူသည်ကား မသိတတ်နိုင်ပါလေ။

ရံဖန်ရံခါ ဦးလေးဦးကျော်ခေါင်နှင့်အတူ မိုးကုတ်သို့ လည်းကောင်း၊ နယ်စပ်ဒေသများထိတိုင်လည်းကောင်း လိုက်ပါ သွားရောက်လေ့ရှိပါလေ၏။





"ဒီမှာ စောကြီးရဲ့ . . . ရတနာတွေက မောဒီမိုးကုတ် မြို့ကချည်း ထွက်ရှိနေတာ မဟုတ်ဘူးကွ၊ ပတ်ဝန်းကျင်ရွာတွေ ဘက်ကလည်း ကမ္ဘာကျော်ကျောက်တွေ ထွက်တတ်တယ်လေ၊ မြောက်ဘက်မှာဆိုရင် မိုးမိတ်၊ တောင်ဘက်မှာ မတ္တရာ၊ အနောက်ဘက်ကဆိုရင် ဧရာဝတီမြစ်ကမ်းက သပိတ်ကျင်းမြို့ ယ် တွင်းငယ်ရွာလေးအထိ ရတနာတွေက ထွက်ရှိနေတာကွဲ့။

နောက်ပြီး ကင်းရွာ၊ အုံဒါန်၊ ကျပ်ပြင်၊ ရေပူ၊ လေသာ၊ င်ခွာ၊ ကျောက်ဖြူ၊ စခန်းကြီး စတဲ့နေရာတွေက ထွက်နေကြ ာပဲလေ၊ အင်း . . . ကျောက်ပြာသာဒ်ဘက်က နီလာဆိုရင် းကွက်မှာ နာမည်ကြီးပဲဟေ့ . . ဟင်း . . ဟင်း . . ဟင်း"

ဦးကျော်ခေါင်ကလည်း ခရီးသွားလာရင်းပင် တူသား ်သူ စောရန်နိုင်အား ကျောက်မျက်ရတနာထွက်ရှိရာ ဒေသ ားနှင့် ကျောက်လောကအကြောင်းများကို အလျဉ်းသင့်သလို င်းပြပြောဆိုလေ့ရှိပါ၏။

"နောက်ပြီး . . . လေလံပွဲတွေမှာ လေလံစနစ်နဲ့ ကျောက် ်ရင်လည်း ပြတ်သားဖို့၊ ဆုံးဖြတ်ချက်ရဲဖို့လည်း လိုတယ်၊ ယ်ပြန်ရောင်းနိုင်တဲ့ ရောင်းဖိုးကို တွက်ချက်ပြီးရင် ပေးနိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဈေးကို အမြင့်ဆုံးသာပေးလိုက်၊ တွန့်ဆုတ်တွန့်ဆုတ်လုပ်နေရင် ဒီကျောက်ထုပ်ဟာ သူများလက်ထဲကို ပါသွားတတ်တယ်''

''ဒီကျောက်ရဲ့ဈေးကွက်ကို ကိုယ်ပဲသိတယ်၊ အပိုင် ဆိုပြီး ချီဆစ်နေလို့ မရတော့ဘူး၊ ကိုယ်က လျှော့လိုက်ရင် သူများက ကိုယ့်ထက် နှာတစ်ဖျား ကျော်သွားလိမ့်မယ်၊ ဒ ကြောင့် အရောင်းအဝယ်လုပ်ရင် အသေးအဖွဲလေးကစပြီး ဂ တစိုက်လုပ်ကြရတယ် စောကြီးရေ''

ဤသို့ဖြင့် ဦးကျော်ခေါင်မှာ တူတောင်မောင်စောရန်နို အား ကျောက်လောကနှင့်ပတ်သက်သည့် လေလံပွဲများ၊ ထာ များနှင့် လုပ်ငန်းခွင်ကိစ္စများကို အချိန်ရလျှင်ရသလို ရှင်းလင် ပြောပြပါ၏။

မိုးကုတ်သားတစ်ဦးစစ်စစ် မဟုတ်သည့်တိုင် မိမိ ကျွ ဝင်ကျင်လည်ရာ ကျောက်လောကနှင့် ပတ်သက်ဆက်နွယ် ကြောင့် မိုးကုတ်သည် ဦးကျော်ခေါင်နှင့် ရင်းနှီးကျွမ်းဝင်ပြီးသာ ဖြစ်နေသည် မဟုတ်ပါလော။

''မိုးကုတ်မြို့ရဲ့ ရာသီဥတုဟာ အပူပိုင်းဒေသထဲက တောင်ပေါ်ဒေသဖြစ်လို့ သမန္တေးစွတ်စိုတဲ့ရာသီဥတုလို့လည်း ခ





ကြတယ်၊ မိုးကုတ်မှာ ကျောက်သုံးမျိုးသုံးစားလောက် တွေ့ရ သယ်၊ အဲဒီအထဲက မီးသင့်ကျောက်နဲ့ အသွင်ပြောင်းကျောက် စ်မျိုးကို နေရာတော်တော်များများမှာ တွေ့ရတယ်ကွဲ့''

ပညာရေးဘက်တွင် ပါရမီအခံနည်းသည့် စောရန်နိုင် ာ လေ့လာဆည်းပူးစရာများ မကုန်နိုင်သည့် ကျောက်လောက ို့မှ ထူးထူးခြားခြား စိတ်ဝင်စားမှုရှိလှပါ၏။ ကိုယ်တိုင်ကလည်း ုစမ်းလေ့လာသည်။

အထူးသဖြင့် မမြင်မတွေ့နိုင်သော နက်ရှိုင်းလှသည့် မြေလွှာထုအောက်မှ အဖိုးမဖြတ်နိုင်သော ရတနာပစ္စည်းများကို ာဖွေတူးဆွလိုသည်။ မိမိ၏ကံကြမ္မာကို ချိန်စက်၍ စွန့်စား ုပ်ကိုင်ရသော လုပ်ငန်းမျိုးကို ဝါသနာထုံလှပါ၏။

အထူးသဖြင့် ၊ . . ပုံပြင်ဒဏ္ဍာရီတစ်ပုဒ်သဖွယ် ကြားသိ ားခဲ့ရသည့် ပတ္တမြားကိုးပေါက်ကို စိတ်ဝင်တစားရှိလှသည်။

ဦးလေးဦးကျော်ခေါင်ကလည်း ထိုပတ္တမြားကိုးပေါက်ကို ကြားသိစကတည်းက အလွန်အမင်း လိုချင်တပ်မက်မိသည်။ ပြောရမည်ဆိုလျှင် ဦးကျော်ခေါင်တို့မိသားစုပင်လျှင် ရာဇဝင်လု ိုးကြီး တောက်ထိန်နှင့် သားချင်းမကင်းခဲ့သူများ ဖြစ်ကြပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် တောက်ထိန်ကိုယ်တိုင် သျှို၀နတ်မင်းကြီး ထံမှ ဖြုတ်ယူခဲ့သည့် 'ပတ္တမြားကိုးပေါက်'ကို ဦးကျော်ခေါင်လက်ထက်တွင် ရယူနိုင်ရန် လျှို့ဝှက်စွာ တိတ်တဆိတ် ကြိုးစားနေခဲ့ကြသည် မဟုတ်ပါလား။

ယင်းကိစ္စကိုမူ အထူးလျှို့ဝှက်ကိစ္စဖြစ်သဖြင့် ညီမလေး စောနန်းနွယ်ကိုပင် အသိမပေးဘဲ စောရန်နိုင်တစ်ဦးတည်းကိုသာ ဦးကျော်ခေါင်က သူ၏စာကြည့်ခန်းထဲတွင် ခေါ်ယူလျက် တာဝန်ပေးခိုင်းစေခဲ့ပါ၏။

"အဲဒီ သျှို၀နတ်ဘုရားကျောင်းဆောင်ကြီးထဲက နတ်ရုပ်တုကြီးရဲ့ နဖူးသင်းကျစ်က သေမိန်ပြုန် ကိုးပေါက်တဆွေလို့ခေါ်တဲ့ 'ပတ္တမြားကိုးပေါက်' ကို ဖြုတ်ယူသွားခဲ့တဲ့ မြို့ဝန်မင်း ဦးခွန်မှိုင်းရဲ့သားကြီး တောက်ထိန်ဟာ လူဆိုးဓားပြကြီးပီပီ ဘာကိုမှ အယုံအကြည်မရှိတဲ့ ဘဖောက်ကန်း တစ်ဇွတ်ထိုးသမားကြီးပဲကွဲ့ ...။

နတ်ဘုရားကျောင်းကို တာဝန်ယူစောင့်ရှောက်နေရတဲ့ တပ်မှူးကြီးကျော်စွာနဲ့ သူ့ရဲ့ရဲမက်တော်တွေကို ရက်ရက်စက်စက် သတ်ဖြတ်သုတ်သင်ပြီး ပတ္တမြားကိုးပေါက်ကို အဓမ္မယူငင်





သွားခဲ့တယ် ...။

အင်း ...လက်ရဲဇက်ရဲနဲ့ သတ်ရဲဖြတ်ရဲတဲ့ လူဆိုးဓားပြတစ်ဦးပီပီ သူ့ရဲ့အလှည့်ကျတော့လည်း သူ့ရဲ့တပည့်တစ်ဦးရဲ့ ရက်ရက်စက်စက် လည်ဖြတ်သတ်ဖြတ်တာကို ခံခဲ့ရတယ်၊ ဒါတောင်မှ လက်မှာဆုပ်ကိုင်ထားတဲ့ 'ပတ္တမြားကိုးပေါက်' ကို ဖြုတ်ယူမရလို့ဆိုပြီး တောက်ထိန်ရဲ့လက်ချောင်းတွေကို ဓားနဲ့ ခုတ်ဖြတ်ပြီး ယူသွားခဲ့ကြတယ်"

စောရန်နိုင်မှာ ဦးလေးဖြစ်သူဦးကျော်ခေါင်၏ သျှို၀နတ်ဘုရားကျောင်းတော်မှ ပတ္တမြားကိုးပေါက် ဝင်္ကပါသမိုင်းကို စိတ်ဝင်စားစွာဖြင့် နားထောင်လျက်ရှိပါ၏။

"အဲဒီလိုနဲ့ သျှို၀နတ်ဘုရားကျောင်းတော်က 'ပတ္တမြားကိုးပေါက်'ဟာ တောက်ထိန်တပည့်ရဲ့ လက်ထဲကနေ တစ်ဆင့်ပြီးတစ်ဆင့် ကူးပြောင်းလာလိုက်တာ အခုဆိုရင် ကျောက်ပြာသာဒ်က သျှို၀နတ်ဘုရားကျောင်းတော်မှာပဲ လျှို့ဝှက်စွာနဲ့ ပြန်ရောက်လာတယ်လို့ သတင်းသဲ့သဲ့ ကြားခဲ့ရတယ်ကွယ့် ...။

"ဟင်း ..ဟင်း ..ဟင်း ..အဲဒီပတ္တမြားကိုးပေါက်ကိုသာ ငါတို့ရခဲ့ရင်တော့လား ..ဟင်း ..ဟင်း ..မြန်မာပြည်



www.burmeseclassic.com

www.burmeseclassic.com



တင် မကာဘူး၊ ကမ္ဘာကိုတောင် ဆယ်ပတ်လောက် ပတ်လို့ရတယ် စောကြီးရေ၊ ဟင်း . . ဟင်း . . ဟင်း . . ထူးခြားတာက အဲဒီပတ္တမြားကြီးမှာ အပေါက်ရာလို အကြောလေးတွေ ကိုးပေါက်တိတိရှိလို့ ပတ္တမြားကိုးပေါက်ဆိုပြီး နာမည်ကျော်ခဲ့တာကလား"

ဦးကျော်ခေါင်က ဂိုးဖလိပ်စီးကရက်ဘူးထဲမှ အစီခံစီးကရက်တစ်လိပ်ကို ရွေးထုတ်ယူလိုက်ပြီး မီးညှိဖွာရှိုက်ကာ ပြောလက်စ,စကားကို ခေတ္တရပ်နားလိုက်သည်။

"ဒါဆိုရင် ပတ္တမြားကိုးပေါက်ရဲ့ သမိုင်းကြောင်းကတော်တော့်ကို ရှုပ်ထွေးနက်နဲသလောက် ကျိန်စာသင့်သလိုလိုတောင် ခကားတွေကားပြီး ဖြစ်ပေါ်နေတာပေါ့နော် ဦးလေး"

သည်တစ်ကြိမ်တော့ ဦးကျော်ခေါင်က တူတော်မောင်စောရန်နိုင်အား ရှည်ရှည်ဝေးဝေး ရှင်းပြမနေတော့။ လက်ထဲမှစီးကရက်ကို ပြာခံခွက်လှလှလေးထဲသို့ ထိုးချေလိုက်ပြီး အောက်ဆုံးစားပွဲအံဆွဲထဲမှ မှတ်တမ်းဖိုင်အနီတစ်ခုကို ဆွဲထုတ်ယူလိုက်ပါ၏။

"ကိုင်း . . . ရော့ စောကြီးရေ . . . ဟောဒီမှတ်တမ်းဖိုင်တွဲဟာ ငါတို့ရဲ့ဆွေစဉ်မျိုးဆက်သိမ်းဆည်းထားတဲ့ တပ်မှူးကြီး





နမျိုးဗလကျော်သူရေးထားခဲ့တဲ့ 'ပတ္တမြားကိုးပေါက်'ရဲ့ မှတ်တမ်းမှတ်ရာ သမိုင်းအချက်အလက်တွေပဲ၊ မင်း သေသေချာချာဖတ်ရှုလေ့လာပါ စောကြီး၊ ငါတို့ ဆွေစဉ်မျိုးဆက် လက်ဆင့်ကမ်းပြီး ဒီပတ္တမြားကြီးကို ရယူနိုင်ဖို့ ကြိုးစားလာခဲ့ကြတာပဲ။ ခု ငါတို့လက်ထက်မှာ ပတ္တမြားကြီးရဲ့ခြေရာကို ကောက်လို့ရပြီလေ၊ အဲဒီတော့ ဒီပတ္တမြားကြီးရဲ့နောက်ကို မင်း ခြေရာခံပြီးလိုက်ရမယ်၊ ငါ အားလုံးစီစဉ်ပြီးပြီ၊ ရှေ့အပတ်ထဲမှာ သမီးလေးစောနန်းနွယ် သမိုင်း (သီးစစ်)တင်ဖို့နဲ့ စာတန်းတင်ဖို့ကိစ္စအတွက် မိုးမိတ်နဲ့ မိုးကုတ်တစ်ဝိုက်ကို ကွင်းဆင်းလေ့လာရမယ်။

အေး . . . ငါစီစဉ်ထားတာက စောနန်းနွယ်နဲ့ မင်းကိုယ်တိုင် လိုက်သွားပြီး မိုးမိတ်က ကျောက်ပြာသာဒ်တစ်ဝိုက်မှာ သျှိုဝနုတ်ကွန်းဟောင်းကို ရှာဖွေပါ၊ သျှိုဝနုတ်ကွန်းကျောင်းကို တွေ့ရရင် ပတ္တမြားကြီးရဲ့ခြေရာကို ကောက်လို့ရပြီ စောကြီး"

မည်သည့်ကိစ္စကိုမဆို ကြီးသည်ငယ်သည် မရွေး၊ အချိန်ယူ၍ စနစ်တကျ သိုသိုသိပ်သိပ်ဖြင့် လုပ်ဆောင်လေ့ရှိသော ဦးလေးဦးကျော်ခေါင်၏အကြောင်းကို သိရှိပြီးသားမို့ စောရန်နိုင်မှာ မှတ်တမ်းဖိုင်ကိုပိုက်ကာ စာကြည့်ခန်းအတွင်းမှ ထွက်ခွာခဲ့



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါတော့သည်။

အပြင်မှာတော့ သန်းခေါင်ယံ၏ တစ်ခြမ်းပဲ့လကွေးကွေး လေးသည် ကျန်ရှိနေသေးသော လက်ကျန်ညဥ့်ခရီးရှည်ကြီးတွင် တတ်ဆိတ်စွာဖြင့် ခရီးနှင်နေဆဲပါ။

⁂ ⁂ ⁂





## အခန်း (၇)

## တစ်ရံရောအခါက၊၊ ပတ္တမြားကိုးပေါက်သမိုင်း

သူ့နာမည်က ... တောက်ထိန်၊

မိုင်းဆတ်မြို့ဝန်မင်း ဦးခွန်မှိုင်း၏ တစ်ဦးတည်းသော [illegible]ားကြီးသြရသ။

နောင်သော် ဖခင်မြို့ဝန်မင်း၏ အရိုက်အရာကို ဆက်ခံရ[illegible]ည့် မိုင်းဆတ်၏ အနာဂတ်သားကောင်းရတနာတစ်ဦး ဖြစ်လာ[illegible]မည်ဟု မျှော်လင့်ချက် ကြီးကြီးမားမားထားခဲ့သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



သားဖြစ်သူတောက်ထိန်၏ ကံဇာတာက လွဲချော်ရှာခဲ့သည် ထင့်
အရွယ်ရောက်လာကတည်းက အသတ်အပုတ်၊ အကြမ်
အရမ်း၊ အတိုက်အခိုက်ပညာရပ်များဘက်တွင် လွန်စွာကျွမ်းဝင်
သည့်အပြင် အသောက်အစား လောင်းကစားနှင့် မိန်းမကိစ္စမျာ
မချန် စွယ်စုံရပညာရှင်တစ်ဦးနယ် ဖြစ်တည်လာပြီးနောက်မှာ
တော့ ဒုစရိုက်လမ်းဆုံးဖြစ်သော လူဆိုးဓားပြဘဝသို့ ကူးပြောင်
ရောက်ရှိသွားပါတော့သည်။

ဖခင်ဖြစ်သူ မိုင်းဆတ်မြို့ဝန်ကြီးကိုယ်တိုင် အကြိမ်ကြိ
အခါခါ ဆုံးမ,ခဲ့ပါသော်လည်း တောက်ထိန်မှာ စောရနက္ခတ်န
ဘီလူးနက္ခတ် ပေါင်းစည်း၍ မွေးဖွားလာခဲ့သူ ဖြစ်ခဲ့လေသည
ထင့်။ နောက်ဆုံး ဖမ်းဝရမ်းထုတ်ရသည့်အဆင့်ထိတိုင် ရော
ရှိသွားပါလေတော့သည်။

"ဟား ..ဟား ..ဟား ..ဟား ..အခုမှပဲ လွ
လပ်သွားတော့တယ်ဟေ့၊ ဟင်း ..ဟင်း ..ဟင်း ..နို့မို့ဆို
မြို့ဝန်မင်းရဲ့သားကြီးညရသဆိုပြီး သိက္ခာတွေ, ဂုဏ်ဒြပ်
ထိန်းသိမ်းပေးနေရသေးတယ်၊ အခုမှပဲ ငါ့စိတ်တိုင်းကျ နေ
တော့တယ်၊ ကိုင်း ...အခုချိန်ကစပြီး မဟာမြိုင်တောတန်း





ပြီး တောက်ထိန်ဆိုတဲ့ လူဆိုးဓားပြဘဝနဲ့ နယ်စားပယ်စား လုပ်ပြီဟေ့ ...ငါ့နောက်လိုက်ချင်တဲ့သူတွေ လိုက်ခဲ့ကြပေတော့"

တောက်ထိန်ကဲ့သို့ သတ်ရဲဖြတ်ရဲ၊ လက်ရဲဇက်ရဲနှင့် သေမထူး,နေမထူးရှိကြသော ဗိဇတူ၊ အကြိုက်တူကြသော နောက်လိုက်နောက်ပါများမှာ တောက်ထိန်၏တပည့်အဖြစ် ခံယူကာ မဟာမြိုင်တောကြီးရှိရာသို့ ဝင်ရောက်ခိုလှုံသွားကြသည်။

ထိုအချိန်မှစ၍ တောက်ထိန်ဆိုသည့် မိုင်းဆတ်မြို့ဝန် ဦးခွန်မှိုင်း၏ သားကြီးညရသဘဝမှ သူပုန်လူဆိုးဓားပြ တောက်ထိန်ဘဝသို့ နေ့ချင်းညချင်း ကူးပြောင်းရောက်ရှိသွားပါတော့သည်။

ထိုအချိန်, ထိုကာလကလည်း မြန်မာနိုင်ငံတော်ကြီး၏ နိုင်းတွင်းရေးသည် မငြိမ်မသက်ဖြင့် ရှုပ်ထွေးနေချိန်ဖြစ်သဖြင့် တောက်ထိန်၏ သူပုန်သူကန်အရေးသည် မီးလောင်ပြင်ထဲတွင် လေမီးခွက်ထ,တောက်သကဲ့သို့သော ရှိပါချိမ့်သည်။

တိတိပပဆိုရလျှင် သက္ကရာဇ် (၁၈၇၈) ခုနှစ် မင်းတုန်း



www.burmeseclassic.com

www.burmeseclassic.com



မင်းတရားကြီး သက်တော် (၆၀) ကျော်သို့ ရောက်ရှိလာချိန် သုသာန်သို့ ခြေတစ်ဖက်လှမ်းနေချိန်၊ ကျန်းမာရေးချူချာတော်မူလာသဖြင့် စက်ရာထက်တွင် အချိန်ပြည့် သမားတော်ကြီးများနှင့် လုံးပန်းနေရချိန်လည်း ဖြစ်ပါ၏။

မြန်မာနိုင်ငံအောက်ပိုင်းကို မြေထဲမြို့ (ယခုအောင်လံမြို့)အထိ သိမ်းယူထားပြီးဖြစ်သော နယ်ချဲ့အင်္ဂလိပ်တို့ရန်က တစ်ဖက်၊ များပြားလှသော သားတော်များ၏ ပုန်ကန်မှုများနှင့် နန်းတွင်းနန်းပြင် ပြဿနာအရပ်ရပ်တို့ကတစ်ဖက်၊ သူ့လူကိုယ့်လူ၊ သူ့ဘက်ကိုယ့်ဘက်ဟူ၍ တိတ်တဆိတ် ခွဲခြမ်းရေးလုပ်ဆောင်နေကြသည့် မိဖုရားများနှင့် အမတ်ကြီးများကတစ်ဖက်ဖြင့် လွန်စွာမှ ကသောင်းကနင်းဖြစ်နေချိန်လည်း တိုက်ဆိုင်နေသဖြင့် 'တောက်ထိန်'ဆိုသော လူဆိုးဓားပြတစ်ယောက်၏ ပုန်ကန်ထောင်ထားမှုကို ဖိဖိစီးစီး အရေးမယူနိုင်ခဲ့ပါ။

ထို့ကြောင့် ဖခင်ဖြစ်သူ မိုးဆက်မြို့ဝန်မင်း၏ ရဲမက်စစ်သည်လောက်ကိုမူ လူဆိုးဓားပြတောက်ထိန်အတွက် အလေးထား ဂရုစိုက်စရာမလိုဟု သဘောပိုက်ခဲ့လေသည်ထင့်။

မဟာမြိုင်တောအုပ်ကြီးကို အမှီသဲဟဲပြုကာ လုယက်မှု





လူသတ်မှု၊ မုဒိမ်းမှုများကို ပြောင်ပြောင်တင်းတင်းပင် လုပ်ဆောင်လျက် ရှိပါတော့သည်။ နောက်ဆုံး မကြံစည်သင့် မကြံစည်အပ်သော အကြံအစည်များကိုပင် ရဲတင်းစွာ လုပ်ကိုင်ကြရန် အဆင့်သို့ပင် တစ်ဆင့်တက်လာခဲ့ကြပါတော့သည်။

"ဒီမှာ ဗိုတောက်ထိန် ...ကျုပ် အခွင့်အလမ်းကောင်း တစ်ခု တွေ့ထားတယ်၊ နည်းနည်းတော့ စွန့်စားရလိမ့်မယ်ဗျ၊ အဲ ..အောင်မြင်သွားခဲ့ရင်တော့ ကျုပ်တို့ ဆယ်သက်စားလို့ မကုန်နိုင်တဲ့ ရတနာပုံကြီးဆိုက်တာနဲ့အတူတူပဲ ဗိုတောက်ထိန်"

တစ်ခုသောညနေခင်းတွင် သူငယ်ချင်းလည်းဖြစ်၊ လူယုံတော်လည်းဖြစ်သည့် ငမဲခေါင်နှင့်အတူ သေရည်သောက်စားရင်း စကားလက်ဆုံပြောနေကြခြင်း ဖြစ်သည်။

"စိန်လိုက်လေ ငမဲခေါင်ရယ်၊ ကိုင်း ...ပြောစမ်း ...ဘယ်လိုစွန့်စားရမှာလဲ၊ နေပြည်တော်တက်ပြီး သူပုန်ထ,ရမှာလား၊ အင်္ဂလိပ်စစ်ဗိုလ်ခေါင်းကို တက်ပြီးဖြတ်ရမှာလား ..ဟင်း ..ဟင်း ..ဟင်း"

"ဟင်း ..ဟင်း ..ဟင်း ..အဲဒီလောက်ကြီး မဟုတ်ပါဘူး တောက်ထိန်၊ ကျုပ်တို့ ကျွမ်းဝင်ပြီးသား ချက်မြှုပ်ခဲ့သ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တဲ့ ဟောဒီနယ်မြေထဲမှာပဲ လှုပ်ရှားရမှာပါ၊ အဲ ... တစ်ခုပဲ ရှိတယ် ... လုပ်ရင် တစ်ချီတည်း အပိုင်လုပ်ရမှာမို့ အချိန်အခါနဲ့ အခွင့်ကောင်းကိုစောင့်ပြီး လုပ်မှဖြစ်မယ်”

ငမဲခေါင်၏စကားကို တောက်ထိန်တစ်ယောက် စိတ်မရှည်နိုင်ပြီ ထင့်။ သောက်လက်စ သေရည်ခွက်ကို ခွပ်ခနဲ ဆောင့်ချလိုက်ရင်း ...

“ကိုင်း ... ရှင်းရှင်းပြောစမ်း ငမဲခေါင် ... ငါ့ကို စကားပြောရင် နိဒါန်းတွေ, စာကိုယ်တွေနဲ့ သွယ်ဝိုက်ပြီးပြောမနေနဲ့၊ ငါက သိပ်ပြီးစိတ်ရှည်တဲ့ကောင် မဟုတ်ဘူး၊ လိုရင်းကိုပဲ ပြောစမ်းကွာ”

“ဒီလိုရှိတယ် ဗိုတောက်ထိန် ... ကျုပ်တို့ မိုးမိတ်နယ်မှာ ပတ္တမြားထွက်ရှိတဲ့ ကျောက်ပြာသာဒ်တောင်ကို သိတယ် မဟုတ်လား”

“အာ ... သိတာပေါ့ ငမဲခေါင်ရယ်၊ အဲဒီကျောက်ပြာသာဒ်တောင်ခြေက သျှိဝနတ်ဘုရားကျောင်းတော်ကြီးမှာ တောင် နှစ်တိုင်း ငါ့အဖေ နယ်စားကြီးနဲ့အတူ ပူဇော်ပသခဲ့ဖူးသေးတယ်ကွ”





“အေး ... ဒါဆိုရင်ဟုတ်ပြီ၊ ဒီမှာ ဗိုတောက်ထိန်.. အဲဒီသျှိဝနတ်ဘုရားရဲ့ နဖူးသင်းကျစ်တော်မှာ မြှုပ်နှံပြီး ပူဇော်ထားတဲ့ ပတ္တမြားကြီးအကြောင်းကို နေပြည်တော်က ကျုပ်တို့ရဲ့ အထောက်တော်ကတစ်ဆင့် အဖိုးတန်သတင်းတစ်ခု ရခဲ့တယ်၊ အဲဒီပတ္တမြားဟာ အင်မတန်ရှားပါးပြီး အဖိုး နှုတ်ထိုက်တဲ့ ကိုးပေါက်ပတ္တမြားတဲ့”

“ဘာ ... ကိုးပေါက်ပတ္တမြား .. ဟုတ်လား .. အဟွတ် ဟွတ် .. ဟွတ်”

ငမဲခေါင်ထံမှ ကိုးပေါက်ပတ္တမြားဟူသော စကားသံကြောင့် တောက်ထိန်မှာ သောက်လက်စ သေရည်များပင်သီးကာ ချောင်းတဟွတ်ဟွတ်ဖြစ်သွားရပါ၏။

“ဟုတ်တယ် ဗိုတောက်ထိန် အဲဒီ ‘ကိုးပေါက်ပတ္တမြားကြီး’ကိုသာ ကျုပ်တို့ရလာခဲ့ရင် ဝယ်မယ့်သူက အဆင်သင့်ပဲ၊ င်း ... အထောက်တော်ရဲ့ ပြောစကားအရဆိုရင် ပြင်သစ်က ဝယ်တော်ကုန်သည်တစ်ဦးက ဈေးကောင်းကောင်းပေးပြီး ယူမယ်လို့ ပြောထားတယ်၊ တစ်ခုရှိတာက အဲဒီကျောက်ပြာသာဒ်က သျှိဝကျောင်းတော်ကြီးကို တပ်မှူးကြီးကျော်စွာကိုယ်တိုင် ဂရု



www.burmeseclassic.com

www.burmeseclassic.com



တစိုက်နဲ့ ကြပ်ကြပ်မတ်မတ် စောင့်ရှောက်နေတာဆိုတော့ ဒေ
တော်တော့ ခက်ခက်ခဲခဲ ရင်ဆိုင်ရလိမ့်မယ်ထင်တယ်''

ငမဲခေါင်၏စကားကို တောက်ထိန်တစ်ယောက် ဒေ
ရည်ခွက်ပင်မသောက်တော့ဘဲ လေးလေးနက်နက် စဉ်းစား
ပါ၏။ ညနေခင်းလေပြည်၏ ဆော့ကစားမှုကြောင့် သစ်ရွ
ခြောက်တို့ ဟိုသည်ရှပ်တိုက်ပြေးလွှားလျက်ရှိကြသည်။

လေနှင်ရာနောက် လွင့်ပျံပြေးလွှားသွားသည့် သစ်ရွ
ခြောက်များနောက်သို့ အတန်ကြာမျှ အဓိပ္ပာယ်မဲ့ ငေးမောကြ
နေပြန်ပါ၏။ ပြီးမှ သေရည်တကောင်းထဲမှ သေရည်အချို
သူ၏ခွက်ထဲသို့ ငှဲ့ထည့်လိုက်သည်။

''အင်း ... အစီအစဉ်အားလုံးကို အကွက်ကျကျသ
ကျင့်သုံးနိုင်မယ်ဆိုရင် မင်းပြောတဲ့ ပတ္တမြားကိုးပေါက်ကို ငါ
လက်ထဲ အလွယ်တကူရောက်လာဖို့ရှိတယ်၊ ဒါပေမဲ့ သတ်
သေရဲရမယ်၊ ရက်စက်ရဲရမယ်၊ အရေးကြီးဆုံးက သျှီဝနတ်ဘုရ
ကျောင်းဆောင်က ရဲမက်အစောင့်တွေအားလုံးကို တစ်ယောက်
အလွတ်မခံဘဲ သတ်ပစ်ရမယ်၊ လက်စလက်နနဲ့ ခြေရာလက်
တွေအားလုံးဖျောက်ဖျက်ပစ်နိုင်မှ ငါတို့နောက်ကြောင်းအေးမယ်





''ဒါဆိုရင် လွယ်ပါတယ်၊ ကျုပ်တို့ အချိန်အခါကောင်း
ကို ရွေးတတ်ရမယ်၊ အကြမ်းဖျင်းဆိုရရင်တော့ ကျုပ်တို့က
ယ်မြေကျွမ်းကျင်ပြီးသားဆိုတော့ လုပ်ကိုင်မယ့်ရက်ကို လမိုက်
ညကို ရွေးချယ်ရမယ်၊ နောက်ပြီး နတ်ဘုရားကျောင်းမှာ
စောင့်ရဲမက်တွေ နည်းပါးတတ်တဲ့ မိုးမိတ်စော်ဘွားကြီးဆီကို
င်းထွက်ပတ္တမြားတွေ သွားပြီးဆက်သတတ်တဲ့နေ့ကို ရွေးချယ်
မယ်''

''အိုး ..ဟိုး..ဟိုး ..ကြိုက်သွားပြီ ငမဲခေါင်ရေ
ဒီအစီအစဉ်အတိုင်းသာ မြန်မြန်စီစဉ်ပြီးတော့ သျှီဝနတ်ဘုရား
ကျောင်းတော်မှာရှိတဲ့ နတ်ရုပ်တုကြီးရဲ့ နဖူးသင်းကျစ်တော်က
တ္တမြားကိုးပေါက်ကြီးကို ငါ မရရအောင် ယူပြမယ်ဟေ့ ..ဟား
..ဟား ..ဟား ..ဟား ..''

တောက်ထိန်၏ တဟားဟားရယ်မောသံကြီးက
မှောင်သမ်းစ ညနေခင်းလေပြည်စီးကြောင်းထဲတွင် ပဲ့တင်ရိုက်
တ်သွားပါလေတော့သည်။

ဤသို့ဖြင့် တောက်ထိန်တို့မှာ သျှီဝနတ်ဘုရားကျောင်းမှ
သမ်မှုကြီးကျော်စွာ၏ စစ်သည်အင်အားလျော့ပါးမှုနှင့် လမိုက်



www.burmeseclassic.com

www.burmeseclassic.com



ညအချိန်ကာလတို့ တိုက်ဆိုင်မှု အခွင့်အခါကောင်းကို စောင့်စာ
၍ သျှို၀ကျောင်းတော်ကို ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ကြသည်

ကံကြမ္မာသည် လောဘသားကောင် တောက်ထိန်ဘက်
တွင် အလေးသာခဲ့လေသည်ထင့်။ တပ်မှူးကြီးကျော်စွာကိုယ
ရက်ရက်စက်စက်သတ်ဖြတ်၍ ခြေရာပျောက်လုပ်ကြံနိုင်ခဲ့ပြ
'ပတ္တမြားကိုးပေါက်'ကို တောက်ထိန်ကိုယ်တိုင် အမိအရ ယ
ဆောင်နိုင်ခဲ့ပါလေ၏။

နံနက်မိုးသောက် အလင်းရောက်ခဲ့ချိန်မှာတော့ သျှို
နတ်ဘုရားကျောင်းတော်တစ်ဝိုက်တွင် သွေးညှီနံ့များသင်းက
သွေးချောင်းစီးခဲ့ပြီး သျှို၀နတ်ရုပ်တုကြီး၏ နဖူးသင်းကျစ်တော်
ကိုးပေါက်ပတ္တမြားကြီးသည်လည်း စုပ်စမြုပ်စပင် ပျောက်ဆုံ
သွားခဲ့ပါချေပြီတည်း။

ထိုကဲ့သို့ ပတ္တမြားကိုးပေါက် ပျောက်ဆုံးသွားခဲ့ပြီး တစ်
ပတ်ခန့်အကြာမှာတော့ မဟာမြို့တော်အုပ်ကြီးထဲရှိ လူဆိုးဓားပြ
တောက်ထိန်၏ လျှို့ဝှက်စခန်းတွင် အောင်ပွဲကြီးတစ်ခုကို မြိုင်
မြိုင်ဆိုင်ဆိုင် ကျင်းပလျက်ရှိပါချေ၏။

ကျားသစ်ရေခင်းထားသည့် ကျောက်သားကုလားထိုင်





ထက်တွင် သေရက်ခွက်ကိုကိုင်မြှောက်ကာ အောင်ပွဲခံနေသည့်
တောက်ထိန်က သူ၏လက်ရုံးလူယုံတော် ငမဲခေါင်နှင့်အတူ
အပျော်ကျူးနေပါ၏။

ပြင်သစ်လူမျိုး ကျောက်မျက်ရတနာကုန်သည် ဂျီးဇက်
နဗီးသည် မကြာမီအချိန်အတွင်း ပတ္တမြားကိုးပေါက်ကို ဝယ်
ယူရန် ရောက်ရှိလာတော့မည် မဟုတ်ပါလား။

"ကိုင်း . . . သူ့မတူအောင်ဓားရေးကျွမ်းတဲ့ တပ်မှူးကြီး
ကျော်စွာကို သတ်ဖြတ်နိုင်ခဲ့တာရယ်, ကိုးပေါက်ပတ္တမြားကြီးကို
အောင်အောင်မြင်မြင် ရယူနိုင်ခဲ့တာရယ်ကို ဂုဏ်ပြုတဲ့အနေနဲ့
နောက်တစ်ခွက်လောက်သောက်လိုက်ပါဦး ဗိုတောက်ထိန်"

"အိုး . . ဟိုး . . ဟိုး . . အိုး . . ငမဲခေါင်ရယ် . . .
ငါ့ရဲ့တပည့်တပန်းတွေထဲမှာ မင်းဟာ အသိတတ်ဆုံးနဲ့ နားလည်
မှု အရှိဆုံးပဲ ဟင်း . . ဟင်း . . ဒီတိုက်ပွဲမှာ မင်းလည်း စီစဉ်
ကွပ်ကဲမှုကောင်းလို့ ဟောဒီ ငါ့ရဲ့လက်စွပ်တော်ကို ချီးမြှင့်လိုက်
မယ်၊ ကဲ . . . ရော့ . . . ယူပေတော့ . . ဟား ဟား ဟားဟား"

သောက်ရင်းစားရင်း ကျောက်ပြာသာဒ်မှ သျှို၀နတ်
ကျောင်းတော်တိုက်ပွဲအကြောင်းကို မြိန်ရည်ရှက်ရည်ပြောကြရင်း



www.burmeseclassic.com

www.burmeseclassic.com



တောက်ထိန်က ငမဲခေါင်အား သူ၏လက်စွပ်တော်ကို ချီးမြှင့်ပေးလိုက်ပါ၏။

"ဟေး ... အခုလို တပည့်လက်သားတွေအပေါ်မှာ သိတတ်တဲ့ ဗိုတောက်ထိန် သက်တော်ရာကျော်ရှည်ပါစေ"

"ဟေး .. ဟူး .. ဟိုင်း .. ဟိုး .. ဟေး"

'ဖြောင်း .. ဖြောင်း .. ဖြောင်း .. ဖြောင်း'

မူးယစ်သောက်စားကြရာမှ ထွက်ပေါ်လာသော အော်ဟစ်သံများ၊ လက်ခုပ်သံများက မဟာမြိုင်တောအုပ်ကြီးထဲဝယ် ပဲ့တင်ရိုက်ခတ်သွားပါလေတော့သည်။

ငမဲခေါင်သည် တောက်ထိန်အား ဂုဏ်ပြုသည်ဆိုကာ သူရာရည်များကို တစ်ခွက်ပြီးတစ်ခွက် တိုက်ကျွေးနေပါ၏။ သို့သော် သူကိုယ်တိုင်ကမူ အနည်းငယ်မျှသာ ဟန်ဆောင်ပန်ဆောင်သောက်ရင်း သူရာရည်ခွက်ကို တောက်ထိန်အလစ်တွင် အောက်သို့သာ သွန်ချနေသည်။

တကယ်တော့ ... ငမဲခေါင်သည် သူငယ်ချင်းရောင်းရင်းဖြစ်သူ ဗိုတောက်ထိန်အပေါ် အကောက်ဉာဏ်ဆင်၍ သတ်ဖြတ်ရန် ကြံစည်နေခြင်းသာ ဖြစ်ပါ၏။





ပတ္တမြားကိုးပေါက်၏ များပြားလှသောတန်ဖိုးဈေးနှုန်းကို အထောက်တော်ထံမှ ကြိုတင်၍ ငမဲခေါင်သိရှိထားခြင်းကြောင့် ဤကဲ့သို့ ကြံစည်ခဲ့ခြင်းဖြစ်သည်။

သူ့ထက် လက်ရုံးရည်စွမ်းအား သာလွန်သည့် တောက်ထိန်ကို ရိုးရိုးသားသားယှဉ်ပြိုင်၍ အနိုင်ယူရန် မည်သို့မျှ မလွယ်ကူသဖြင့် ဥပါယ်တံမျဉ်နှင့် သေရည်မူးအောင် တိုက်ခဲ့ခြင်းပင်ဖြစ်သည်။

ထိုအချိန်မှာပင် တိုက်တိုက်ဆိုင်ဆိုင်ပင် တောက်ထိန်က သူ၏အိတ်ထဲမှ ကိုးပေါက်ပတ္တမြားကြီးကို သေရည်မူးမူးနှင့် ထုတ်ယူကြည့်နေပါ၏။ မှောင်ရီသမ်းစ ထွန်းညှိလိုက်သည့် ကညင်မီးတိုင်၏ အလင်းရောင်အောက်တွင် ပတ္တမြားကိုးပေါက်၏ ရှိသောအရောင်အသွေးများက တောက်ထိန်လက်တွင်းမှ ယိုဖိတ်စီးဆင်းကျနေသကဲ့သို့။

"ဟင်း .. ဟင်း .. ဟင်း .. ကြည့် .. ကြည့်စမ်းပါဦး ငမဲခေါင်ရယ် ... ဒီလောက်အရည်အသွေးကောင်းတဲ့ ပတ္တမြားကြီးကို ပြင်သစ်အဝယ်တော်ကြီးလက်ထဲကို ထိုးပေးလိုက်ရမှာ နှမြောဖို့ ကောင်းလိုက်ပါဘိတော့တယ် .. ဟူး .. ဟူး .. ဟား"



www.burmeseclassic.com

www.burmeseclassic.com



တောက်ထိန်မှာ ယိမ်းယိုင်သွားသည့် ခန္ဓာကိုယ်ကြီး အနိုင်နိုင်ထိန်းရင်း လက်ထဲမှ ကိုးပေါက်ပတ္တမြားကြီးကို ဆုပ်ကိုင်၍ ငမဲခေါင်အား ပြသနေပါ၏။

သူ၏ လောဘစိတ်အဟုန်က ပတ္တမြားကြီးပေါ်တွင် အ... သာငမ်းငမ်းနှင့် ကျရောက်နေသည်မို့ အကြံသမားငမဲခေါင်၏ တိတ်တဆိတ်လှုပ်ရှားလိုက်မှုကို တောက်ထိန် သတိမမူနိုင်လိုက်...

"ဟင်း ..ဟင်း ..ဟင်း ..သိပ်ဟုတ်တာပေ... ဗိုတောက်ထိန်ရယ်၊ အဲဒီတော့ တိုင်းတစ်ပါးသားတွေလက်ထဲ... တော့ ပတ္တမြားကြီးကို အရောက်မခံတော့ဘူး၊ ကျုပ်ပဲ ယူလိုက်... တော့မယ် ကိုင်း ..."

'ဝုတ် ..ဒုတ်'

"အ ..အု .."

ငမဲခေါင်၏ လျှပ်ပြက်သလို လှုပ်ရှားလိုက်သော ဓား... ချက်က တောက်ထိန်၏လည်ပင်းကို ထိထိမိမိပင် ပိုင်းဖြတ်လိုက်... နိုင်ပါ၏။

တောက်ထိန် သတိထားလိုက်နိုင်ချိန်မှာတော့ သူ၏ ဦးခေါင်းနှင့် ခန္ဓာကိုယ်ကြီးသည် တခြားစီ, တစ်ပိုင်းစီ ဖြစ်သွား...





ခဲ့ပါချေပြီတည်း။

သို့တိုင်အောင် လက်ထဲတွင်ဆုပ်ကိုင်ထားသော ပတ္တမြား ကိုးပေါက်ကိုမူ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားဆဲဖြစ်သဖြင့် ငမဲခေါင်မှာ အလွယ်တကူဖြုတ်ယူ၍မရ ဖြစ်နေပါ၏။

"အော် ... သေသွားတာတောင်မှ ပစ္စည်းကို မက်မော နေရသေးတယ် ဗိုတောက်ထိန်ရယ်၊ ကိုင်း ... ကြာတယ်"

'ဝုတ် ..ဒုတ် ..ဒုတ် ..'

'လောဘဟူသည် ဆင်ရိုင်းစွ၊ ပညာဟူသည် ချွန်း ထောက်မ' ဆိုသော စကားပုံကဲ့သို့ပင် လောဘတည်းဟူသော အလိုရမ္မက်ဇောက ဘီလူးသရဲစီးသလို ပူးကပ်လာ...သည့်အခါမှာ တော့ မုန်ယိုဆင်ရိုင်းတစ်ကောင်ကဲ့သို့ အထိမ်းအကွပ် မဲ့ခဲ့ပါချေ ပြီတည်း။

တောက်ထိန်၏ နိုင်မြဲစွာဆုပ်ကိုင်ထားသည့် လက် ချောင်းများမှာ ငမဲခေါင်၏ အကြင်နာကင်းမဲ့လှသော ဓားချက် များအောက်တွင် အပိုင်းပိုင်းပြတ်တောက်သွားခဲ့ပါတော့သည်။

လောဘဆင်ရိုင်းပူးကပ်ကာ မကြံသင့်သည်များကို ကြံ စည်ပြုမူခဲ့သည့် တောက်ထိန်တစ်ယောက် သျှို့ဝနတ်မင်းကြီး၏



www.burmeseclassic.com

www.burmeseclassic.com



ကျိန်စာသင့်ခဲ့ရှာသည်လေလား ဆိုသည်ကိုတော့ တမလွန်သို့ ကူးပြောင်းသွားသည်အထိ သိရှိမသွားနိုင်ခဲ့ပါပြီတကား။

အသားကိုလှီးတာလောက်တော့ ...

လှီးပါ ... ယူပါ ...

အသွေးကိုသောက်တာလောက်တော့ ...

သောက်ပါ ... သုံးပါ ...

ဒါပေမဲ့ ...

အကြင်နာခေါင်းပါး ... စိတ်ထားမမှန်

အကြံစိတ်ယုတ်နဲ့ ... နှလုံးသားကိုပါ ...

ထုတ်ယူဖို့ကြံစည်ခဲ့ရင်တော့ ...

ကျူးလွန်တဲ့ ... လက် ... ရိုက်ချိုးပျက်လို့

အသွားထက်ထက် ဓားထက်ထက်မှာ ...

လက်ချောင်းများပြတ်တောက် ...

သွေးပေါက်ပေါက်ပန်းပါစေသား ...။ ။

❋ ❋ ❋



## အခန်း (၈)

## ကျိန်စာ၏ သားကောင်များ

ရှုံ့နွံသည် ရေကြောင့်ဖြစ်၏၊ ရေနှင့်သာလျှင် စင်ကြယ်စေ၏။

မကောင်းမှုသည် စိတ်ကြောင့်ဖြစ်၏။ စိတ်နှင့်သာလျှင် စင်ကြယ်စေ၏။

သို့သော် ထိုစိတ်သည် မကောင်းမှု၌သာလျှင် ပျော်မွေ့လွယ်၏။ ပူလောင်သော လောဘစိတ်သည် လူသားတို့၏ လွန်



www.burmeseclassic.com

www.burmeseclassic.com



စွာဒုက္ခပေးလှသည်။ သို့သော် လူသားများစွာတို့သည် ထိုလောဘ၊ ဒေါသ၊ မောဟ ရွံ့နွံထဲတွင်သာ ယစ်မူးကုန်ကြသည်။

ယခုလည်း ကိုးပေါက်ပတ္တမြားကြီးပေါ်တွင် လောဘရမ္မက်တည်းဟူသော စိတ်ဆင်ရိုင်းတို့သည် အခါမလပ် ဖုံးလွှမ်းလာကြသောအခါ လူသားအချင်းချင်း သတ်ဖြတ်လုယက်ကြသည့်အထိ ကြုံတွေ့လာခဲ့ရပါချေပြီတည်း။

လူဆိုးဓားပြတောက်ထိန်အား သတ်ဖြတ်ကာ လူယုံတော် ညာလက်ရုံး ငမဲခေါင်က ပတ္တမြားကြီးကို လုယက်ယူငင်ခဲ့သည်။

ထိုကိုးပေါက်ပတ္တမြားကြီးကို သူ၏အထောက်တော်နှင့် ပူးပေါင်းကာ ပြင်သစ်ရတနာကုန်သည် ဂျိုးဖက်နဗီးထံ ရောင်းချခဲ့ကြသည်။

သည့်တစ်ကြိမ်တွင်လည်း အထောက်တော်နှင့် ငမဲခေါင်တို့နှစ်ယောက် ပူးပေါင်း၍ ပြင်သစ်ရတနာကုန်သည်ကြီးအားလှည့်ဖြားကာ ငွေကြေးရော၊ ပတ္တမြားကြီးပါ အရယူရန် စီစဉ်ခဲ့ကြပြန်ပါ၏။

ပတ္တမြားကြီးကိုဝယ်ယူရန် ရောက်ရှိလာသည့် ဂျိုးဖက်





ီးက သူ့အတွက် လုံခြုံစိတ်ချရာ နေအိမ်တစ်ခုတွင် ချိန်းဆိုလာပါသည်။ အခန်းထဲတွင် သူတို့နှစ်ဦးနှင့် ဂျိုးဖက်နဗီး သုံးယောက်သား တိတ်တဆိတ် တွေ့ဆုံလိုက်ကြသည်နှင့် စားပွဲတွင် ချိန်းညှိထားသည့် မှန်အိမ်မီးကို ငမဲခေါင်က ဖျတ်ခနဲ ငြိမ်းလိုက်ပါ၏။

. ပြင်သစ်ရတနာကုန်သည်ကြီး ဂျိုးဖက်နဗီးက ရုတ်တရက်မို့ ထိတ်ခနဲဖြစ်သွားစဉ် ငမဲခေါင်က စားပွဲပေါ်မှ ယွန်းကလပ်ပေါ်တွင် ပတ္တမြားကိုးပေါက်ကို တင်လိုက်သည်။

မကြာမီ မှောင်မည်းနေသည့် အခန်းကြီးတစ်ခုလုံး နီရဲသောအလင်းတန်းများ တဝင်းဝင်းတလက်လက်နှင့် ကြီးစိုးမင်းမူသွားပါ၏။ ထိုမြင်ကွင်းကြောင့် ပြင်သစ်ကြီးဂျိုးဖက်နဗီးမှာ ပါးစပ်အဟောင်းသားဖြစ်သွားကာ ပတ္တမြားကိုးပေါက်ကို မျက်တောင်မခတ်စတမ်း ငေးစိုက်ကြည့်နေပါတော့သည်။

"အိုး . . . ဘုရားသခင် တယ်လည်းအံ့ဩစရာကောင်းသပါလား ငမဲခေါင်ရဲ့၊ ပတ္တမြားကိုးပေါက်ကြီးရဲ့ နီရဲတဲ့အလင်းတာ မိုးကုတ်မြေတစ်ခုလုံးကိုတောင် လင်းထိန်သွားနိုင်တယ်ထင်ပါရဲ့"



www.burmeseclassic.com

"ဟင်း ...ဟင်း သိပ်ဟုတ်တာပေါ့ ဂျိုးဇက်ရယ် ဒီလိုအရည်အသွေးကောင်းသလောက် အဖိုးမဖြတ်နိုင်တဲ့ ပတ္တမြားကြီးကို ခင်ဗျားမြင်တွေ့ခွင့်ရတာဟာ ကမ္ဘာပေါ်မှာ ကံအကောင်းဆုံး လူသားတစ်ယောက်ပဲဗျ ဟင်း .. ဟင်း .. ဟင်း"

ငမဲခေါင်တို့သုံးဦးသား အမှောင်ထဲတွင် အနီရောင် အလင်းတန်းများ လင်းလက်တောက်ပနေကြသည်ကို အတန်ကြာမျှ အံ့သြစွာငေးမောကြည့်နေကြပြီးမှ မှန်အိမ်မီးများကို ပြန်လည်ထွန်းညှိလိုက်ကြသည်။

"အင်း ...အတော့်ကို အရည်အသွေးကောင်းတဲ့ ပတ္တမြားကြီးပဲ ငမဲခေါင်၊ ကျွန်ုပ် ကမ္ဘာအနှံ့အပြား ခရီးလှည့်လည်သွားပြီး ရတနာတွေကို ဝယ်ယူစုဆောင်းနေတဲ့သူပါ ဒါပေမဲ့ ဒီလောက်အရည်ကောင်းတဲ့ ပတ္တမြားကြီးမျိုး တစ်ခါမှ မမြင်ဖူးခဲ့တာ အမှန်ပါ"

ပြင်သစ်ကုန်သည် ဂျိုးဇက်နစ်ဇီးကိုယ်တိုင် ပတ္တမြားကြီးကိုကြည့်ကာ ချီးကျူးထောပနာပြုနေစဉ်မှာပဲ ငမဲခေါင်က ယွန်းကလပ်ပေါ်မှ ပတ္တမြားကြီးကို ဖျတ်ခနဲယူကာ သူ့ရှေ့ရှိ ကတ္တီပါဘူးကလေးထဲသို့ ယုယစွာထည့်ကာ ပိတ်လိုက်ပါ၏။

---

★ ခု နှစ် စဉ် ကြယ် တ ပေ ★



"ကိုင်း ...ငမဲခေါင် ...သင်တို့မြန်မာပြည်သားနှစ်ယောက်ကို ကျွန်ုပ် ကောင်းမွန်စွာဧည့်ခံဖို့ ပြင်ဆင်ထားပါတယ်"

ဂျိုးဇက်နစ်ဇီးမှာ ငမဲခေါင်တို့အား ဧည့်ခံစကားပြောဆိုရင်း လက်ခုပ်သုံးချက်တီးလိုက်သည့်တွင် ...

'ဖြောင်း ..ဖြောင်း ..ဖြောင်း'

ဧည့်ခန်းကြီးထဲတွင် လက်ခုပ်သံတဖြောင်းဖြောင်း မြည်သံကြီးနှင့်အတူ ခဏအတွင်းမှာပင် မိန်းမပျိုလေးသုံးဦးက စားသောက်ဖွယ်ရာမျိုးစုံတို့ကို ငွေလင်ပန်းများတွင်ထည့်လျက် ရောက်ရှိလာကြသည်။

နိုင်ငံခြားဖြစ် ဗော့ဒကာအရက်ပုလင်းကြီးများ၊ မွှေးပျံ့နေသည့် ကြက်ကြော်နှစ်ကောင်နှင့်အတူ ချိုချဉ်ခဲဖွယ်အစုံက ငမဲခေါင်နှင့် အထောက်တော် ငရွှေထူးတို့နှစ်ယောက်အား ညှို့ငင်မြူဆွယ်နေသည်သို့။

"ကဲ ...လွတ်လွတ်လပ်လပ်သာ စားကြသောက်ကြပါ။ အင်မတန်ထူးမြတ်လှတဲ့ ပတ္တမြားကြီးကို ကြည့်ရှုသိမြင်ခွင့်ရတဲ့ အထိမ်းအမှတ်နဲ့ ကျွန်ုပ်ရဲ့ ဧည့်ခံကျွေးမွေးခြင်းကို သုံးဆောင်ကြပါ အဆွေတို့"

---

★ ခု နှစ် စဉ် ကြယ် တ ပေ ★

www.burmeseclassic.com



ပြင်သစ်ရတနာကုန်သည်ကြီးသည် မြန်မာစကား ကျွမ်းကျင်လိမ္မာစွာဖြင့် ပြောဆိုညှိနှိုင်းနေခြင်းကြောင့် ငမဲခေါင် အံ့အားသင့်နေကြပါ၏။

မည်သို့ပင်ဖြစ်စေ တန်ဖိုးကြီးမြင့်သလောက် ရှား လှသော နိုင်ငံခြားဖြစ်သူရာရည်ကို မက်မောစွာပင် သော လိုက်ကြသည်။

"အားပါး ... တကယ့်ကိုကောင်းတဲ့ အရက်ပါလား ဂျိုးဇက်နဗီးရေ၊ ကျုပ်ရဲ့ မရှိမဲ့ရှိမဲ့ ဆွေမျိုးတွေတောင် မေ့သွား လောက်ပါပဲဗျာ .. ဟင်း .. ဟင်း"

"ကျွန်ုပ်ရဲ့ဂုဏ်ပြုအရက်ကို သင်တို့ကြိုက်နှစ်သက် တဲ့အတွက် ကျေးဇူးတင်ပါတယ် ငမဲခေါင်၊ ဟောဒီအိတ်ကြီး မှာ ပတ္တမြားကြီးနဲ့ တန်ဖိုးတူညီတဲ့ ငွေကြေးတွေရှိတယ်၊ ဘုရား သခင်ရဲ့ကျေးဇူးတော်ကြောင့် ကျွန်ုပ်ရရှိခဲ့တဲ့ ပတ္တမြားကိုးပေါက် ကိုလည်း ဦးညွှတ်လိုက်ပါတယ်"

ဂျိုးဇက်နဗီးက သူ၏နံဘေးတွင် အဆင်သင့်ချထား သည့် လက်ဆွဲအိတ်အမည်းကြီးကို စားပွဲထက်သို့တင်ကာ ငမဲ ခေါင်တို့ရှေ့သို့ တွန်းပို့လိုက်ပါ၏။





ငမဲခေါင်က သွက်လက်ဖျတ်လတ်စွာပင် အိတ်ကြီးဖွင့်၍ စစ်ဆေးလိုက်သည်။ များပြားလှသော ငွေကြေးဒင်္ဂါးများက အိတ်ကြီးထဲတွင် တဝင်းဝင်းတလက်လက်နှင့်။

ငမဲခေါင်က လက်စွဲအိတ်ကိုပိတ်လိုက်ပြီး သူ၏အထောက်တော် ငရွှေထူးအား မသိမသာ ခေါင်း ညိတ်အချက်ပေးလိုက်သည်နှင့် ...

"အလို ... ဘုရား ... ဘုရား ... ဘယ် ... ဘယ်လိုဖြစ်တာလဲ၊ ငါ့ရင်တွေပူပြီး ခေါင်းတွေလည်း တရိပ်ရိပ်မူး ... မူးလာ ... ဟင် ... ဂျိုး ... ဂျိုးဇက် ..."

ဟုတ်သည်။ ငမဲခေါင်ရော ငရွှေထူးပါ ရင်တစ်ခုလုံးပူလောင်လျက် အမြင်အာရုံများ ဝေဝါးလာခဲ့ပါပြီ။ တရိပ်ရိပ်မူးလာသော မြင်ကွင်းထဲဝယ် အိမ်ကြီးတစ်ခုလုံးကို ဇောက်ထိုးမိုးမျှော်ဖြစ်လျက် ရှိပါ၏။ ဂျိုးဇက်နဗီး သူတို့ကိုအကောက်ကြံလိုက်ပြီဟု သိရှိလိုက်ချိန်တွင် များစွာနောက်ကျသွားခဲ့ပါချေပြီတည်း။

"ဟင်း ... ဂျိုး ... ဂျိုးဇက် ... လူ ... လူယုတ်မာ၊ ဒါ ... တို့ ... ကို အရက်ထဲ ... မှာ ... အဆိပ် ... ဆိပ် ... ခတ် ... ခတ် ... ပြီး ... လုပ် ... လုပ် ... ကြ ... တယ်



www.burmeseclassic.com

www.burmeseclassic.com



. . . အ . . . အီး''

''အိုး . . ဟိုး . . ဟိုး . . နိုး . . နိုး . . နိုး . . . ကျွန်
ကို မဟုတ်တမ်းတရား မစွပ်စွဲပါနဲ့၊ အကောင်းဆုံး ဗော့ဒ်က
အရက်ကို သင်တို့ မသောက်ဖူးကြသေးလို့ပါ၊ အင်း . .
သောက်ပြီးသွားရင်လည်း အသင်တို့နှစ်ယောက်စလုံး ငြိမ်းချမ်း
ဘုံမှာ တစ်သက်လုံး အိပ်စက်အနားယူလိုက်ရမှာ သေချာတ
ငမဲခေါင်ရေ . . ဟား . . ဟား . . ဟား . .''

ငမဲခါင်မှာ ရင်တစ်ခုလုံးပူလောင်နေသည့်ကြားမှ
ဖက်နဖီး၏ ဘီလူးသရဲမျက်နှာကြီးနှင့် မကောင်းဆိုးဝါးရယ်
သံကြီးကို ကြားနေရပါ၏။ ငရွှေထူးကမူ ကုလားထိုင်ပေါ်မှ
ပစ်ကျကာ ကြမ်းပြင်ထက်တွင် လူးလိမ့်ရင်း ညည်းညူလျ
ရှိပါ၏။

''အီး . . အင်း . . အား . . ပူ . . . ပူ . . . ပူတ
. . . အ . . . အား''

လောဘဇောနှင့် ဒေါသအရှိန် ပူးကပ်နေသည့် ငမဲခေါ
ကမူ သူ့ရှေ့မှ ပတ္တမြားဘူးကို ဖျတ်ခနဲဆွဲယူလိုက်ပြီး ကျစ်က
ပါအောင် ဆုပ်ကိုင်ထားလိုက်သည်။





ပြီးလျှင် သူ၏ခါးပုံစထဲမှ လျှို့ဝှက်စွာ ယူဆောင်လာ
သည့် ဓားမြှောင်ကိုထုတ်ကာ ဂျိုးဇက်နဖီးထံ ပစ်ပေါက်ရန်
ကြိုးစားလိုက်သည်။ သို့သော် . . .

'ဒိန်း'

ကျယ်လောင်သော ပေါက်ကွဲသံကြီးနှင့်အတူ ငမဲခေါင်
၏ ဓားကိုင်လက်မှာ သွေးများ ဖြာခနဲစီးကျလာပြီး ဓားမှာလည်း
လွင့်စဉ်သွားခဲ့သည်။ ထို့အတူ ငမဲခေါင်၏ခန္ဓာကိုယ်ကြီးမှာလည်း
နောက်သို့လန်ကျသွားကာ ကြမ်းပြင်ထက်သို့ ဝုန်းခနဲ ပြိုလဲကျ
သွားပါတော့သည်။

ပြင်းထန်လွန်းသောအဆိပ်ကြောင့် ခန္ဓာကိုယ်ကြီးတစ်ခု
လုံး မည်းမှောင်လာပြီး ခဏတာမျှ တဆတ်ဆတ်နှင့်တွန့်လိမ်
ကာ နောက်ဆုံး ငမဲခေါင်တစ်ယောက် ဝိညာဉ်ချုပ်ငြိမ်းသွားပါ
တော့သည်။

ယခုတော့ မီးခိုးတလူလူထွက်နေသည့် သေနတ်တစ်
လက်ကိုကိုင်ကာ ငူငူကြီးရပ်နေသည့် ဂျိုးဇက်နဖီးတစ်ယောက်
တည်းသာ အခန်းထဲတွင် ကျန်ရစ်ခဲ့ပါလေ၏။

''ဂွတ်ဒ်လတ်ခ် ငမဲခေါင် . . . ကောင်းကင်ဘုံမှာ နှစ်နှစ်



www.burmeseclassic.com

www.burmeseclassic.com



မြိုက်မြိုက် အိပ်ပျော်နိုင်ပါစေ''

ပြင်သစ်ကုန်သည်ကြီးဂျိုးဇက်နပီးက ငမဲခေါင်တို့ ဆရာ ထပည့်နှစ်ယောက်အတွက် ဆုမွန်ကောင်းများကိုပင် တောင်းပေး နေပါသည်။

ပြီးလျှင် ငမဲခေါင်၏အလောင်းကြီးရှေ့တွင် ဒူးထောက် ထိုင်လျက် လက်ထဲမှပတ္တမြားဘူးကို ဖြုတ်ယူလိုက်သည်။ သို့သော် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည့် ငမဲခေါင်၏ လက်ချောင်းများက သန်မာလွန်းလှသည်လား၊ အဆိပ်ကြောင့် အကြောများ ဆိုင်းသွားကြသည်လေလား မသိ။ ပတ္တမြားဘူးကို ဖြုတ်ယူမရ ဖြစ်နေပါချေပြီကော။

''အို ... ဂေါ့ ... ဘယ်လိုဖြစ်တာလဲ၊ ဒီလက်ချောင်း ကြီးက သန်မာလွန်းလှပါလား၊ ပတ္တမြားဘူးကို ဘယ်လိုမှ ဖြုတ်ယူလို့ မရဘူး''

ဂျိုးဇက်နပီးမှာ ဇောချွေးများပင်ပြန်လာပြီး မျက်နှာတစ် ခုလုံးလည်း နီမြန်းကာ ရှူးရှူးရှားရှား ဖြစ်လာခဲ့သည်။ အတုံး အရုန်းသေဆုံးနေသည့် အလောင်းကောင်ကြီးများအနီးတွင် သူ ကြာရှည်နေရန်မသင့်တော့။





ထိုစဉ် ဂျိုးဇက်နပီး၏ မျက်လုံးများက မနီးမဝေး ကြမ်း ပြင်ထက်ရှိ ငမဲခေါင်၏ဓားမြှောင်တိုကို မြင်တွေ့လိုက်ရသဖြင့် ..

''ကိုင်း ... ကြာတယ်၊ ဟောဟိုက ဓားမြှောင်နဲ့ သူ့ရဲ့ လက်တွေကို ဖြတ်တောက်ပြီးယူမှပဲ ပတ္တမြားဘူးကိုတော့ ရ တော့မယ်ထင်တယ်''

ဂျိုးဇက်နပီးက အချိန်မဆိုင်းတော့။ ကြမ်းပြင်ထက်မှ ဓားမြှောင်ကိုကောက်ယူလိုက်ပြီး ငမဲခေါင်၏ စွဲမြဲစွာဆုပ်ကိုင်ထား သည့် လက်ချောင်းများကို ဖြတ်တောက်ကာ သွေးစွန်းနေသည့် ပတ္တမြားဘူးကို ယူငင်လိုက်ပါတော့သည်။

''ဟင်း .. ဟင်း .. ဟင်း .. နောက်ဆုံးတော့လည်း ဘိုးပေါက်ပတ္တမြားကြီးကို ငါတစ်ယောက်တည်း ပိုင်ဆိုင်ခွင့်ရခဲ့ တာပဲ မဟုတ်လား .. ဟင်း .. ဟင်း .. ဟင်း ..''

ပြင်သစ်ရတနာကုန်သည်ကြီး ဂျိုးဇက်နပီး၏ တဟင်း ဟင်းနှင့် ရယ်မောသံသဲ့သဲ့က ညဉ့်ဦးယံရင်ခွင်ထဲတွင် တိုးတိတ် စွာပင် ပဲ့တင်စီးမျောသွားပါလေတော့သတည်း။

ဤသို့ဖြင့် သျှီဝနှတ်မင်းကြီး၏ သင်းကျစ်တော်မှ ဖြစ်ဒ်



www.burmeseclassic.com


www.burmeseclassic.com



ယူလာခဲ့သော ပတ္တမြားကိုးပေါက်ကြီးသည် တစ်ဆင့်ပြီးတစ်ဆင့် လက်ကူးရင်း သူ ကျိန်ဆိုထားသည့် ကျိန်စာအတိုင်းပင် လောဘ သားကောင်များအား တစ်ယောက်ပြီးတစ်ယောက် ကျိန်စာသင့် စေကာ အားလုံးအသေဆိုးနှင့် သေဆုံးခဲ့ကြရသည်။

လူဆိုးမားပြကြီးတောက်ထိန်မှတစ်ဆင့် ညာလက်ရုံးကြီး ငမဲခေါင်၊ ထိုမှတစ်ဆင့် ပြင်သစ်ရတနာကုန်သည်ကြီး ဂျိုးဇက်နဗီးတို့မှတစ်ဆင့် အဆင့်ဆင့်ပြောင်းလဲလာခဲ့ရာမှ မြန်မာပြည်၏အခြေအနေသည်လည်း အဆိုးဝါးအချိန်ကာလသို့ ရောက်ရှိလာခဲ့ပါတော့သည်။

* * *





## အခန်း (၉)

## မဟာရာဇာနှင့် ပတ္တမြားကိုးပေါက်သံသရာ

အချိန်ကာလက မြန်မာနိုင်ငံတစ်ခုလုံးအား အင်္ဂလိပ် နယ်ချဲ့မျက်နှာဖြူများ အုပ်စိုးနေသည့် အချိန်ကာလဖြစ်သည်။

ထိုအချိန်ကာလတွင် သယံဇာတပေါကြွယ်ဝလှသည့် မြန်မာ့မြေပေါ်တွင် အင်္ဂလိပ်ကုန်သည်ကြီးများ၊ တရုတ်ကုန်သည် သူဌေး၊ ကုလားသူဌေးများ မင်းမူခြယ်လှယ်နေကြချိန်လည်း ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးလုပ်ငန်းကြီးများ၊ ကုမ္ပဏီကြီးများမှန်သမျှ နိုင်ငံခြားသားများ၏လက်ထဲတွင်သာ ရှိပါလေ၏။

ထိုထိုသောအခြေအနေ အချိန်ကာလတွင် မြန်မာပြည်ကြီးတစ်ခုလုံး၏ နှလုံးသည်းပွတ်ဟု ခေါ်ဆိုရမည်ဖြစ်သော မိုးကုတ်မြေတွင်လည်း မျက်နှာဖြူစီးပွားရေးသမားများ၊ နိုင်ငံခြားကုန်သည်ကြီးများ ခြေချင်းလိမ်ကာ ထင်သလို ကြိုးကိုင်၍ ချယ်လှယ်နေကြသည် မဟုတ်ပါလား။

'အင်းကို မြို့က ဝိုင်းထားတယ် ...။

မြို့ကို တောင်က ဝိုင်းထားတယ် ...။

အဲဒါ ...မိုးကုတ်မြို့ရဲ့ သင်္ကေတ'

မိုးကုတ်မြို့သည် တောင်တွေပတ်လည်ဝိုင်းရံထားသည့် ချိုင့်ဝှမ်းကြီးထဲတွင် တည်ရှိပြီး မြို့အလယ်ကောင်တည့်တည့်တွင် အင်းကြီးတစ်ခုရှိသည်။ ထိုအင်းကြီးသည် သဘာဝအလျောက် ဖြစ်တည်လာသည့် အင်းကြီးမဟုတ်ပါ။

နယ်ချဲ့အင်္ဂလိပ်မျက်နှာဖြူများ မိုးကုတ်မြို့သို့ ရောက်ရှိလာကြပြီး ကျောက်တွင်းတူးခြင်းလုပ်ငန်းများကို အကြီးအကျယ်လုပ်ကိုင်ခဲ့ရာမှ ဖြစ်ပေါ်လာသော ရေအင်းကြီးဖြစ်ပါ၏။





မျက်နှာဖြူအင်္ဂလိပ်အစိုးရသည် ကျောက်ထွက်မည့်ထင်သည့် လူနေရပ်ကွက်များကို နေရာပြောင်းရွှေ့စေသည်။ အင်္ဂလိပ်တို့ မြန်မာနိုင်ငံတစ်ခုလုံးအား စတင်သိမ်းပိုက်ပြီးသည်နှင့် ပထမဦးဆုံး ပတ္တမြားကျောက်တွင်းတူးလုပ်ငန်းကို (စထရီတာ) ဆိုသည့် ကုမ္ပဏီက လုပ်ကိုင်ခွင့်ရခဲ့သည်။

(၁၈၈၉) ခုနှစ် ဖေဖော်ဝါရီလ (၂၂) ရက်နေ့တွင် ပထမဆုံး ပတ္တမြားတွင်းငှားစာချုပ် ချုပ်ဆိုခဲ့ကြပါ၏။ ထိုစာချုပ်အရ (၁၈၈၉) ခု နိုဝင်ဘာလ (၁) ရက်နေ့မှ စတင်လုပ်ကိုင်၍ စာချုပ်သက်တမ်း (၇) နှစ်ပါ ငှားရမ်းခ တစ်နှစ်လျှင် ကျပ်လေးသိန်းနှင့် အမြတ်ငွေခြောက်ပုံတစ်ပုံ အင်္ဂလိပ်အစိုးရအား ပေးရသည်။

ကုမ္ပဏီများကို ရှယ်ယာခေါ်သည်။ ထိုအချိန်တွင် မြန်မာပြည်ကျောက်တွင်းကုမ္ပဏီလီမိတက် (THE BURMA RUBY MINES COMPANY LTD.) ဟူ၍ ပေါ်ပေါက်လာခဲ့ပါ၏။

ထိုကဲ့သို့ ကုမ္ပဏီများ ပေါ်ပေါက်လာခဲ့ရာမှ (၁၈၈၉) ခုနှစ်တွင် ဘားမားရူးဘိုင်းကုမ္ပဏီ (BURMA RUBY MINE COMPANY) ဟူ၍ ဒုတိယသက်တမ်းသို့ ရောက်ရှိလာခဲ့ချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ မိုးကုတ်မြေတွင် အင်္ဂလိပ်၊ တရုတ်၊ ကုလား၊ မဟာရာဂျ
သူဌေးကြီးများကိုယ်တိုင် ကွင်းဆင်းရောက်ရှိလာခဲ့ကြသည်။
မြန်မာ့ရတနာများကို ဈေးကောင်းများပေးကာ သူထက်ငါ အလ
အယက် ဝယ်ယူစုဆောင်းလာကြပါ၏။

ထိုသို့သောအချိန်တွင် အိန္ဒိယပြည်တောင်ပိုင်းမှ မဟာ
ရာဂျာသူဌေးကြီးတစ်ဦးသည် နောက်ပါတပည့်လူယုံတော်များနှင့်
အတူ မိုးကုတ်မြေသို့ ရောက်ရှိလာခဲ့သည်။

မဟာရာဂျာကြီးမှာ အသက်ငါးဆယ်ခန့်သာရှိပြီး နှာတံ
ကောက်ကောက်၊ မေးရိုးသွယ်လျပြီး၊ အရပ်မြင့်မြင့်ဖြင့် ပိန်ရှည်
ရှည်သဏ္ဌာန် ရှိသည်။ သူ၏ ခန့်ညားသော မဟာရာဂျာမျိုးနွယ်
ဝတ်စားဆင်ယင်မှု စိန်လက်စွပ်များနှင့် စိန်ဆွဲကြိုးကြီးများက
မဟာရာဂျာကြီး၏ ကြီးကျယ်သောဂုဏ်ဒြပ်ကို ဖော်ကျူးပြနေ
သည်သို့။

မဟာရာဂျာကြီး၏ အမည်နာမမှာ ရာ့ချ်နာသန်ဟု သိရှိ
ရပြီး မိုးကုတ်နယ်မြေအတွင်းသို့ ဝင်ရောက်လာကာ မည်
သည့်ရတနာပစ္စည်းကိုမျှ ဝယ်ယူခြင်းမရှိဘဲ တစ်စုံတစ်ရာကိုသာ
လျှို့ဝှက်သိုသိပ်စွာ ရှာဖွေစောင့်ဆိုင်းနေပါ၏။





ဟုတ်ပါသည်။ မြန်မာပြည်မှထွက်ရှိသော ကျောက်သံ
ပတ္တမြား၊ ရတနာပစ္စည်းများသည် ကမ္ဘာကျော်ပြီး အရည်အသွေး
များကလည်း လွန်စွာကောင်းမွန်လှသဖြင့် ကမ္ဘာ့ဈေးကွက်တွင်
လူကြိုက်အများဆုံးဖြစ်ပါ၏။

မြန်မာမင်းများလက်ထက်က နာမည်ကျော် ငမောက်
ပတ္တမြားကြီးမှာ ပြည်တန်ပတ္တမြားကြီးတစ်လုံးဖြစ်ပြီး မမျှော်လင့်
ဘဲ တိုင်းတစ်ပါးတို့၏လက်ထဲသို့ ရောက်ရှိသွားခဲ့ရခြင်းမှာ လွန်
စွာမှ နှမြောတသရင်နင့်ဖွယ်ရာ ကောင်းလှသည်မဟုတ်ပါလား။

ယခုလည်း မဟာရာဂျာကြီးရာ့ချ်နာသန် တိတ်တဆိတ်
ရှာဖွေစုံစမ်းနေသောအရာမှာ (၁၈၇၈) ခုနှစ် မြန်မာဘုရင်
မင်းတုန်းမင်းကြီးလက်ထက်တွင် ဤမိုးကုတ်နယ်မြေအတွင်းမှ
ထူးခြားစွာ လမ်းစပျောက်သွားသည့် သီပေါမင်းကြီး၏ နဖူး
သင်းကျစ်တော်တွင် မြှုပ်နှံပူဇော်ထားသည့် ပတ္တမြားကိုးပေါက်
ဆိုသည့် နာမည်ကျော်ပတ္တမြားကြီးပင် ဖြစ်ပါချေ၏။

မဟာရာဂျာကြီးရာ့ချ်နာသန်၏ အထောက်တော်များမှ
တစ်ဆင့် ပတ္တမြားကိုးပေါက်ကို နောက်ဆုံးလက်ဝယ်ထားရှိသူနှင့်
တိတ်တဆိတ်ဆက်သွယ်မိပြီဟုလည်း သိရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



အချိန်က ညဉ့်ကိုးနာရီခန့်ရှိပါပြီ။

မဟာရာဂျာကြီးမှာ ကျောက်စားပွဲထက်မှ နွားနို့ပုံး တစ်ခွက်ကို တစ်ကျိုက်မျှ သောက်လိုက်ပြီး နွားနို့ခွက်ကိုကိုင်ကာ ပိတ်ထားသော မှန်ပြတင်းဝဆီသို့ လျှောက်လာခဲ့သည်။

မဟာရာဂျာကြီး၏အသွင်မှာ တစ်စုံတစ်ယောက်ကို စောင့်ဆိုင်းနေသည့်ထင့်။ အိပ်ဆောင်နာရီလှလှလေးကို မကြာ ခဏ ထုတ်ကြည့်နေရင်းမှ မိုးကုတ်၏ချမ်းစိမ့်စိမ့် ညရှုခင်းကို လှမ်းမျှော်ငေးကြည့်နေပါ၏။

အဝေးရှိ တောင်ကုန်း,တောင်မြင့်များထက်ရှိ ဘုရား စေတီများဆက်မှ ရောင်စုံမီးပွင့်များက ညဉ့်အမှောင် မိုးငွေ့,မြူ ငွေ့များကြားတွင် တဝင်းဝင်း, တလက်လက်ဖြင့် ထိန်ထိန်ညီး လျက် ရှိသည်။ မိုးကုတ်မြို့တွင်းမှ လျှပ်စစ်မီးရောင်များကတော့ တောရိပ်တောင်ရိပ်မည်းမည်းထဲတွင် တလက်လက်နှင့် လှပ သော မီးပန်းဆိုင်းများ တွဲချိတ်ထားသကဲ့သို့။

မဟာရာဂျာကြီးမှာ မိုးကုတ်မြို့၏ အေးစိမ့်စိမ့်ညရှုခင်း တွင် မည်မျှကြာ**အောင် နှစ်**မျောနေမိသည်မသိ တဒေါက်ဒေါက် နှင့် တံခါးခေါက်**သံသဲ့သဲ့**ကြောင့် ဖျတ်ခနဲ သတိဝင်လာခဲ့သည်။

---

☆ ခု နစ် စဉ့် ကြယ် တ ပေ ☆



"ဝင်ခဲ့လေ အလီ ...ငါ မင်းကိုစောင့်နေတာ"

မဟာရာဂျာကြီးထံမှ ခွင့်ပြုချက် စကားသံအဆုံးမှာတော့ ပန်ချာပီခေါင်းပေါင်းနှင့် အသားညိုညို အသက်သုံးဆယ်ခန့် လူပုလေးတစ်ဦး အခန်းတွင်းသို့ ရိုကျိုးစွာဖြင့် ဝင်ရောက်လာပါ၏။

"ဘယ်လိုလဲ အလီ ... ဟိုဘက်က အထောက်တော် တွေဆီက အဆက်အသွယ်ရပြီလား"

"ဟုတ် ...ရခဲ့ပါပြီ အရှင်၊ မနက်ဖြန်ည ရှစ်နာရီ တိတိမှာ ပတ္တမြားကြီးပိုင်ရှင်ကိုယ်တိုင် သူ့ရဲ့ကိုယ်ရံတော် နှစ် ယောက်နဲ့အတူ အရှင်နဲ့လာရောက်ပြီး တွေ့ဆုံပါလိမ့်မယ်၊ အဲဒါ ...လုံခြုံရေးကိုတော့ အထူးကြပ်ကြပ်မတ်မတ်နဲ့ ဂရုစိုက်ဖို့ လည်း အမှာပါးလိုက်ပါတယ် အရှင်"

လူပုလေးအလီက မဟာရာဂျာကြီးက အချက်အလက် အားလုံးကို ပြည့်စုံစွာ ပြောကြားလိုက်ပါ၏။ လူပုလေးအလီထံမှ စကားကို ကြားလိုက်ရသဖြင့် မဟာရာဂျာကြီး၏မျက်နှာမှာ စိန် လက်စွပ်၊ စိန်ဆွဲကြိုးကြီးများနှင့်အပြိုင် လင်းလက်သွားပါတော့ သည်။

---

☆ ခု နစ် စဉ့် ကြယ် တ ပေ ☆

www.burmeseclassic.com

www.burmeseclassic.com



"အိမ်း ...မင်္ဂလာစကားနဲ့ သတင်းကောင်းပဲပေါ့ ကိုင်း ...အလီ ...မနက်ဖြန်ညအတွက် လုံခြုံရေးအစီအစဉ်ကို သေသေချာချာ ညွှန်ကြားဖို့ ငါ့ဆီကို ဒွန်နရားညီနောင်ကို လွှတ်လိုက်စမ်း၊ မင်းလည်း ကောင်းကောင်းအနားသွားယူပေတော့"

"ကောင်းလှပါပြီ အရှင်"

လူပုလေးအလီမှာ အရှင်သခင်ဖြစ်သူ မဟာရာဂျာကြီးအား ရိုကျိုးစွာ ဦးညွှတ်နှုတ်ဆက်လျက် အခန်းတွင်းမှ ထွက်ခွာသွားပါတော့သည်။

မီးလင်းဖိုမှ အငွေ့ဓာတ်ကိုရှိုက်ရှူရင်း ခွက်ထဲမှ လက်ကျန်နွားနို့ပျစ်ပျစ်ကို မဟာရာဂျာကြီး အပြီးသတ်မော့သောက်လိုက်သည်။ သူ၏ အတွေးအာရုံမှာတော့ သတင်းစကားနှင့်သာ ကြားခဲ့ရသော 'ပတ္တမြားကိုးပေါက်ကြီး' ကိုသာ မြင်ယောင်နေမိပါချေပြီကော။

✳

မိုးကုတ်ညဥ့်သည် ထုံးစံအတိုင်းပင် အေးစိမ့်စိမ့်။ တစ္ဆေကောင်၏ လက်ကြီးများဖြင့် ဖုံးအုပ်ထားသကဲ့သို့ ချောက်ချားစွာ။ နှင်းဆွတ်ဓာ်လေကလည်း တစ်ချက်တစ်ချက် ဝှေ့ရမ်းတိုက်ခတ်နေပါ၏။

ညဥ့်ရှစ်နာရီတိတိအချိန်မှာတော့ မဟာရာဂျာ ရာ့ချ်နာသန် တည်းခိုသည့် သီးသန့်ခြံဝင်းကျယ်ကြီးထဲသို့ အနက်ရောင်



www.burmeseclassic.com

www.burmeseclassic.com



အော်စတင်ကားလေးတစ်စီး စက်သံညင်သာစွာဖြင့် ထိုးဆိုက်လာခဲ့သည်။

ကားပေါ်မှ အသားဖြူဖြူ ဝဝဖိုင့်ဖိုင့် ရှမ်းတရုတ်တစ်ဦးက ရှမ်းဘောင်းဘီဝတ် လူရွယ်နှစ်ဦးခြံရံလျက် မဟာရာဂျာကြီး၏ဧည့်ကြိုများနှင့်အတူ အိမ်ကြီးထဲသို့ တိတ်ဆိတ်စွာ ဝင်ရောက်လာကြသည်။

ကျယ်ဝန်းသော ဧည့်ခန်းကြီးထဲတွင် လှပသော မီးရောင်စုံမီးဆိုင်းကြီးများ၊ တန်ဖိုးကြီး အစားအစာများနှင့်အတူ ပြုံးရွှင်သောမျက်နှာထားဖြင့် အသင့်ဆီးကြိုနေသော မဟာရာဂျာကြီးရာ့ချ်နာသန်က ဧည့်သည်တော်များကို ခရီးဦးကြိုပြုလိုက်ပါ၏။

"ကြွပါခင်ဗျာ၊ အင်း.... အချိန်ကတော့ အတိအကျပါပဲလား၊ တစ်မိနစ်တောင် မစွန်းဘူးနော်"

"အော် ...မဟာရာဂျာကြီး နေကောင်းတယ်နော်၊ ကျုပ်နာမည်က လောင်စူးပါ၊ အင်း ... ဒီလိုကိစ္စမျိုးက နေ့ရက်အချိန်နာရီကအစ အသေးစိတ် သတိထားရပါတယ်၊ နောက်ပြီး လျှို့ဝှက်ကိစ္စဆိုတော့လည်း အစစအရာရာ သတိထားနိုင်မှ





...ာ်ကာကျတယ် မဟာရာဂျာကြီးခင်ဗျား"

မြန်မာစကားကို ရှစ်စပ်ကဂျင်ဂျင်လည်သော ရှမ်း...တ်ကြီးလောင်စူးက အိန္ဒိယတောင်ပိုင်းမှ မဟာရာဂျာကြီး...ချ်နာသန်အား လက်ဆွဲနှုတ်ဆက်ရင်း အလုပ်ကိစ္စပါ တစ်ပါ...ည်း ပြောလိုက်သည်။

"ဟင်း ...ဟင်း စကားအရာမှာ လိမ္မာကြွယ်ဝလှပါ...ယ်၊ ဒါကြောင့်လည်း မိုးမိတ်, မိုင်းဆတ်နဲ့ မိုးကုတ်နယ်...ကြားမှာ လော်ပန်းကြီးလောင်စူးရဲ့နာမည်က သတင်းမွှေးနေ...ာပဲနော် ..ဟင်း ..ဟင်း"

ဧည့်ခန်းအလယ်ရှိ ခမ်းနားသော ကျောက်စိမ်းရောင်...ပွဲကြီးတွင် ဝိုင်းဖွဲ့ထိုင်လိုက်ကြရင်း တစ်ဦးအကြောင်းတစ်ဦး...ယ်ဝိုက်ကာ ဖော်ညွှန်းနေကြသည်။

လှပသော ကျောက်စိမ်းစားပွဲထက်တွင် ကြွေပန်းအိုး...စ်လုံးရှိပြီး ပန်းအိုးထဲတွင် အနီရောင် နှင်းဆီပွင့်ကြီးများကို ...ိုက်ထားပါ၏။

ပန်းအိုးကြီးပတ်လည်တွင် စားသောက်ဖွယ်ရာများကို ...ီဆင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



အနီရောင်ပန်းသီးကြီးများ၊ နံ့သာပုငှက်ပျောသီးများ ရွှန်းစိုလတ်ဆတ်သော စပျစ်သီးခိုင်များအပြင် မုန့်မျိုးစုံနှင့် နွား ဖုန်ချိုင့်ကြီးများက ကျောက်စိမ်းစားပွဲကြီးအပြည့် နေရာယူထ ကြသည်။

တရုတ်ကြီးလောင်စူးက ဆိုဖာထက်တွင် ခပ်ဖျော့ဖျော့ ထိုင်ချလိုက်ရင်းမှ ...

"ဒါ့ထက် ... မဟာရာဂျာကြီးက သျှီဝနတ်မင်းကြီး ကိုးပေါက်ပတ္တမြားကြီးကို အတော်လေး စိတ်ဝင်စားနေတယ် သိရတယ်၊ အဲဒါ ... ဟုတ်ပါလား ခင်ဗျား"

"အိုး ... စိတ်ဝင်စားပြီလား လောင်စူးရယ်၊ ဟိုး ... ဝေးလံလှတဲ့ အိန္ဒိယပြည်တောင်ပိုင်းကနေ ဟောဒီ မိုးကုတ်မြေ မရောက်ရောက်အောင် လာခဲ့တာကိုပဲ ကြည့်ပေတော့၊ ပတ္တမြား ကြီးရဲ့သတင်းကို သိုးသိုးသန့်သန့်ကြားရကတည်းက ကျုပ် အထောက်တော်တွေကတစ်ဆင့် တိုးတိုးတိတ်တိတ် စုံစမ်းနေ တာကြာပြီ လောင်စူးရဲ့"

"ဘယ်လိုလဲ ... နောက်ဆုံး ကျုပ်ဆီမှာရှိတယ်ဆိုတဲ တပ်အပ်သေချာလိုက်လာနိုင်ပုံထောက်ရင် မဟာရာဂျာကြီး





အထောက်တော်တွေကို ချီးကျူးရသလို ဖြစ်နေပြီခင်ဗျ .. ဟင်း ဟင်း .. ဟင်း"

တရုတ်ကြီးလောင်စူးက မဟာရာဂျာကြီးကို ရင်းနှီးနှစ် လိုဖွယ်ရယ်မောရင်း သူ့ဆီမှာရှိကြောင်း ဝန်ခံလိုက်သည့်နှယ် ပြောဆိုလိုက်ပါ၏။ ထိုမျှမကသေး ပတ္တမြားကြီး၏ နာမည်ကျော် ကျိန်စာအကြောင်းကိုလည်း မဟာရာဂျာကြီးအား ဖွင့်ဟလိုက်ပါ သေးသည်။

"အင်း ... ဒီပတ္တမြားကြီးရဲ့ အကြောင်းကိုတော့ မဟာ ရာဂျာကြီး သိထားဖို့တော့ လိုအပ်လိမ့်မယ်နော်၊ ဒီပတ္တမြားနဲ့ ဆက်နွယ်ပတ်သက်ခဲ့ဖူးတဲ့သူတိုင်းဟာ သက်ဆိုးတော့ မရှည် ကြဘူး။ သျှီဝနတ်မင်းရဲ့ကျိန်စာအတိုင်း သေဆုံးခဲ့ကြတာတွေဟာ မြန်မာမင်းလက်ထက်ကစပြီး နယ်ချဲ့မှုက်နာဖြူတွေ မြန်မာပြည် ကို သိမ်းပိုက်လိုက်တဲ့အချိန်ထိ ကြုံတွေ့ရင်ဆိုင်ခဲ့ရတုန်းပဲ ခင် ဗျ"

"ဟုတ်လား လောင်စူး အင်း .. ကျုပ်လည်း ဒီပတ္တမြား ကြီးအကြောင်းကို သဲ့သဲ့အော့ ကြားမိခဲ့ပါတယ်၊ ဒါပေမဲ့ ... ကျုပ်က ဒါတွေကို အယုံအကြည်မရှိပါဘူး၊ ကျုပ်လိုချင်တာ



www.burmeseclassic.com

www.burmeseclassic.com



လောင်စူးဆီမှာပါလာတဲ့ အဲဒီ . . . ကိုးပေါက်ပတ္တမြားကြီး ကြည့်ချင်တယ်, မြင်ချင်တယ်၊ ပြီးရင် . . . လောင်စူးဖြစ် ဈေးနဲ့ ကျုပ်ပေးနိုင်တဲ့ဆန္ဒ ကိုက်ညီခဲ့ရင် ကျုပ်ဝယ်ယူမယ်

မဟာရာဂျာကြီးကမူ ခေတ်နောက်ပြန်ဝါဒစွဲဖြစ်သေ ကျိုန်စာ၊ သိုက်စာများကို အယုံအကြည်မရှိသူမို့ သူဖြစ်ချင်သ ဆန္ဒကိုသာ လောင်စူးအား ပြတ်ပြတ်သားသား ပြောလိုက်သ

"ဟင်း . . ဟင်း . . ဟင်း . . မဟာရာဂျာကြီးကပေ တစ်ဖွတ်ထိုးလုပ်တတ်တဲ့ ဉာဉ်အတိုင်း ဖွတ်ကြီးပါပဲလား၊ ကို . . . ရှိစေတော့၊ မဟာရာဂျာကြီး သိပ်ပြီးကြည့်ချင်,မြင်ချင် ကိုးပေါက်ပတ္တမြားကြီးကို ကျုပ် ပြပါတော့မယ်"

တရုတ်ကြီးလောင်စူးက သူ၏နံဘေးမှ ရှမ်းဘောင်း ဝတ်လွယ်ကို အသာအယာ ခေါင်းဆတ်ပြသည်။ ချက်ချင်း လွယ်ကအသင့်ပါလာသည့် ဆွဲအိတ်ကိုဖွင့်ကာ အိတ်ထဲ ကတ္တီပါအနက်ဘူးလေးကိုယူ၍ တရုတ်ကြီးလက်ထဲသို့ ရိုကျိုး ပေးလိုက်ရပါ၏။

"မဟာရာဂျာကြီးခင်ဗျား . . . တစ်ဆိတ်ကလေး ဓေ ဖူးပြုပြီး အခန်းထဲက မီးတွေအားလုံးကို ခဏလောက်မှိန်ပေးထ





လို့ ရမလား၊ ကျုပ် . . . ကိုးပေါက်ပတ္တမြားကြီးကို မဟာရာဂျာ တို့ကို ပြသတော့မှာမို့ပါ"

မဟာရာဂျာကြီးက သူ၏ လူယုံတော်များကို လက် မြှောက် အချက်ပြလိုက်သည်နှင့် အခန်းတွင်းမှ မီးဆိုင်းမီးလုံးများ က တဖြည်းဖြည်းမှိန်ကျသွားကြသည်တွင် တရုတ်ကြီးလောင်စူး က ရွှေကလပ်ငယ်တစ်ခုပေါ်သို့ ကိုးပေါက်ပတ္တမြားကြီးကို တင် လိုက်သည်။

"အိုး . . . တယ်လည်းထူးခြားလှပါလား ဟဲရှို့"

"ဟင်"

"အို"

"ဟာ"

မီးရောင်များမှိန်အကျတွင် ရုတ်တရက်ထွက်ပေါ်လာ သော အနီရောင်အလင်းတန်းများက တစ်ခန်းလုံး ယှက်ဖြာကာ လင်းလက်လာသည်မို့ မဟာရာဂျာကြီးနှင့် သူ၏ကျွန်ယုံတော် အားလုံး ပါးစပ်အဟောင်းသားနှင့် ကြက်သေ,သေသွားကြပါ တော့သည်။

ကိုးပေါက်ပတ္တမြားကြီး၏ အလင်းရောင်ကြောင့်မီးမှိန်



www.burmeseclassic.com

www.burmeseclassic.com



မိန် ညည့်ခန်းကြီးထဲဝယ် အနီရောင်မီးလုံးကြီး ထွန်းညှိလိုက်သကဲ့သို့ ဝင်းလက်သွားပါသည်။ မဟာရာဂျာကြီးမှာ အံ့ဩလွန်းလှသဖြင့် စကားပင် တော်တော်နှင့်မပြောနိုင်ပါလေတော့။

ကိုးပေါက်ပတ္တမြားကြီး၏ ဖမ်းစားထားမှုကြောင့် အခန်းတွင်းရှိ လူသားအားလုံး အသက်ရှူများပင် ရပ်တန့်သွားကြလေသည်ထင့်။

"ကိုင်း . . . ဘယ်လိုလဲ မဟာရာဂျာကြီး နာမည်ကျော် ပတ္တမြားကိုးပေါက်ကြီးကို မျက်ဝါးထင်ထင် မြင်တွေ့ရပြီမဟုတ်လား"

"အို . . . ဘုရားသခင် . . . ကျွန်ုပ်တစ်သက် တစ်ခါမျှ ဒီလောက်အရည်အသွေးကောင်းတဲ့ ပတ္တမြားကြီးကို မမြင်ဖူးသေးတာ အမှန်ပါပဲ လောင်စူး၊ တစ်ဆိတ်လောက် ကျွန်ုပ်လက်နဲ့ ကိုင်ကြည့်လို့ရမလား လောင်စူး"

မဟာရာဂျာကြီးမှာ ပတ္တမြားကြီးကိုကြည့်ရင်း မရိုးမရွ ဖြစ်လာသည်မို့ လောင်စူးထံ ခွင့်တောင်း၍ ပတ္တမြားကြီးကို ယူ၍ကြည့်လိုက်သည်။

"အိုး . . . ဘုရားသခင် ကျွန်ုပ်လက်ပေါ်မှာ နီရဲတဲ့သွေး





တွေ ယိုစီးကျနေသလိုပါလား။ ကျွန်ုပ်မျက်စိကိုတောင် မယုံချင်တော့ဘူး လောင်စူးရေ"

"မှန်ပါတယ် မဟာရာဂျာ၊ ဒီကိုးပေါက်ပတ္တမြားကြီးဟာ တွေ့မြင်ရသူအားလုံးကို ရူးသွပ်မိန်းမောသွားစေပါတယ်၊ ပြောရရင်တော့ သျှီဝနတ်မင်းကြီးရဲ့ သင်းကျစ်တော်က ကိုးပေါက်ပတ္တမြားကြီးဟာ ကမ္ဘာကိုတောင် ကိုင်လှုပ်နိုင်စွမ်းရှိတဲ့ ပတ္တမြားကြီး တစ်လုံးပါပဲ မဟာရာဂျာ"

မဟာရာဂျာကြီးမှာ အံ့ဩဖွယ်ရာ၊ မယုံကြည်နိုင်ဖွယ်ရာ ကိုးပေါက်ပတ္တမြားကြီးကိုကြည့်ကာ လောကကြီးတစ်ခုလုံးကို မေ့လျော့သွားသည်အထိ ရူးသွပ်မိန်းမောလျက် ရှိပါလေ၏။

ထိုအချိန်တွင် . . .။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

## သေမိန့်ပြန်…ကိုးပေါက်တစ္ဆေ

ထိုအချိန်တွင် …

မဟာရာဂျာကြီးတည်းခိုသည့် တည်းခိုခန်း၏ ခြံအတွင်းရှိ ပုန်းညက်ပင်ကြီးထက်မှ အနက်ရောင်ကိုယ်ကျပ်ဝတ်စုံနှင့် လူရိပ်လိုလို၊ မျောက်လိုလို အရိပ်မည်းကြီးတစ်ခုက သစ်ကိုင်းအဆင့်ဆင့်လွှဲခိုကာ မြေပြင်ထက်သို့ ဖျတ်ခနဲ ခုန်ဆင်းလာသည်။

ထိုအရိပ်မည်းကြီးသည် မြေပြင်ထက်သို့ရောက်သည်





နှင့် တည်းခိုဆောင် အုတ်နံရံကြီးဆီသို့ ကြောင်ရှိုင်းတစ်ကောင်နှယ် ပြေးဝင်ခိုကပ်လိုက်ပါ၏။

ပြီးလျှင် အုတ်နံရံကို တောက်တဲ့တစ်ကောင်ကဲ့သို့ ဖျတ်ခနဲကပ်လိုက်ပြီး အပေါ်သို့ တိတ်ဆိတ်စွာ တွယ်ကပ်တက်လာခဲ့သည်။

သူ၏လှုပ်ရှားမှုမှာ လမိုက်ညအမှောင်ထုကြီးအောက်ဝယ် ပျောက်ကွယ်နစ်မြုပ်နေပါ၏။ အသံဗလံဟူ၍ စိုးစဉ်းမျှမထွက်။ ထူးဆန်းသည်မှာ တွယ်စရာ၊ ကုတ်စရာမရှိ။ မြင့်မားမတ်စောက်လှသည့် အုတ်နံရံကြီးကို တောက်တဲ့တစ်ကောင်ကဲ့သို့ ကျွမ်းကျင်စွာ တက်ရောက်နေခြင်း လူသားစင်စစ်ဝ…ယောက်မှ ဟုတ်ပါလေစဟု သံသယပွားစွယ်ရာပင်။

မကြာမီ ထိုအရိပ်မည်းကြီးမှာ ခေါင်မိုးပေါ်သို့ သွက်လက်ပေါ့ပါးစွာ ရောက်ရှိသွားပါလေ၏။

တိတ်ဆိတ်စွာ အိပ်မောကျနေသည့် သန်းခေါင်ယံညဉ့်အမှောင်တွင် အရိပ်မည်းကြီး၏ လှုပ်ရှားမှုမှာ မကောင်းဆိုးဝါးတစ္ဆေသရဲကောင်ကြီးနှယ်ပါတည်း။

ထို့နောက်မှာတော့ အရိပ်မည်းတစ္ဆေကောင်ကြီးသည်



www.burmeseclassic.com

www.burmeseclassic.com



မဟာရာဂျာကြီးနှင့် လောင်စူးတို့ တိတ်တဆိတ် ဆုံတွေ့နေသည့် အခန်းဆီသို့ အိမ်ခေါင်မိုးပေါ်မှ ညင်သာစွာ လျှောက်လှမ်းလာခဲ့သည်။

ရောက်သည်နှင့် အမိုးအုတ်ကြွပ်ပြားတစ်ပြားကို အသံမထွက်အောင် ဖြုတ်ယူလိုက်ပြီး အောက်ဘက်အခန်းတွင်းသို့ ငုံ့ကြည့်လိုက်သည်။

"ဟာ ..."

ရုတ်တရက် တွေ့မြင်လိုက်ရသော မြင်ကွင်းကြောင့် နှုတ်ဖျားမှ ထွက်ကျလာတော့မည့် အာမေဋိတ်ကို လျင်မြန်စွာ ပိတ်ဆို့လိုက်ရသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် အခန်းထဲတွင် မီးများကိုမှိန်ကာ ပတ္တမြားကြီးကို မဟာရာဂျာကြီးကိုယ်တိုင် ကိုင်ကြည့်နေသည့်အချိန်နှင့် ကြုံကြိုက်နေသည်မို့ အနီရောင် အလင်းတန်းကြီးက အရိုပ်မည်းတစ္ဆေကောင်ကြီး၏ မျက်နှာကိုပင် တဖျပ်ဖျပ်ရိုက်ခတ်လာသည်သို့ ...။

တစ်ချိန်တည်းမှာပင် အရိပ်မည်းကောင်ကြီးက သေးမျှင်သော မနီလာကြိုးကို ခေါင်မိုးထုပ်တန်းတွင် ချိတ်တွယ်၍





လူတစ်ကိုယ်စာဖောက်ထားသည့် ခေါင်မိုးပေါ်မှ အောက်သို့ လျှောခနဲ ခိုတွယ်ဆင်းလိုက်သည်။

'ကျွီ ..ကျွီ ..ကျွီ'

လှုပ်ရှားမှုကြောင့် အသံအနည်းငယ် ထွက်လာသည့် အရိပ်မည်း၏ ခန္ဓာကိုယ်ကြီးက မဟာရာဂျာ၏ ဦးခေါင်းထက်သို့ ဝဲခနဲကျလာသည်တွင် ...

'ဖတ် ..ဖတ် ..ဝုစ်'

မြန်လိုက်သည့်ဖြစ်ခြင်း။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက် လက်ဖျစ်တစ်တွက်အတွင်းမှာပင် အရိပ်မည်းတစ္ဆေကောင်ကြီး၏လက်ထဲသို့ ပတ္တမြားကြီးက ဖျတ်ခနဲရောက်ရှိသွားပါလေ၏။

'ကျွီ ..ကျွီ ..ရှွီ ..ဝိုး'

"ဟာ ...ဟင်"

တစ်ချိန်တည်းမှာပင် မနီလာကြိုး၏ အကူအညီဖြင့် အရိပ်မည်းကြီးမှာ ခေါင်မိုးထက်သို့ ရှိုခနဲ လျင်မြန်စွာ ပြန်တက်သွားပြီး ခဏအတွင်းမှာပင် ခေါင်မိုးထက်မှ မည်းမည်းသဏ္ဍာန်အကောင်ငယ်လေးများက ပေါ်ပါးစွာ ပြုတ်ကျလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ပတ္တမြား . . . ပတ္တမြားကြီး ပါ . . . ပါသွားပြီ ဟေ့"

"ဟေး . . . ဟို . . . ဟိုမှာ ခေါင် . . . ခေါင်မိုးပေါ်မှာ"

"မီး . . . မီးတွေ မြန်မြန်ဖွင့်စမ်းဟေ့"

မဟာရာဂျာကြီး၏ အလန့်တကြား အော်ဟစ်သံကြီးနှင့်အတူ အခန်းထဲတွင် တစ်ယောက်တစ်ခွန်း ဟစ်အော်သံများဖြင့် ဆူညံသွားပါလေတော့သည်။

မကြာမီ ထိန်ထိန်လင်းလာသော မီးအလင်းရောင်အောက်တွင် ခေါင်မိုးထက်မှ ဟင်းလင်းပွင့်နေသော လူတစ်ကိုယ်စာ အပေါက်ကြီးတစ်ပေါက်က မဟာရာဂျာကြီးတို့လူစုအား လှောင်ပြောင်နေသည်သို့။

ထိုစဉ်မှာပင် တရုတ်ကုန်သည်ကြီး လောင်စူးထံမှ ကြောက်လန့်တကြား အော်ဟစ်သံကြီးနှင့်အတူ ခန္ဓာကိုယ်ကြီးက ကြမ်းပြင်ထက်သို့ ဘိုင်းခနဲ လဲကျသွားပါတော့သည်။

'အ . . အား . . အား . .'

'ဝုန်း'

"ဟာ . . . လောင်စူး . . . လောင်စူး . . . ဘာ . . .





ာဖြစ်တာလဲ"

"အိုး . . . ဟို . . . ဟို . . ဟိုမှာ . . . ပင့် . . . ပင့်ကူ . ပင့်ကူနက်တွေ"

ဟုတ်ပါသည်။ ခေါင်မိုးပေါက်မှ ရိပ်ခနဲပျောက်ကွယ်သွားသည့် အရိပ်မည်းကြီးနှင့်အတူ လွင့်စဉ်ပြုတ်ကျလာကြသည့် ကူနက်သုံးကောင်ထဲမှ အကြီးဆုံး၊ အဆိပ်ပြင်းဆုံး ပင့်ကူ ်ကြီးတစ်ကောင်က တရုတ်ကြီးလောင်စူး၏ လည်ကုပ်သား ဖွေးထက်တွင် ကုတ်တွယ်ကိုက်ခဲလျက် . . .

"ဟာ . . . ဒါ . . . ဒါ တောကြီးပင့်ကူနက်၊ သူ . . . ရဲ့အဆိပ်မိလိုက်ရင် ဆင်ကြီးတွေတောင် တုန်းခနဲပဲ . . . ရား . . . ဘုရား"

တရုတ်ကြီးလောင်စူး၏ တပည့်တစ်ယောက်ထံမှ ထိတ် န့်တကြား ထွက်ပေါ်လာသည့် စကားသံကြောင့် အခန်းတွင်းရှိ အားလုံး ကြောက်လန့်တကြားနှင့် ဝရုန်းသုန်းကား ဖြစ်ကုန် သည်။

"ဟာ . . . လုပ် . . . လုပ်ကြပါဦး၊ ဟို . . . ဟို . . . ဟို . . . လာ . . . လာနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အိုး ...ဟို ...ဟိုမှာ တစ်ကောင်"

"ဟာ ...တံ ...တံ ...တံခါးဝမှာ ပင့်ကူနက်ကြ
တစ်ကောင်"

တံခါးပေါက်မှ ထွက်ပြေးကြရန် ဟန်ပြင်နေကြသည် မဟာရာဂျာကြီးတို့လူစုမှာ ခြေကားရား, လက်ကားရား နှ မှောင်သောအမွေးများ တထောင်ထောင်ဖြင့် မာန်စောင်နေကြ သည့် ပင့်ကူနက်ကြီးနှစ်ကောင်ကိုကြည့်ကာ အသားများ တဆတ်ဆတ် တုန်ယင်နေကြပါပြီ။

ဟုတ်သည်။ မျက်စိရှေ့တွင်ပင် ထိုပင့်ကူနက် ကိုက်ခဲ ရသဖြင့် တစ်ကိုယ်လုံးအဆိပ်တို့ဖြင့်မည်းမှောင်ကာ တုံး သေဆုံးသွားသည့် တရုတ်ကုန်သည်ကြီးလောင်စူး၏ အလော ကြီးက သွေးပျက်ချောက်ချားဖွယ် မဟုတ်ပါလား။

ထိုစဉ် မဟာရာဂျာကြီး၏ သက်တော်စောင့်နှစ်ဦး ပင့်ကူနက်နှစ်ကောင်ရှိရာသို့ သေနတ်များဖြင့် ချိန်ရွယ်၍ ပစ်ခ လိုက်ကြသည်။

'ဒိန်း ..ဒိန်း'

ဆူညံစွာထွက်ပေါ်လာသည့် သေနတ်သံနှစ်ချက်



BURMESE CLASSIC .com



တိတ်ဆိတ်စွာ အိပ်မောကျနေသည့် ညဥ့်ယံကို လှုပ်နှိုးလိုက်သည် သို့။

သို့သော် ပင့်ကူနက်နှစ်ကောင်၏ လှုပ်ရှားမှုက သေ နတ်ကျည်ဆန်များထက် မြန်နေသည်ထင့်။

ဖျတ်ခနဲ နေရာမှခုန်ထွက်ကာ မဟာရာဂျာကြီး၏ သက် တော်စောင့်နှစ်ယောက် မျက်နှာထက်သို့ ခုန်အုပ်ကိုက်ခဲလိုက်ပါ တော့သည်။

"ဟာ"

'အ ..အ ..အား'

မယုံကြည်နိုင်ဖွယ် သွေးပျက်ချောက်ချားဖွယ် မြင်ကွင်း ကြောင့် မဟာရာဂျာကြီးမှာ သွေးရူးသွေးတန်းဖြင့် အခန်းထဲမှ ပြေးထွက်သွားသည်။

သို့သော် မဟာရာဂျာကြီး ပြေးထွက်ရာ တံခါးဝသည် လေသာဆောင်ဝရန်တာသို့ ထွက်သည့်အပေါက်မှန်း မသိခဲ့ပါ လေ၏။

သိရှိလိုက်ရချိန်မှာတော့ မဟာရာဂျာကြီးအတွက် အချိန် နှောင်းသွားခဲ့ပါပြီ။ သွေးရူးသွေးတန်းဖြင့် ပြေးလာခဲ့သော အရှူ၏



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်ကြီးက လေသာဆောင်မှ ဝရန်တာလက်ရန်းများကို တွန်းတိုက်ကာ အောက်သို့ ဝရုန်းသုန်းကား ပြုတ်ကျသွားခဲ့သည်။

'ဒုန်း ..ဝရုန်း ..ဝုန်း'

'အ ..အား ..အား'

ဝရန်တာလက်ရန်းများ ကျိုးပျက်သံ၊ မဟာရာဂျာကြီး၏ ကြောက်လန့်တကြားအော်ဟစ်သံကြီးများက တိတ်ဆိတ်ငြိမ် သက်လျက်ရှိသည့် ညဥ့်ကမ္ဘာကို ပွဲတင်ရိုက်ခတ်သွားပါချေတော့ သည်။

✲





ထိုကဲ့သို့ မဟာရာဂျာကြီး ရာဇ္ဈနာသန် တည်းခိုရာ ဆည့်ရိပ်သာတွင် သွေးပျက်ချောက်ချားဖွယ်ရာ အဖြစ်ဆိုးကြီးများ နှင့် ရင်ဆိုင်နေရချိန်။

ကိုးပေါက်ပတ္တမြားကြီးကို တစ်ကိုယ်တော် လုယူလာခဲ့ သည့် အရိပ်မည်းတစ္ဆေကောင်ကြီးမှာ သူခိုးနားရာဖြစ်သော မြို့ ဆွန်သချိုင်းကုန်းတစ်ခုထဲသို့ မှောင်ရိပ်ခိုကာ ရောက်ရှိလာခဲ့ပါ၏။

---

☆ ရှုနစ် စဥ် ကြယ် စာ ပေ ☆

www.burmeseclassic.com

www.burmeseclassic.com



မြို့စွန်သချိုင်းကြီးမှာ တောအုပ်ငယ်တစ်ခုနှယ် ညောင် ပင်၊ ကုက္ကိုပင်၊ ကညင်ပင်ကြီးများဖြင့် အုပ်အုပ်ဆိုင်းဆိုင်း ရှိ ချေ၏။ ထိုအတူ လူတစ်ရပ်စာနီးပါး ပေါက်ရောက်လျက်ရှိသော မြက်ရိုင်းပင်ကြီးများကလည်း ညဥ့်လေရူးအောက်တွင် တရှဲ တဟဲဟဲနှင့် တစ္ဆေကောင်များ ညည်းညူနေကြသည်သို့။

ထိုအချိန်တွင် အလည်လွှန် လ,ကလေးက တိမ်မည် ညိုကြားမှ ပြူတစ်,ပြူတစ်နှင့် ထွက်လာသဖြင့် မြက်ရိုင်းပင်ရှည် ကြီးများမှ သချိုင်းမှတ်တိုင်များ၊ အုတ်ဂူပျက်များနှင့် ဖရိုဖရဲဖြ နေသည့် သချိုင်းဇရပ်ပျက်ကြီးတစ်ခုကိုပါ ဝိုးတဝါး မြင်တွေ့ရ ရသည်။

အရိပ်မည်းတစ္ဆေကောင်ကြီးမှာ မြက်ရိုင်းပင်များကြား ဖြတ်ကာ ဇရပ်ပျက်ကြီးပေါ်သို့တက်ရန် ဟန်ပြင်လိုက်စဉ်မှ ပင် ...

သုန်ဘေးရှိ အုတ်ဂူထက်မှ လောင်းကွတ်ဖားဖားကြ တစ်ထည် ဝတ်ဆင်ထားသည့် လူထွားကြီးတစ်ဦးက မကောင် ဆိုးဝါးကြီးတစ်ကောင်နှယ် ဘွားခနဲပေါ်လာပါ၏။

"ကိုင်း ... စောရကြောင်ပျံလေးရေ ... မင်းယူလာတဲ ပစ္စည်းကို ငါ့လက်ထဲ အသာတကြည်ပေးလိုက်စမ်း"

စောရကြောင်ပျံဟု အခေါ်ခံရသည့် အရိပ်မည်းကောင် မှာ အုတ်ဂူထက်မှ အသံရှင်ကြောင့် လူပ်ရှားရန် ဟန်ပြင်လိုက် သည်နှင့် ...

"ဟိုး .. ဟိုး .. ဟိုး .. သိပ်ပြီး လှုပ်လှုပ်ရှားရှားမလုပ် နဲ့လေ၊ ငါက စိတ်ရှည်ပေမယ့် ဟောဒီ လက်ထဲကသတ္တဝါလေး က သိပ်စိတ်မရှည်ဘူးနော် ကြောင်ပျံ"

အုတ်ဂူထက်မှလူထွားကြီးက အသင့်ချိန်ရွယ်ထားသည့် ပစ္စတိုသေနတ်လေးကို စောရကြောင်ပျံ မြင်သာနိုင်ရန် အနည်း ငယ် ဝှေ့ယမ်းပြလိုက်ပါ၏။

"ခင်ဗျားက ဘာလဲ ... ကျုပ်လို သူခိုးတစ်ယောက်ဆီ က ဓားပြတိုက်နေတာလား"

"တိတ်စမ်း ကြောင်ပျံ ... မဟာရာဂျာကြီးရဲ့ တည်းခို ဆောင်မှာ မင်းလှုပ်ရှားခဲ့တာတွေ ငါ အားလုံးသိတယ်၊ ဘာမှ ဇွေလယ်ကြောင်ပတ်လုပ်မနေနဲ့၊ မင်းယူလာတဲ့ပစ္စည်းကိုသာ ငါ့ကို မြန်မြန်ပေး၊ ဟောဒီသချိုင်းထဲမှာ မင်းနဲ့ငါ နှစ်ယောက်ပဲ ရှိတယ်၊ သေနတ်ကလည်း အသံမထွက်ဘူးနော်၊ ဒါပေမဲ့ ...





www.burmeseclassic.com

www.burmeseclassic.com



မင်း အသက်ထွက်သွားရမှာကတော့ သေချာတယ်၊ မယုံ
စမ်းကြည့်လိုက်''

ချက်ကျလက်ကျနှင့် ပိုင်ပိုင်နိုင်နိုင် ပြောဆိုနေသ
လူထွားကြီးကို စောရကြောင်ပျံ့ အတန်ကြာမျှငေးကြည့်
အခြေအနေကို တွက်ဆကြည့်နေမိသည်။ ငါးပေခန့်အကွာအ
မှ အနီးကပ်ပစ်ချက်ကို သူ မည်သို့မျှ လွတ်အောင်ရှောင်
မလွယ်ကူလှ။

''ဒီမှာကြောင်ပျံ့ ဘာမှအကြံထုတ်မနေနဲ့တော့၊ မင်း
မှာရှိတဲ့ ပင့်ကူနက်သုံးကောင်ကလည်း မဟာရာဂျာကြီးတို့
လက်ဆောင်ပေးခဲ့ပြီဆိုတော့ ငါ့ကို အန္တရာယ်ပေးနိုင်တာဆို
မင်းရဲ့လက်စွဲတော် ပေါက်ဓားတစ်ချောင်းပဲ ရှိတော့မယ်''

''ဘယ်လိုလဲ ...ခင်ဗျားကြီးက ကျုပ်ရဲ့လျှို့ဝှက်ချ
တွေကို သိလှချည်လား၊ ခင်ဗျား ဘယ်သူလဲ၊ ကျုပ်ဆီမှ
ဘာပစ္စည်းမှလည်း မရှိဘူး''

''ဟင်း ..ဟင်း ..ဟင်း ..ဒါဆိုရင်လည်း လွယ်
တယ်၊ ငါ့မှာ လုပ်စရာအလုပ် နှစ်ခုပဲရှိတော့တာပေါ့၊ တစ်ခု
မင်းကိုသတ်ပြီးမှ မင်းဆီက ပစ္စည်းကို ယူရမလား၊ ဒါမှမဟုတ်





မင်းကိုယ်တိုင် အသာတကြည်နဲ့ ငါ့လက်ထဲကိုအပ်မလား၊ ကဲ
...ပြောစမ်း''

အခြေအနေက ကြောင်ပျံ့အတွက် အရေးမသာနိုင်။
တိကျသေချာစွာ ချိန်ရွယ်ထားသော လူထွားကြီး၏ သေနတ်
ပြောင်းဝက သူ၏ရင်ဝတည့်တည့်သို့ တည်ငြိမ်စွာရှိနေပါ၏။
ကြောင်ပျံ့က သက်ပြင်းကို ခပ်မျှင်းမျှင်းလေးချကာ စိတ်ကို
တည်ငြိမ်စွာထားလိုက်သည်။ ပြီးမှ ...

''အင်း ...ခင်ဗျားက လက်ဦးနေတော့လည်း ခင်ဗျား
လိုချင်တဲ့ပစ္စည်းကို ပေးရတော့မှာပေါ့ဗျာ''

''ဟင်း ..ဟင်း ..ဟင်း ..မင်းလိမ္မာတယ် ကြောင်
ပျံ့၊ ကဲ ...ပေးစမ်း ပစ္စည်း''

''ပေးမယ်လေ ...မပေးခင် ပစ္စည်းစစ်,မစစ်ဆိုတာ
ခင်ဗျားကြီးကို ပြရဦးမယ် ...ဟင်း ..ဟင်း ..ဒီမှာကြည့်''

စောရကြောင်ပျံ့ဆိုသည့် သူခိုးက အမည်မသိ လူထွား
ကြီးအား သူ၏လည်ပင်းတွင် ချိတ်ဆွဲထားသည့် ရွှံ့ကြိုးတပ်
အိတ်ကလေးထဲမှ ပတ္တမြားကြီးကိုထုတ်ယူ၍ လက်ဝါးပေါ်တွင်
တင်၍ ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲခနဲလင်းလက်သွားသည့် အနီရောင် အလင်းတန်းကြီးက ညအမှောင်တွင် တဖျပ်ဖျပ် လင်းလက်သွားပါ၏။ စောရကြောင်ပျံ၏ လက်ဖဝါးတစ်ခုလုံး သွေးခြင်းခြင်းနီရဲနေသကဲ့သို့

"ဟင် . . . ဟာ"

သေနတ်သမားလူထွားကြီးက အနီရောင်အလင်းတန်းများဖြင့် လင်းဖြာဝင်းလက်နေသည့် ကိုးပေါက်ပတ္တမြားကြီးကို တအံ့တသြ ငေးကြည့်နေစဉ် စောရကြောင်ပျံမှာ သူ၏ပေါက်ဓားကို ဖျတ်ခနဲထုတ်ယူကာ လူထွားကြီးထံ ပစ်ပေါက်လိုက်သည်။

'ဂုစ် . . .'

'ဒုတ် . . .'

'ဖန်း . . . ဖန်း'

'အိ . . . အား'

မမျှော်လင့်ဘဲ ရရှိလိုက်သည့် အခွင့်အရေးကို စောရကြောင်ပျံ အမိအရ အသုံးချလိုက်သည်။ သူပစ်လွှတ်လိုက်သည့် ပေါက်ဓားက လူထွားကြီး၏လည်မျိုသို့ တိကျမြန်ဆန်စွာ စူးနစ်စိုက်ဝင်သွားသကဲ့သို့ လူထွားကြီးပစ်လိုက်သည့် ကျည်ဆန်နှစ်





တောင့်ကလည်း စောရကြောင်ပျံ၏ ရင်အုံကြီးအတွင်းသို့ ထွင်းဖောက်ဝင်ရောက်သွားခဲ့ပါပြီတည်း။

အရာအားလုံး ပြီးဆုံးသွားသောအချိန်မှာတော့ မြို့ပြင်သချိုင်းကြီးသည် မှုန်ဝါးဝါးလရောင်အောက်တွင် ပြန်လည်၍ တိတ်ဆိတ်စွာ အိပ်မောကျသွားပါတော့သည်။

☼ ☼ ☼



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

## ခြေရာပျောက်သို့ ခြေရာကောက်ခြင်း

စိတ်ဝင်စားဖွယ်၊ မယုံကြည်နိုင်ဖွယ် ဒဏ္ဍာရီလိုလို သမိုင်းကျိန်စာလိုလိုနှင့် မကောင်းဆိုးဝါးတစ္ဆေတစ်ကောင်နှယ် ကျိန်စာသင့် ကိုးပေါက်ပတ္တမြားမှတ်တမ်းကြီးက စောရန်နိုင်ဇ ရင်ကို ပဟေဠိပေါင်းများစွာဖြင့် လှုပ်ခတ်စေခဲ့ပါ၏။

ပတ္တမြားကြီးကို လက်ဝယ်ပိုင်ဆိုင်ခဲ့သူတိုင်း တစ်နည်း နည်းနှင့် အသက်သေဆုံးခဲ့ကြရသည်မှာ ထူးဆန်းသော တိုက်





ဆိုင်မှုကြီးတစ်ခုလေလား။ သို့တည်းမဟုတ် သျှိုဝနတ်မင်းကြီး၏ ကျိန်စာကြောင့်လေလား ဆိုသည်ကိုတော့ စောရန်နိုင် တိတိပပ မဝေခွဲနိုင်ခဲ့ပါ။ သို့သော်လည်း ပတ္တမြားကြီးနှင့် ပတ်သက်ဆက် နွယ်ခဲ့သူတိုင်း အမှန်တကယ်ပင် သေဆုံးခဲ့ကြရသည်ကိုတော့ မှတ်တမ်းဖိုင်တွင် ဖတ်ရှုရသည် မဟုတ်ပါလား။

စောရန်နိုင် သက်ပြင်းတစ်ခုကို လူမသိသူမသိ အသာ အယာချလိုက်သည်။ အတူတကွလိုက်ပါလာသည့် မိုးကုတ် ကျောက်တူးသမား ထူးပေါက်က တောင်ကုန်းမြင့်ထက်မှနေ၍ တစ်နေရာသို့ ငေးမောကြည့်နေပါ၏၊ ထူးပေါက် ငေးကြည့်နေရာ သို့ စောရန်နိုင်လည်း လိုက်ပါငေးမောကြည့်လိုက်ရာမှာတော့ မိုးငွေ့မြူငွေ့များကြားမှ တရွေ့ရွေ့လွင့်မျောနေသည့် တိမ်စိုင် တိမ်ခဲများကို မြင်တွေ့လိုက်ရသည်။

တိမ်စိုင်တိမ်လိပ်များအောက်တွင် မြို့လယ်အင်းကြီးက ကြွေကြီးရင့်စွာနှင့်။ အင်းထဲတွင် လှေငယ်လေးများက- ဟိုသည် ရွေ့လျားနေကြပါ၏။ ရှားပါးလှပသော မြင်ကွင်းဆန်းများက စိတ်ဘောင်ဘင်ခတ်နေသည့် စောရန်နိုင်၏စိတ်တို့ကို တဒင်္ဂမျှ အေးငြိမ်းသွားစေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့မြို့ကလေးက ရောင်စုံမြို့ကလေးပါ ကို ရန်နိုင်၊ ကောင်းကင်ပြာပြာကြီးရှိတယ်၊ တောင်တန်းစိမ်းစိမ်းကြီး တွေလည်းရှိတယ်၊ ဘာသာ သာသနာရောင်ဝါတွေလည်း ထွန်း လင်းတောက်ပနေတယ်၊ ကမ္ဘာကျော် နီလာ၊ ပတ္တမြားတွေ အနီ၊ အပြာ၊ အစိမ်းတွေလည်း ရှိကြတယ်ဗျာ၊ ကိုင်း . . . ဘာလို သေးလဲ"

ထူးပေါက်က သူ့လိုပင် မိုးကုတ်အလှမြင်ကွင်းတွင် စီး မျောနေသည့် စောရန်နိုင်ကိုကြည့်ကာ ကဗျာဆန်ဆန် ရွတ်ဆိုပြ နေပါ၏။

ဟုတ်သည်။ ကောင်းကင်ပြာပြာကြီးထက်မှ မိုးရိပ်မိုး သားများက မြို့ကလေးကို ငုံ့ကြည့်နေကြသည်သို့။ တောင်တန် တောင်ကုန်း သစ်တောစိမ်းစိမ်းများပေါ်တွင်လည်း တောင်နှီး မြူငွေ့လေးများက တအူအူနှင့် လွင့်မျောလျက်။ ထို့အပြင် တောင်စွန်းတောင်ထိပ်များထက်မှ ဘုရားစေတီပုထိုးများက လည်း ဟိုတစ်စု သည်တစ်စုနှင့်။

"အင်း . . . ခင်ဗျားပြောသလိုတော့ ဟုတ်တုတ်တုတ် ပဲဗျ၊ ကြည့်ပါဦး . . . တောင်စွန်းတွေပေါ်မှာလည်း ထုံးဖြူဖြူ





စေတီပုထိုးတွေက ကြည်ညိုဖွယ်ကောင်းသလို စေတီပုထိုးတွေနဲ့ အပြိုင် အိမ်ကလေးတွေကလည်း တဖြည်းဖြည်း တောင်ပေါ်ကို လှတက်နေကြသလိုပဲ ကိုထူးပေါက်"

"ဟုတ်တယ် ကိုရန်နိုင်၊ ဒီမှာက တောင်တက်မိုးတွေ လည်းရှိတယ်၊ ပြီးတော့ ရှမ်းကုန်းပြင်မြင့်ရဲ့ အနောက်ဘက်ခြမ်း လျှောစောက်ဘက်မှာ ရှိတယ်၊ အနောက်တောင်ရာသီလေ တိုက်ခတ်တယ်ဆိုတော့ မြို့ကလေးက မိုးထဲမှာ အမြဲတမ်းစိုနေ သလိုပဲဗျ၊ ဆောင်းတွင်းမှာတော့ ရေခဲလောက်အောင်အေးတယ် ကိုရန်နိုင်ရေ . . ဟင်း . . ဟင်း"

သည်တစ်ကြိမ်တော့ မုဆိုးကြီးဦးမှိုင်းလုံရော၊ သူ၏ညီ မငယ် စောနန်းနွယ်ပါ လိုက်ပါမလာခဲ့ကြ။ ဦးမှိုင်းလုံ၏တူ ထူး ပေါက်ဆိုသူနှင့်သာ မိုးကုတ်မြေသို့ လိုက်ပါလာခဲ့ရင်း မိုးကုတ်၏ မြင်ကွင်းဆန်းဆန်းများအောက်တွင် နစ်မျောနေခဲ့သည် မဟုတ်ပါ လား။

ဤသို့ဖြင့် ထူးပေါက်နှင့်အတူ မိုးကုတ်၏ နာမည်ကျော် ထာပွဲသို့ ရောက်ရှိလာခဲ့သည်။ ပလောင်၊ လီဆူး၊ ဂေါ်ရခါး၊ မြန်မာ၊ ရှမ်းတရုတ် စသော လူမျိုးစုံ၊ မျက်နှာမျိုးစုံဖြင့် ထာပွဲ



www.burmeseclassic.com

www.burmeseclassic.com



က စည်ကားစပြုနေပါပြီ။ နဖူးတွင် အနီစက်လေးများနှင့် ဂေ ရခါးလုပျိုဖြူလေးများ၊ ဂေါ်ရခါးလုလင်ပျိုကြီးများကိုကြည့်ကာ စောရန်နိုင်တစ်ယောက် ခတ္တမန္ဒူသို့များ ရောက်ရှိနေလေသလား ဟုပင် ထင်မိသည်။

"မိုးကုတ်ရဲ့ရာသီဥတုက အပူပိုင်းဒေသထဲက တော ပေါ်ဒေသဖြစ်လို့ သမဓေနွးစွတ်စိုရာသီဥတုလို့ ဆိုကြတယ်၊ ဒီမှာ ကတော့ ကျောက်သုံးမျိုးလောက် တွေ့ရတယ်လေ၊ မီးသင့် ကျောက်နဲ့ အသွင်ပြောင်းကျောက်က များတယ်၊ မိုးကုတ် ကျောက်စဉ်စုဟာ သက်တမ်းအရင့်ဆုံး နှစ်သန်းပေါင်းတစ် ထောင်ကျော်လောက်က ကျောက်စဉ်စုတွေပဲ ကိုရန်နိုင်"

"အင်း ... ကျောက်မျက်ရတနာသိုက်တွေကိုတော့ ပညာရှင်တွေက ပင်ရင်းသိုက်နဲ့ ရေဆောင်သိုက်အဖြစ်နဲ့ တွေ့ ကြရတယ်လို့ ဆိုထားတယ်ဗျ၊ တွင်းလုံး၊ လေးပင်တွင်း၊ ကိုးပင် တွင်း၊ မျောတွင်း၊ တူးတွင်း စတာတွေက ရတနာတွေ ထုတ်နေ ကြတယ်လေ၊ ဖြူနီးလို့ခေါ်တဲ့ ရွှံ့နဲ့ သဲမြေတွေမှာလည်း သဲဖြူနီး၊ ခဲဖြူနီး၊ မုံဖြူနီး၊ စမြေဖြူနီးတွေရယ်လို့ ရှိကြသေးတယ် ကိုရန်နိုင် ရဲ့"





ထူးပေါက်က သွားရင်းလာရင်းပင် စောရန်နိုင်သိချင် သည့် အချက်အလက်များကို စိတ်ရှည်လက်ရှည်နှင့် ရှင်းပြနေပါ သည်။ စောရန်နိုင်က ဟိုတစ်စု၊ သည်တစ်စု ရှိနေကြသည့် ရောင် မျက်နှာလေးများကို ငေးမောကြည့်နေရင်းမှ ထူးပေါက်၏စကား များကို နားထောင်နေသည်။

"အင်း ... ဟိုတုန်းကတော့ အိန္ဒိယလူမျိုးတွေ တော် တော်များများက ကျောက်မျက်လုပ်ငန်းတွေ လုပ်ခဲ့ကြတယ်၊ ကျောက်မျက်တွေကို ထည့်ပြတဲ့ ကြေးလင်ပန်းကိုအစွဲပြုပြီး ထာနဲ့ ပြတဲ့ပွဲ၊ ထာပွဲလို့ ခေါ်ခဲ့ကြတာ ကိုရန်နိုင်"

"ကျေးဇူးပဲ ကိုထူးပေါက်ရေ အဘလုံနဲ့ ခင်ဗျားတို့ရှင်း ပြမှပဲ ဟောဒီမိုးကုတ်မြေရဲ့ တန်ဖိုးကြီးမားတဲ့ ရတနာ့ပစ္စည်း တွေအကြောင်းကို သိခွင့်ရတော့တယ်"

သို့သော် စောရန်နိုင်တို့ ထာပွဲသို့ ရောက်လာကြသော အခါမှာတော့ ထာပွဲတွေမှာ ထာလင်ပန်းလေးများကို သိပ်မတွေ့ ရတော့။ စက္ကူ ပလပ်စတစ်အိတ်၊ ငွေစက္ကူပိုက်ဆံလေးများနှင့် သုပ်၍ ပြသနေကြသည်ကိုသာ တွေ့မြင်နေရသည်။ သူတို့နှစ်ဦး ထာပွဲသို့ ရောက်လာကြတော့ နံနက်ဆယ်နာရီခွဲလောက် ရှိပြီ



www.burmeseclassic.com

www.burmeseclassic.com



ပြီ။ အချိန်ကောင်းဖြစ်သည်မို့ ထာပွဲတွင် လူစည်ကားသလော
ရောင်စုံမျက်နှာများကိုလည်း စောရန်နိုင် အံ့သြစွာ မြင်တွေ့ရ
ရပါ၏။

"ရော် . . . ကိုထူးပေါက် ထာပွဲကို ကျွန်တော်ကြည့်နေ
တာ၊ ကျောက်အရောင်းအဝယ်သာ လုပ်နေကြတယ်၊ ငွေ
ကြေးရေးရှင်းတာ သိပ်ကြီးကြီးကျယ်ကျယ်လည်း မတွေ့ရပါလာ
ဗျ . . . ဟင်"

စောရန်နိုင်၏မေးခွန်းကို ထူးပေါက်က သဘောကျ
ရယ်မောလိုက်ရင်းမှ ခေါင်းတညိတ်ညိတ်ဆတ်ကာ ဖြေကြာ
လိုက်သည်။

"ဟင်း . . . ဟင်း . . . ဟင်း မိုးကုတ်ရဲ့ထာပွဲရဲ့သဘော
က ဒါပဲလေ၊ ကိုရန်နိုင်တို့လို ညွှန်သည်တွေကတော့ နားလည်
မှာမဟုတ်ဘူးပေါ့။ အမှန်တော့ ကိုယ့်ရဲ့ရောင်းကွက်နဲ့ ကိုယ့်မျ
စိပဲဗျ၊ ငွေကြေးအရင်းအနှီးက အဓိကသိပ်မကျဘူး၊ ဆိုပါတော
သိန်း(၁၀၀)ဖိုးလည်ပတ်နေတဲ့သူဟာ တကယ်တော့ သူ့ရဲ့လ
ထဲမှာ သိန်း(၁၀၀)ရှိတာမဟုတ်ဘူး၊ ရှိဖို့လည်းမလိုဘူး ကိုရန်နိုင်
သဘောကတော့ အကွက်ကောင်းနဲ့ အဆက်အသွယ်ကောင်း





သိုတာလေ"

"ဒီလိုဆိုရင် အကြွေးချန်ထားတာတို့, ငွေကျန်တာတို့
ကျတော့ ဘယ်လိုလုပ်ကြသလဲ၊ မှန်မှန်ကန်ကန်ရော ရကြရဲ့
သား ကိုထူးပေါက်"

"ဟင်း . . ဟင်း . . ဟင်း . . ဟိုတုန်းကတော့ ရက်ချိန်း
အတိအကျ, ငွေကြေးအတိအကျပဲဗျ၊ အခုနောက်ပိုင်းတော့
ရက်ချိန်းကွာလာကြတာ, ငွေပေးနောက်ကျတာတို့တော့ ရှိတယ်၊
ဒါပေမဲ့ ပေးတာတော့ မပေးမရှိ ပေးကြတယ် ကိုရန်နိုင်၊ မိုးကုတ်
က ကတိတည်တဲ့မြို့၊ ယုံကြည်မှုနဲ့မြို့လေ"

ကိုထူးပေါက်၏ တည်ကြည်ပြတ်သားသော စကားလုံး
များက စောရန်နိုင်၏နှလုံးသားထဲသို့ ထုတ်ချင်းပေါက် စူးနစ်
ဝင်ရောက်သွားကြသည်။ မိုးကုတ်၏ ရေးဆွဲမထားသော ယုံ
ကြည်မှု၊ ကတိတည်မှုကို စောရန်နိုင် လေးစားအံ့သြသွားမိသည်။
ဝယ်သူက တံဆိပ်စည်းထားစဉ်မှာသာ ကျောက်ပိုင်ရှင်က ကိုင်
ထားခွင့်ရှိသည်။ သို့သော် အရောင်းအဝယ်တည့်ပြီဆိုရင် ကျောက်
ထုပ်ကို ပေးလိုက်ရတယ်၊ ငွေကြေးကမူ အကြွေးဖြစ်လျှင်ဖြစ်
မည်၊ ငွေကျန်လျှင်လည်း ကျန်မည်။ ငွေပေးရမည့်ရက် ဝေးလျှင်



www.burmeseclassic.com

www.burmeseclassic.com



လည်းဝေးမည် သည်ကြားထဲ "ဤကျောက်ကို ကျွန်ုပ်ယူထားသည်"ဟူသော စာချုပ်စာတမ်းလည်း မလုပ်ကြ။ သက်သေသက္ခာယလည်း မရှိကြ။ ပေးသူနှင့်ယူထားသူ သို့မဟုတ် ဝယ်ယူနှင့်ရောင်းသူ နှစ်ဦးတည်း ယုံကြည်မှု၊ နှုတ်ကတိများနှင့် သာ လုပ်ကိုင်နေကြသည်မှာ မိုးကုတ်၏ ထူးခြားအံ့သြဖွယ်ဖြ ဖြယုဂ်သင်္ကေတတစ်ခုလေလား။

"တကယ်တော့ ကျွန်တော်တို့မိုးကုတ်မှာက ရိုးသားမှု ကတိတည်မှုဆိုတဲ့ နာမည်တစ်လုံးပဲ အရေးကြီးတာ ကိုရန်နိုင်ရဲ့ ပိုက်ဆံ သိပ်များများစားစားရှိစရာ မလိုပါဘူးဗျာ ‥ဟင်း ‥ ဟင်း ‥ရိုးသားတည်တံ့တဲ့ နှုတ်ကတိတစ်ခုပါပဲ"

အံ့သြလေးစား အတုယူဖွယ်ကောင်းလှသော မိုးကုတ်၏ ယုံကြည်မှု၊ ကတိတည်မှု၊ သစ္စာကြီးမှုများကြောင့် စောရန်နိုင် တစ်ကိုယ်လုံးဝင် ကြက်သီးဖြန်းဖြန်း ထသွားလုမတတ်ပါပေ

"ကိုင်း ‥‥ထာပွဲလည်း လူနည်းနည်းကျဲသွားပြီ မြို့ လယ်က ကျောက်ကုလားဘိုးဘိုးကြီးနတ်နန်းကို သွားကြရအောင် ကိုရန်နိုင်"

ဤသို့ဖြင့် ထာပွဲမှတစ်ဆင့် မိုးကုတ်မြို့လယ်ရှိ နာမည်





ကျော် ကျောက်ကုလားဘိုးဘိုးကြီးနတ်နန်းသို့ ဆိုင်ကယ်ကိုယ်စီဖြင့် ခရီးဆက်ခဲ့ကြသည်။ ဘိုးဘိုးကြီးနတ်နန်းသို့ရောက်တော့ စနေနေ့နှင့် တိုက်ဆိုင်နေသဖြင့် ပူဇော်ပသသူများ၊ ကျောက်ကောင်းတောင်းသူများနှင့် အတန်ငယ် စည်ကားလျက်ရှိနေပါ၏။

နှစ်ယောက်သား ဆိုင်ကယ်များကို ပန်နှံ့လျက် ဘိုးဘိုးကြီးနန်းထဲသို့ ဝင်လာခဲ့ကြသည်။ နန်းဆောင်ထဲမှာတော့ အမွှေးတိုင်နံ့များ၊ ဖယောင်းတိုင်အလင်းငွေ့များနှင့် မွှေးပျံ့သောရနံ့များက စီးမျောလွင့်ပါးလျက်။

"ဒီမိုးကုတ်ဘိုးဘိုးကြီးကို မိုးကုတ်မြို့သူမြို့သားတွေအားလုံး အထူးယုံကြည်လေးစားကြတယ်၊ နယ်ရှင်ပယ်ရှင်အဖြစ်နဲ့လည်း ယုံယုံကြည်ကြည်နဲ့ ကိုးကွယ်ကြတယ် ကိုရန်နိုင်"

"အေးဗျာ ‥‥ ကျွန်တော်တော့ ဒီနေ့အဖို့ အံ့သြပြီးရင်းအံ့သြဆိုသလို ဖြစ်နေပြီ ကိုထူးပေါက်ရေ၊ လူတွေကလည်း စည်လိုက်တာဗျာ၊ နတ်နန်းဆောင်ထဲမှာကို ပြည့်ကျပ်နေပြီ၊ ဒီလိုပဲ နေ့တိုင်း ပူဇော်ပသတဲ့သူတွေ များတာပဲလားဗျ"

"မဟုတ်ပါဘူး။ ဒီနေ့က စနေနေ့လည်းဖြစ်နေလို့ပါ၊ ဒီအရပ်ကလူတွေက စနေနဲ့ အင်္ဂါနေ့တွေတိုင်း ဒီဘိုးဘိုးကြီးနန်း



www.burmeseclassic.com

www.burmeseclassic.com



မှာ ကျောက်တောင်းလေ့ရှိကြတယ်၊ အထူးသဖြင့် ဖြုန်းဆေး နီးကာလတွေမှာ ပေါလန်တွေရော, တွင်းသားတွေပါ ယုံယုံကြည် ကြည်နဲ့ ပူဇော်ပသကြပြီး လိုချင်တဲ့ကျောက်ကို တောင်းကြတယ် ကိုရန်နိုင် ...။

တချို့ကျတော့လည်း ကိုယ်ပိုင်ကျောက်တွင်းတွေထဲမှာ ဘိုးဘိုးကြီးနန်းငယ်လေးတွေဆောက်ပြီး ပူဇော်ကြ, တောင်းဆိုကြ လုပ်လေ့ရှိကြသေးတယ်၊ ကျောက်အတွက် ဖြုန်းတင်ထားပြီး ဖြုန်းဆေးတော့မယ်ဆိုရင် ဖြုန်းထဲမှာ ကျောက်ကောင်းကျောက် ကြီး ပါပါစေ၊ စောင့်ရှောက်ပေးတော်မူပါ၊ ဘိုးဘိုးကြီးအတွက် အမွှေးတိုင်, ဖယောင်းတိုင်နဲ့ သကြားလုံးအနီပါ ပူဇော်ပသ တယ်ဆိုပြီး တောင်းကြတာပဲ ကိုရန်နိုင်ရေ၊ ဒီမှာကတော့ ရိုးရာ ဓလေ့လို ဖြစ်နေကြပါပြီ''

စိတ်ရှည်လက်ရှည်နှင့် စောရန်နိုင် သိလိုသမျှများကို ထူးပေါက်က ရှင်းလင်းပြောပြနေပါ၏။

''မိုးကုတ်မြို့သူမြို့သားတွေက ကံကို အထူးယုံကြည်ကြ တဲ့ ဗုဒ္ဓဘာသာဝင်တွေ များပါတယ်၊ ကံအထမှာ ဟန်ကျနိုး စောင့်နေကြတဲ့ သူတွေကလည်း အများကြီး၊ အဲ ... သူတို့မှာ





ယုံကြည်မှုတွေရှိတယ်၊ သစ္စာကတိတည်တယ်၊ ပြောထားတဲ့ စကားကို စာချုပ်စာတမ်းမရှိဘဲ တည်ကြည်အောင် စောင့်သိ တယ်၊ ကျောက်လောကသားအချင်းချင်း အပြန်အလှန် လေးစား ချစ်ခင်တဲ့ စည်း, စံ, စနစ်တွေ ရှိကြတယ်၊ ဒီလို ကောင်းမြတ်တဲ့ ဓလေ့စရိုက်တွေဟာ တစ်ခါက မိုးကုတ်မြေမှာ မွေးဖွားခဲ့တဲ့ လူထူးဆန်း တွင်းဝိဇ္ဇာညီနောင်ရဲ့ ကျေးဇူးတော်ကြောင့်လို့လည်း အားလုံးက ယုံကြည်ထားကြတာ ကိုရန်နိုင်ရဲ့''

''ဘာ ... ဘယ် ... ဘယ်လို ... တွင်းဝိဇ္ဇာညီနောင် ... ဟုတ်လား ကိုထူးပေါက်''

ထူးပေါက်၏စကားထဲတွင် တွင်းဝိဇ္ဇာညီနောင်ဆိုသော စကားစုပါလာသဖြင့် စောရန်နိုင်၏မျက်လုံးတို့က ဆူပွက်လှုပ်ရှား လာကြသည်။ သူ့ဦးလေးဦးကျော်ခေါင် ပေးထားသည့် မှတ်တမ်း စာအုပ်ကြီးထဲတွင် တွင်းဝိဇ္ဇာညီနောင်၏အကြောင်းကို တစ်စွန်း တစ်စမျှ သိရှိထားသည် မဟုတ်ပါလား။

''ဟုတ်တယ် ကိုရန်နိုင် ... ဘာလဲ ... ခင်ဗျား စိတ် ဝင်စားလာပြန်ပြီလား။ အဲဒီတွင်းဝိဇ္ဇာညီနောင်ရယ်, ကျောက်ပြဲ သာဒ်က သျှိဝနတ်ဘုရားကျောင်းဆောင်ရယ်, ကိုးပေါက်စေ့ရွှေ



www.burmeseclassic.com

www.burmeseclassic.com



လို့ နာမည်ကြီးခဲ့တဲ့ ကိုးပေါက်ပတ္တမြားကြီးရယ်ဟာ သမိုင်းကြောင်းနောက်ခံ ဇာတ်ကြောင်းတစ်ခုတည်းရယ်ပဲ ကိုရန်နိုင်"

"အေးဗျာ ... ကျွန်တော့်ရဲ့ညီမလေး ပြုစုနေတဲ့ သမိုင်းကျမ်းစာအုပ်အတွက် အချက်အလက်တွေများ တိုးလာမလားလို့ မေးကြည့်တာပါ ကိုထူးပေါက်"

ပတ္တမြားကိုးပေါက်ခေါ် သေမိန့်ပြန်ကိုးပေါက်တစ္ဆေနှင့် ပတ်သက်လာလျှင် စောရန်နိုင်၏သွေးသားများက ဆူဝေပွက်လျှံနေကြသည်မို့ စိတ်သန္တာန်ကို ထူးပေါက်မရိပ်စားမိစေရန် စောရန်နိုင် လှည့်ပတ်၍ ဖြေကြားလိုက်သည်။

"တွင်းဝိဇ္ဇာညီနောင်ရဲ့အထ္ထုပ္ပတ္တိက ကျွန်တော့်ထက် အဘဦးမှိုင်းလုံက ပိုပြီးသိတယ်၊ ပြောလည်း ပြောတတ်တယ်ဗျ ဒါပေမဲ့ အဘက ကိုးပေါက်တစ္ဆေပူးကပ်လာရင် ဒုက္ခရောက်မှာစိုးလို့ဆိုပြီး ရှောင်နှုတ်ပိတ်နေတာ များတယ်၊ အင်း ... တစ်ခုတော့ ရှိတယ် ... ကိုရန်နိုင်ရဲ့ညီမက သမိုင်းပြုစုမှာဆိုတော့ တွင်းဝိဇ္ဇာညီနောင်အကြောင်းကို ပြောကောင်းပြောနိုင်မယ်ဗျ"

ထူးပေါက်ပြောဆိုနေသည့် စကားများက စောရန်နိုင်လျှို့ဝှက်စွာ ခြေရာကောက်နေသည့် လမ်းကြောင်းထဲသို့ မသိနိုး





ားစွာဖြင့် ဝင်ရောက်လာခဲ့ပါချေပြီကော။ ကျောက်မှဆိုဦးကျော်ခေါင် သဲကြီးမဲကြီး စုံစမ်းလျှက်ရှိသော ကိုးပေါက်ပတ္တမြားကြီးသို့မဟုတ် သေမိန့်ပြန် ကိုးပေါက်တစ္ဆေ၏ ပုံရိပ်များက စောရန်နိုင်၏ရင်ကို တဖျပ်ဖျပ် လှုပ်ခါစေခဲ့ပါပြီတည်း။

☼ ☼ ☼




www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

## လူထုဆန်း တွင်းဝိဇ္ဇာညီနောင်၏ ဇာတ်လမ်းအစ

ကံကောင်းချင်တော့ ထိုနေ့ညနေ ကျောက်ပြာသာဒ်သ စောရန်နိုင် ပြန်လည်ရောက်ရှိလာချိန်တွင် မိုးကုတ်မြို့မှ ပင်စင် စား ကျောက်စာဝန်ဟောင်းဦးဘတူမှာ မုဆိုးကြီးဦးမှိုင်းလုံအိမ်သ ရောက်ရှိနေခြင်းပင်တည်း။

အမှန်မှာ ကျောက်စာဝန်ဟောင်း ဦးဘတူမှာ ဦးမှိုင်း ထံမှ မှာယူထားသည့် သမင်ချိုတစ်စုံနှင့် ဆတ်ချိုတစ်စုံတို့





လာရောက်ယူငင်ခြင်း ဖြစ်ပါ၏။

သို့သော် နေအိမ်တွင်ရှိနေသည့် သမိုင်းသုတေသီ စော နန်းနွယ်နှင့် တွေ့ဆုံခဲ့ခြင်းကြောင့် ချက်ချင်းမပြန်နိုင်ဘဲ စကား လက်ဆုံကျနေခြင်း ဖြစ်သည်။ စောရန်နိုင် ပြန်လည်ရောက်ရှိ လာတော့ ဦးဘတူနှင့် စောနန်းနွယ်တို့က စကားပြောကောင်း နေကြဆဲပေါ့။

"ဟော . . . မောင်ရန်နိုင်တောင် ပြန်လာခဲ့ပြီကိုး၊ ဘယ့် နှယ့်လဲ . . . ထူးပေါက်က မိုးကုတ်မြို့ထဲကို နှံ့နှံ့စပ်စပ် လိုက်ပြီး ပို့ရဲ့လားကွဲ့"

"ဟုတ်ကဲ့ . . . နှံ့စပ်ပါတယ်ခင်ဗျ၊ ထားပွဲမှာရော, မိုး ကုတ်ဘိုးဘိုးကြီးနတ်ကွန်းမှာရော နေရာစုံလိုက်ပို့ပါတယ်၊ အဲဒါ ဘိုးဘိုးကြီးအကြောင်းကနေ တွင်းဝိဇ္ဇာညီနောင်အကြောင်း ရောက်သွားရာက စိတ်ဝင်စားသွားတာလေ၊ ဒါပေမဲ့ ကိုထူးပေါက် က ရှင်းမပြပါဘူး၊ အဘမှိုင်းက တွင်းဝိဇ္ဇာအကြောင်းကို သူထက် ပိုပြီး နှံ့နှံ့စပ်စပ်သိတယ်ဆိုတာနဲ့ အဲ . . . အဲဒါ . . . အဲ"

"ဟင်း . . ဟင်း . . ဟင်း . . တွင်းဝိဇ္ဇာညီနောင် အကြောင်းကိုပါ မောင်ရန်နိုင် စိတ်ဝင်စားလာပြန်ပြီပေါ့ . . .



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား။ အဆင်သင့်တာပေါ့ကွယ် ... ဟောဒါက ကျောက်စာဝန်ဟောင်း ဦးဘတူတဲ့၊ ပင်စင်ယူခဲ့ပြီး ဇာတိမြေဖြစ်တဲ့ မိုးကုတ်မှာ ပြန်ပြီးအခြေချတာကွဲ့၊ ကိုင်း ... ဦးဘတူလည်း ဒီမှာပဲ ညစာစားပြီး တစ်ညအိပ်လိုက်ပေတော့၊ ဟင်း .. ဟင်း .. ဒီမောင်နှမက တစ်ခုခုသိချင်ပြီဆိုရင် ဖွဲကောင်းကောင်းနဲ့ ဖွတ်ကို ကပ်မေးတော့တာပဲဗျို့”

“ရပါတယ် ကိုမှိုင်းလုံရယ်၊ သူတို့လို ပညာတတ်လူငယ်လေးတွေက သမိုင်းအကြောင်းကို စိတ်ဝင်စားတယ်ဆိုတော့ ကျုပ်တို့ကတောင် ပိုပြီးဝမ်းသာရမှာပါ၊ စိတ်ချ မောင်ရန်နိုင် ... မင်း...ချင်တဲ့ တွင်းပိဗ္ဗာညီနောင်အကြောင်းရော, သာမန်လူသားတွေနဲ့မထိုက်တဲ့ သေမိန့်ပြန် ကိုးပေါက်တစ္ဆေလို့ခေါ်တဲ့ ပတ္တမြားကြီးအကြောင်းရော ဦးသိသမျှ အားလုံးပြောပြပါ့မယ်ကွယ်”

“ဘယ်လိုလဲ ဦး ... အစ်ကိုကြီးမေးတဲ့ တွင်းပိဗ္ဗာညီနောင်ဆိုတာ အမှန်တကယ်ပဲ ရှိခဲ့တာလားဟင်”

တစ်ချိန်လုံး ငေးစိုက်ကာ နားထောင်နေသည့် စောနန်းနွယ်က ကျောက်စာဝန်ဟောင်း ဦးဘတူအား ထပ်ဆင့်မေးမြန်း





လိုက်ပြန်ပါ၏။

“ဟာ ... ဘယ်လိုမေးလိုက်တာလဲ သမီးရယ် ... တကယ်ကိုရှိခဲ့တာပေါ့၊ မြန်မာပြည်ကို နယ်ချဲ့မျက်နှာဖြူအင်္ဂလိပ်တွေ အုပ်ချုပ်ခဲ့စဉ်တုန်းက ဟောဒီမိုးကုတ်မြေမှာ ဦးဆောင်နဲ့ ဦးအောင်ဆိုတဲ့ လူထူးဆန်းညီအစ်ကိုနှစ်ယောက်ဟာ တွင်းပိဗ္ဗာရယ်လို့ အထင်အရှား သတင်းကြီးခဲ့တာပေါ့ကွယ်”

ညနေခင်းလေပြည်တွင် ဦးဘတူ၏ တွင်းပိဗ္ဗာညီနောင် သမိုင်းကြောင်းက စီးမျောဝေ့ဝဲလျက်။

စောရန်နိုင်နှင့် စောနန်းနွယ်တို့ မောင်နှမနှစ်ယောက်တမူ အမည်နာမ ထူးဆန်းသလောက် စိတ်ဝင်စား...ွယ်၊ သွေးဖျက်ထိတ်လန့်ဖွယ်၊ ဂမ္ဘီရဆန်လှသော တွင်းပိဗ္ဗာညီနောင်ဇာတ်ကြောင်းထဲဝယ် စီးမျောနစ်ဝင်သွားကြပါတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



အချိန်က မြန်မာပြည်ကို ဗျက်နာဖြူအင်္ဂလိပ်တို့ ကျွ
ကျော်နယ်ချဲ့ကာ သိမ်းပိုက်ထားချိန် ဖြစ်ပါ၏။ နယ်ချဲ့အင်္ဂလိပ်
များသည် မြန်မာနိုင်ငံအား သိမ်းပိုက်ပြီးလျှင်ပြီးချင်း ပထမဦးဆုံး
ပတ္တမြားကျောက်တွင်းတူးလုပ်ငန်းအား 'စထရီတာ'ကုမ္ပဏီသို့
လွှဲပြောင်းလုပ်ကိုင်ခွင့် ပေးခဲ့ကြသည်။

(၁၈၈၉)ခုနှစ်၊ ဖေဖော်ဝါရီလ (၂၂)ရက်နေ့တွင် ပထမ





ဦးဆုံး ပတ္တမြားတွင်းငှားစာချုပ် ချုပ်ဆိုခဲ့ကြပါ၏။ ထိုစာချုပ်အရ
(၁၈၈၉)၊ နိုဝင်ဘာ (၁)ရက်နေ့မှစတင်၍ လုပ်ကိုင်ခွင့်ရသည်။

စာချုပ်သက်တမ်းမှာ (၇)နှစ်ဖြစ်ပြီး ငှားရမ်းခမှာ တစ်
နှစ်လျှင် ကျပ်ငွေလေးသိန်းနှင့် အမြတ်ငွေ ခြောက်ပုံတစ်ပုံပေး
ရသည်။ ဤတွင် ကုမ္ပဏီမှ ရှယ်ယာခေါ်၍ မြန်မာပြည်ကျောက်
တွင်းကုမ္ပဏီလီမိတက် (The Burma (Myanmar) Ruby Mines
Company Ltd.) ဟု ပေါ်လာခဲ့ပါ၏။

ဒုတိယစာချုပ်မှာ (၁၈၉၆)ခုနှစ်၊ နိုဝင်ဘာလတွင် ချုပ်
ဆိုပြီး စာချုပ်သက်တမ်းမှာ (၁၄)နှစ်ဖြစ်သည်။ အင်္ဂလိပ်အစိုးရ
က ကျောက်ထွက်မည်ဟုယူဆရသော နယ်မြေဒေသများမှ
နယ်ခံလူများကို ရွှေ့ပြောင်းစေသည်။

သို့သော်လည်း မိုးကုတ်မြို့ကိုအုပ်ချုပ်သည့် အင်္ဂလိပ်
မျက်နှာဖြူအရေးပိုင် ဂျော့ဖောလာသည် နှစ်နာခဲ့ရသော နယ်မြေ
လူထုနှင့် မိုးကုတ်သူမိုးကုတ်သားအားလုံး ဆင်းရဲကျပ်တည်းမှု
မရှိစေရန်အတွက် ကျောက်တွင်းလိုင်စင်များကို စနစ်တကျ ထုတ်
ပေးခဲ့သည်။

The Burma (Myanmar) Ruby Mines Company



www.burmeseclassic.com

www.burmeseclassic.com



Ltd. ကလည်း တွင်းသားများအား ခါးချိတ်လိုင်စင်ပြား ခေ
ခါးတွင်ချိတ်ဆွဲထားရသည့် တွင်းတူးလိုင်စင်များကို ထုတ်ပေ
ခဲ့ပါ၏။

ထိုသတင်းကို ကြားသိရသဖြင့် အနယ်နယ်အရပ်ရပ်
မှ လူသူအများ ရောက်ရှိလာကြပြီး တွင်းသားအဖြစ် လုပ်ကိုင်ကြ
ရင်းမှ မိုးကုတ်မြို့နယ်တစ်ဝိုက်ရှိ မော်များ၊ တူးတွင်းများတွင်
လူသူပရိသတ်အမြောက်အမြား စည်ကားလာခဲ့ပါသည်။

ထိုကဲ့သို့ ရောက်ရှိလာကြသော တွင်းသားများထဲတွင်
ကျောက်ပြာသာဒ်အနောက်ရွာရှိ ယောနယ်မှ မောင်ဖိုးသန်းဆို
သည့် လူရွယ်တစ်ယောက်ကလည်း တွင်းသားအဖြစ် လာရောက်
လုပ်ကိုင်လျက် ရှိပါချေ၏။

လူပုံက ဖြူဖြူသန့်သန့်၊ စိတ်ဓာတ်က ရိုးသားသန့်စင်
သလောက် အလုပ်လုပ်ရာတွင် မရိုမကစ်နှင့် ဖွဲကောင်းလှသော
မောင်ဖိုးသန်းကို တွင်းပိုင်ရှင်ပေါလန်များက လိုချင်အားထားကြ
သည်။ ဘဝတူတွင်းသားများကလည်း ကူညီရိုင်းပင်းမှုစိတ်ဓာတ်
ရှိသော မောင်ဖိုးသန်းအား လေးစားချစ်ခင်ကြသည်။

မောင်ဖိုးသန်း ရောက်ရှိလာပြီး တစ်နှစ်ခန့်အကြာမှာပင်





တွင်းပိုင်ရှင်ဦးစိုင်းလီမှာ ကျောက်ကောင်းကျောက်သန့်များစွာ
ရရှိလာခဲ့ပါ၏။ ထို့အတူ မောင်ဖိုးသန်းတို့ တွင်းသားများမှာလည်း
အချိုးကျခံစားရရှိကြသဖြင့် ဝမ်းသာပျော်ရွှင်ကြသည်။

"အင်း ... မောင်ဖိုးသန်း ငါတို့တွင်းကိုရောက်လာမှ
သိသိသာသာ ကျောက်ထွက်အားကောင်းလာတာ မိန်းရေး
ကောင်လေးဟာ အလုပ်ဖွဲကောင်းသလောက် ကံကောင်းတဲ့
ဘောင်ကောင်လေးပဲဟ၊ ငါတို့တွင်းက ထွက်သွားမှာတောင်
းနေရတယ်"

တွင်းပိုင်ရှင်ဦးစိုင်းလီက သူ၏ဇနီးသည် မနန်းအိမ်အား
တွင်းသားမောင်ဖိုးသန်း၏အကြောင်းကို ဘွင်းဘွင်းရှင်းရှင်းပင်
ပြောပြနေပါ၏။

ဒေါ်နန်းအိမ်မှာ ငွေကွမ်းအစ်ကြီးထဲမှ ကွမ်းယာတစ်ယာ
ကို ထုတ်ယူလိုက်ပြီး အထဲမှ ဆေး ကွမ်းသီးများကိုစပ်ကာ
းစောင်အတွင်း အသာအယာထည့်လိုက်ရင်း ...

"ဒါဆိုရင်လည်း တခြားတွင်းကို ပြောင်းမသွားအောင်
င်ကြိုးစားပေါ့ ကိုစိုင်းလီ"

"အေး ... အဲဒါ နင့်မှာ အကြံဉာဏ်ကောင်းလေးများ



www.burmeseclassic.com

www.burmeseclassic.com



ရှိမလားလို့ တိုင်ပင်ကြည့်တာဟဲ့၊ ဒီကောင်လေးက ရိုးလည်း
သားတယ်၊ အလုပ်ဖွဲလည်းရှိတယ်၊ နောက်ပြီး တွင်းသားတွေ
လည်း အဆင်ပြေတယ်၊ ခေါင်းဆောင်ကောင်းတစ်ယောက်
အရည်အသွေးလည်းရှိတယ် မိနန်းရေ''

ဦးစိုင်းလီ၏စကားကြောင့် ဇနီးဖြစ်သူ ဒေါ်နန်းအိမ်
ကွမ်းဝါးရင်းမှ မိန့်မိန့်ကြီးပြုံးကာ ...

''အင်း ... ရှင်ဟာလေ စီးပွားအရှာကောင်းသလော
လူမှုဆက်ဆံရေးမှာ တော်တော်လိုသေးတာပဲနော်၊ မောင်ဖိုးသ
ကို ရှင်ရဲ့တူမ မဲနက်နဲ့ လက်ဆက်ပေးလိုက်ပါလား ...။

ဒါဆိုရင် ကောင်လေးက ရှင် ကုတ်နဲ့ကော်ထုတ်တော
တခြားတွင်းကို ပြောင်းမှာမဟုတ်ဘူး တော်ရေ့ ... ဟင်း ...
ဟင်း''

ဒေါ်နန်းအိမ်၏ ရှင်းရှင်းဘွင်းဘွင်းစကားကြောင့် ဦးစိုင်း
လီ၏မျက်နှာကြီးမှာ ဝင်းလက်သွားပြီး တဟားဟားနှင့် ရယ်
လိုက်ပါတော့သည်။

''ဟား .. ဟား .. ဟား .. ဟား .. ဟုတ်တယ်မိန
ရေ၊ ဒီအချက်ကို ငါမေ့သွားသဟ ... ဟုတ်ပြီ ... ဟုတ်

★ ခုနစ်စဉ်ကြယ်စာပေ ★



မနက်ကျမှ စိုင်းဘုန်းနဲ့တိုင်ပင်ပြီး ဒီကိစ္စကို မဖြစ်ဖြစ်အောင်
မိမ်ရမယ် ဟော့ .. ဟား .. ဟား .. ဟား ..''

ဟုတ်သည်။ မောင်ဖိုးသန်း၏အရည်အချင်းမှာ ဦးစိုင်း
လီပြောသကဲ့သို့ တခြားသော တွင်းပိုင်ရှင်ပေါလန်ကြီးများ
သဘောကျနှစ်ခြိုက်စရာပင်တည်း။

အတွေးအခေါ်ကောင်းသလောက် အလုပ်ဖွဲကောင်းသူ၊
ကောင်းသူ၊ အစီအမံကောင်းသူတစ်ယောက်အား အချိုးကျ
ငွေများ၊ အခွင့်အရေးများ ပို၍ပေးကာ ပေါလန်များက ခေါ်ယူ
တတ်ကြသည် မဟုတ်ပါလား။

ယခု ဦးစိုင်းလီက ထိုအခွင့်အရေးများထက် ပိုမိုသာ
လွန်သော သူ၏ တစ်ဦးတည်းသောတူမချော မဲနက်မနှင့်သာ
မောင်ဖိုးသန်းအား ပေးစားနိုင်မည်ဆိုပါက အားလုံး တစ်ပေါင်း
တစ်စည်းတည်း ဖြစ်သွားကာ ဥမကွဲသိုက်မပျက် နေထိုင်သွားနိုင်
မည်ဖြစ်ပါ၏။ ထိုအကြံအစည်ကိုပေးသည့် ဇနီးသည်မိနန်းအိမ်
ကိုလည်း စိတ်ထဲမှကျိတ်၍ ကျေးဇူးတင်နေမိပါတော့သည်။

ဤသို့ဖြင့် တွင်းပိုင်ရှင်ပေါလန် ဦးစိုင်းလီ၏အကြံအစည်
အား ဒေါ်နန်းအိမ်က ဆက်လက်၍ စီစဉ်ကပြုလိုက်သောအခါမှာ

★ ခုနစ်စဉ်ကြယ်စာပေ ★

www.burmeseclassic.com

www.burmeseclassic.com



တော့ မောင်ဖိုးသန်းတစ်ယောက် တစ်နှစ်ကျော်ကျော်အတွင်းမှာပင် ပေါလန်ကြီးဦးစိုင်းလီ၏ တူမချော မဲနက်မနှင့် လက်ထပ်ထိမ်းမြားခဲ့ကြပါလေ၏။

တိုက်ဆိုင်မှုပင်လေလား၊ သို့တည်းမဟုတ် မောင်ဖိုးသန်း၏ ကံဇာတာစန်းလက်ကြောင့်လေလားမသိ။ မောင်ဖိုးသန်းနှင့် မမဲနက်တို့ မင်္ဂလာဆောင်သည့်နေ့က စနေနေ့။

အင်းပြဲတွင်းလုပ်လက်စမှ ဖြုန်းများကိုလည်း သန့်စင်ဆေးကြောခါနီး အချိန်ကာလ၊ မိုးကုတ်ဘိုးဘိုးကြီးကို အထူးယုံကြည်သည့် ပေါလန်ကြီးဦးစိုင်းလီကလည်း ထူးထူးခြားခြား တိုက်ဆိုင်လှသည့် ရက်မြတ်မင်္ဂလာအချိန်ပြီးသည်နှင့် ဘိုးဘိုးကြီးထံသွားရောက်၍ ပူဇော်သက္ကာယပြုကာ မောင်ဖိုးသန်းနှင့် မိမဲနက်တို့ ဇနီးမောင်နှံအား ကျောက်အောင်စေကြောင်း တောင်းဆုပြုစေသည်။

"အဘိုး ... အဘိုး ... အဘိုး ... သားတို့သမီးတို့ ဖြုန်းတင်ထားပြီးပြီဖြစ်လို့ ဖြုန်းဆေးပါတော့မယ်၊ ဖြုန်းထဲမှာ ကျောက်ကောင်း,ကျောက်သန့်နဲ့ ကျောက်ကြီးများပါအောင် စောင့်ရှောက်ကူညီပေးတော်မူပါ အဘိုး"





ထိုကဲ့သို့ ဆုတောင်းမှုများ ပြုလုပ်ပြီးသည်နှင့် ဖြုန်းတင်ရာသို့ ပြန်လာခဲ့ကြပြီး မောင်ဖိုးသန်းကိုယ်တိုင် ဖြုန်းများကို ဆေးကြောသန့်စင်ကာ ဖြုန်းတစ်ဆုပ်ကို လက်နှင့်ဆုပ်ကာ ယူလိုက်သည်။

ကံကောင်းခြင်းလား၊ တိုက်ဆိုင်မှုလား၊ သို့မဟုတ် မိုးကုတ်ဘိုးဘိုးကြီး အမှန်တကယ်ပင် ကူညီမစလိုက်ခြင်းလေလားမသိ။ ထိုဖြုန်းလက်တစ်ဆုပ်စာထဲတွင် သိန်းကျော်တန် အောင်ကျောက်ကြီးတစ်လုံး ပါရှိလာခဲ့ခြင်းက မောင်ဖိုးသန်း၏ ကံဇာတာစန်းလက်အား ပိုမို၍ လင်းလက်တောက်ပြောင်လာခဲ့ခြင်းပါတည်း။

ဤသို့ဖြင့် မိုးကုတ်ရတနာမြေတွင် မောင်ဖိုးသန်းတို့ ဇနီးမောင်နှံ၏ ဘဝခရီးမှာ နိဒါန်းအဖွင့် ကောင်းမွန်ကြီးမြတ်စွာနှင့် ခြေလှမ်းစခဲ့ရာ အချိန်ရာသီတို့ တရွေ့ရွေ့နှင့် ကျော်ဖြတ်လာခဲ့ကြရာမှ သားရင်သွေးငယ် မောင်အောင်နှင့် မောင်ဆောင်တို့ ညီအစ်ကိုနှစ်ယောက်ကို ရှေ့ဆင့်နောက်ဆင့်ဆိုသလို မွေးဖွားလာခဲ့ပါသည်။

ဤတွင်လည်း ထူးခြားမှုများနှင့် စဉ်ဆက်မပြတ် ကျောက်အောင်မှုများကလည်း ညီအစ်ကိုနှစ်ဦးကို မွေးဖွားပြီးသည့် အချိန်



www.burmeseclassic.com

www.burmeseclassic.com



မှစ၍ အောင်မြင်လာခဲ့သည်မို့ ဖခင်ဖြစ်သူ ဦးဖိုးသန်းကိုယ်တိုင်ပင် အံ့သြဘနန်းဖြစ်ခဲ့ရသည်။

မှတ်မှတ်ရရဆိုလျှင် မောင်အောင်နှင့် မောင်ဆောင်ငါးနှစ်သားအရွယ်တို့ ရောက်ရှိလာချိန်မှ စတင်ရမည်ဖြစ်ပါ၏။ တစ်နေ့တွင် လူးတွင်းမှ ခဲစာအမှတ်ဖြင့် ပစ်ထားကြသည့် ကျောက်ပုံထဲမှ ကျောက်ခဲတစ်လုံးကို မောင်ဆောင်က ထွေပစ်ကစားရန် ကောက်ယူလာခဲ့သည်။

"အေး ...ဒီအနေလောက်ဆို ငါတို့ထွေပစ်လို့ရပြီကွ ရော့ ...မင်း အရင်ဦးဆုံးထွေပစ်စမ်း ညီလေး"

မောင်အောင်က ညီဖြစ်သူမောင်ဆောင်ကို ဦးစွာထွေပစ်စေပြီး ထွေပစ်လိုက်၊ ဆော့ကစားလိုက်၊ တစ်ယောက်တစ်လှည့် ပစ်ပေါက်ဆော့ကစားကြရင်း နေအိမ်သို့ ပြန်လာခဲ့ကြသည်။

"ဟေး ...ထိသွားပြီကွ"

"ဟာ ...မဟုတ်သေးဘူးကွ၊ အခုအလှည့်က ကိုကြီးအလှည့်လေ၊ ညီလေးက ကျော်ပြီးပစ်သွားတာ၊ ကိုင်း ...ကိုကြီးကို ထွေပေး"

"ဟယ် ...ကိုကြီးကလည်း ညီလေးအလှည့် ညီလေးပစ်တဲ့ဟာကို၊ ထွေမပေးနိုင်ပါဘူး"

ညီအစ်ကိုနှစ်ယောက် သူ့အလှည့် ကိုယ့်အလှည့် ငြင်းခုန်ကြရင်း ထွေလုကြရင်းဖြင့် မိမိတို့အိမ်ရှေ့သို့ ရောက်လာကြသည်ကိုပင် သတိမထားနိုင်အားကြ။ ဖြစ်ချင်တော့ ထိုအချိန်တွင် တစ်ဖက်ရွာမှပြန်လာသည့် ဖခင်ကြီးဦးဖိုးသန်းနှင့် အိမ်ရှေ့တွင် ဆုံတွေ့လိုက်ကြသည်။

"ဟဲ့ ...ဟဲ့ ...ဟိုကလေးနှစ်ယောက် နေပူကြီးထဲမှာ ဘာတွေလုပြီး ဘာတွေများ ငြင်းခုန်နေကြတာလဲ ပြောပြောကြစမ်း၊ ဒီမှာ အမေကြီးရေ ...မင်းရဲ့သားတွေကို ထွက်များလည်းကြည့်ပါဦး"

"ဟို ...ဟို ...ညီ ...ညီလေးနဲ့ ထွေကစားရင်း ငြင်း ...ငြင်းခုန်နေကြတာပါ အဖေ"

ထိုစဉ် အိမ်ရှေ့တံခါးပေါက်အနီးတွင် ဆူဆူညံညံအော်ဟစ်သံများကြောင့် ဒေါ်မဲနက် ထွက်၍ကြည့်လာသည်။

"ဟဲ့ ...ဟဲ့ ...အော် ...အိမ်ရှေ့မှာ ဆူညံဆူညံနဲ့ ဒီညီအစ်ကိုနှစ်ယောက် ဖြစ်နေတာကိုး၊ ကိုင်း ...တော်လောက်ပြီ လာကြ ...လာကြ ...တစ်ကိုယ်လုံးလည်း ဖုန်တွေသဲတွေ







www.burmeseclassic.com

www.burmeseclassic.com



နဲ့ ညစ်ပတ်ပေရေနေတာပဲ၊ ရေချိုးပေးမှ ဖြစ်တော့မယ်”

ဇနီးသည်၏စကားကြောင့် ဦးဖိုးသန်းမှာ မောင်ဆောင်၏ လက်ထဲမှ ဆော့ကစားနေသည့် ကျောက်ခဲပိုင်းလေးကို ဆွဲယူလိုက်ပြီး ကလေးနှစ်ယောက်စလုံးကို လက်ဆွဲ၍ ခေါ်လာခဲ့သည်။

ကံကြမ္မာစန်းလင်္ဂ တက်လာချင်တော့ မောင်အောင်တို့ ညီအစ်ကိုနှစ်ယောက် ဆော့ကစားလာခဲ့သော ခဲစာကျောက်လေးသည် မမျှော်လင့်ဘဲ သိန်းကျောက်ဖြစ်နေခြင်းက ထူးခြားသော ညီအစ်ကိုနှစ်ယောက်ကို မိုးကုတ်ကျောက်မြေတွင် ဟိုးဟိုးကျော် သွားစေခဲ့ပါပြီကော။

တစ်ခေတ်တစ်ခါက မိုးကုတ်နယ်တစ်ကြောတွင် သတင်းကြီးကျော်ကြားခဲ့သည့် ပုံပြင်ဒဏ္ဍာရီသဖွယ် ဖြစ်ရပ်ဆန်း တစ်ခု ရှိခဲ့ဖူးပါသည်။

ကျောက်ရိုင်းသခင်မဟု ခေါ်တွင်သည့် မိန်းမပျိုတစ်ဦး ဖြစ်ပါ၏။ သူမ၏လက်နှင့် ထိတွေ့ယူငင်ပေးလိုက်သည့် ကျောက်ရိုင်းတုံးတိုင်းသည် သောင်းကျောက်၊ သိန်းကျောက်နှင့် သန်းရာတန်သောကျောက်များဘဝသို့ ရောက်ရှိသွားလေ့ရှိသည်ဟု ဘိုးဘွားများက ဆိုကြပါသည်။





ယခုလည်း ငါးနှစ်သားအရွယ် ညီအစ်ကိုနှစ်ယောက် ပစ်ပေါက်ဆော့ကစားရင်း ယူလာသည့် လမ်းဘေးခဲစာကျောက်သည် သိန်းချီတန်သည့် ကျောက်မျက်ရတနာဖြစ်နေခြင်းကပင် သူတို့ညီအစ်ကိုနှစ်ယောက်တို့၏ ငယ်ဘဝမှ ထူးခြားသောပြယုဂ်များသာ ဖြစ်ခဲ့ပါသည်။

မောင်အောင်နှင့် မောင်ဆောင် အရွယ်ရောက်လာစဉ်အခါတွင်လည်း ကျောက်လုပ်ငန်းမှ ကွက်သစ်များ၊ လူးတွင်းများကိုလည်း သူတို့အစွမ်းအစဖြင့် ထုတ်ပေးနိုင်ခဲ့သည်။

ထို့ကြောင့်လည်း ဤမိုးကုတ်မြေတွင် မောင်အောင်နှင့် မောင်ဆောင်တို့၏ နာမည်ဂုဏ်သတင်းသည် ပိုမို၍ သတင်းကြီး ပျံ့နှံ့လာခဲ့ပါသည်။

ထိုအကြောင်းကို ဖခင်ကြီးဦးဖိုးသန်းက လူရှင်းသည့်အခိုက် သားငယ်နှစ်ယောက်ဖြစ်သော မောင်အောင်နှင့် မောင်ဆောင်တို့ ညီအစ်ကိုနှစ်ယောက်အား မေးမြန်းကြည့်သောအခါတွင်မူ ...

“ဒါ့ထက်နေပါဦး သားတို့ရယ်၊ အခုလို ကျောက်ကွက်သစ်တွေ၊ လူးတွင်းတွေနဲ့ ကျောက်နယ်မြေသစ်တွေကို တပ်အပ်



www.burmeseclassic.com

www.burmeseclassic.com



သေချာ ပြောပြဖော်ထုတ်နိုင်ခဲ့တာဟာ ငါ့သားတို့က ကျောက်ကြောနေရာတွေကို သိနေလို့လားကွဲ့"

ဖခင်ကြီး၏ အမေးစကားအား အစ်ကိုမြွစ်သူမောင်အောင် ဖြေလိုက်သောစကားကြောင့် ဖခင်ဦးဖိုးသန်းတစ်ယောက် ပို၍ပင် ထိတ်လန့်အံ့ဩသွားရသည်။

"မဟုတ်ဘူး အဖေရဲ့၊ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်ကို ဝတ်ဖြူစင်ကြယ်နဲ့ အဘိုးအိုတစ်ယောက် အိပ်မက်ထဲကနေ လာလာပြီး ညွှန်ကြားပြသနေလို့ အခုလို ကျောက်ကွက်သစ်တွေ တွေ့ရှိနေရတာပါ၊ ကျန်တာတွေကိုတော့ သားတို့လည်း မသိတော့ဘူးအဖေ . . .။

ဒါပေမဲ့ တစ်နေ့ကမြင်မက်ခဲ့တဲ့ အိပ်မက်ထဲမှာတော့ သားတို့ကို သမထအလုပ်တွေ, စိတ်ပုတီးအမိဋ္ဌာန်ကျင့်စဉ်တွေနဲ့ တရားထိုင်နိုင်းရှိုးမယ်လို့လည်း ပြောသွားသေးတယ် အဖေရဲ့"

သားကြီးမောင်အောင်၏စကားသည် ဟုတ်လောက်သည်ဟုလည်း ဦးဖိုးသန်း ထင်မြင်ယူဆမိပါ၏။ အဘယ်ကြောင့်ဆိုသော် သူ၏သားနှစ်ယောက်စလုံးသည် ငယ်စဉ်သိတတ်စအရွယ်ကတည်းကပင် သားငါးများကို လုံးဝစားသောက်ကြခြင်း





မရှိဘဲ အသီးအရွက်များနှင့် သက်သက်လွတ် ထမင်းဟင်းများကိုသာ စားသောက်လေ့ရှိသည်မှာ သူတို့လင်မယားအသိပင် မဟုတ်ပါလား။

သည်သားနှစ်ယောက်သည် လူ့လောကသို့ စတင်အခြေချလာကတည်းက လွန်စွာထူးခြားလှသော အဖြစ်အပျက်များနှင့် ရောက်ရှိလာကြသူများမို့ မိဘနှစ်ပါးစလုံးက အထူးဂရုစိုက်ခဲ့ကြရသည်။ အလေးထား ဂရုစိုက်ကြသလောက်လည်း ဤသားနှစ်ယောက်နှင့်ပတ်သက်၍ စီးပွားရေးမှအစ လူမှုရေးအဆုံး နာမည်ဂုဏ်သတင်း မွှေးပျံ့ခဲ့သည်။

ဤသို့ဖြင့် ထူးဆန်းမှုများနှင့် ပြွမ်းတီးရောက်ရှိသော မောင်အောင်နှင့် မောင်ဆောင်တို့ ညီအစ်ကိုနှစ်ယောက်သည် သူတို့မိသားစုနှင့် မိုးကုတ်ရတနာမြေအတွက် နတ်သိကြားများနှင့် မိုးကုတ်ဘိုးဘိုးကြီးက လွှတ်လိုက်သော တမန်တော်ညီနောင်နှစ်ယောက်ဟု မှတ်ယူကာ တစ်နယ်လုံးက လေးလေးစားစားနှင့် တရိုတသေ ဆက်ဆံကြပါလေတော့သည်။

ခါလည်း ခါဆိုထိုက်ပါသည်။ မည်သူတစ်ဦးတစ်ယောက်မျှ လုပ်ကိုင်စားသောက်၍မရသော နေရာသို့ ရှေ့အ



www.burmeseclassic.com

www.burmeseclassic.com



ရောက်တင်လျက် ညီအစ်ကိုနှစ်ယောက် မျှော်တိုက်သည်။

ကံဇာတာမြင့်နေကြသည့် သူများမို့လားမသိ ထိုနေရာ မှာပင် အပွင့်ကြီးကြီးကျောက်တစ်လုံးကို ရရှိခဲ့ပြီးနောက်ပိုင်း ဆက်တိုက်ဆိုသလိုပင် ကျောက်များ အောင်မြင်ခဲ့သဖြင့် ညီအစ် ကိုနှစ်ယောက်သတင်းက ပို၍ ပို၍ ကြီးလာခဲ့ပြန်ပါသည်။

မည်သည့်နေရာတွင် ကျောက်ကြောရှိသည်။ ကျောက် ပေါသည်။ ကျောက်ပါးသည်။ မည်သည့်ကျောက်အမျိုးအစား ထွက်ရှိနိုင်သည်ကို မြေသားကိုကြည့်၍ တပ်အပ်နိုးပါး ပြောဆို နိုင်ခြင်း၊ သွားလေရာ၊ တူးလေရာ နေရာတိုင်းတွင် ကျောက် အောင်ပေ့ရှိခြင်း၊ ကျောက်ရရှိခဲ့လျှင်လည်း ကျောက်အရည် မည်မျှရှိမည် မည်သည့်ကျောက်မျိုးဖြစ်သည်ဟု သတ်မှတ်ပြော ဆိုနိုင်ခြင်းတို့ကြောင့် သူတို့ညီနောင်နှစ်ဦးကို ကျောက်မျော်အောင် သည့် ကျောက်ရိုင်းဘုရင် တွင်းဝိဇ္ဇာညီနောင်ဟုပင် မိုးကုတ်မြို့ နယ်တစ်နယ်လုံးက လေးလေးစားစား ခေါ်ဝေါ်သမုတ်ခဲ့ကြပါ တော့သည်။

✳ ✳ ✳



အခန်း (၁၃)

## နီလာသိုက်နှင့် သျှီဝနတ်ကွန်းစင်ကို တွေ့ရှိခြင်း

ကျောက်ပြာသာဒ်ရွာကြီး၏ အနောက်ဘက်ယွန်းယွန်း တွင် ကပ်လျက်တည်ရှိသည့် သူရိန်တောင်တန်းကြီးသည် အတန် ငယ်မြင့်မားလျက် အရှေ့ဘက် ကျောက်ဖားတောင်တန်းကို ကျော်လွန်၍ နေထွက်လာသည့်အခါတွင် သူရိန်တောင်ထိပ်တွင် နေရောင်ခြည် စတင်၍ထွန်းလင်းပါသည်။ ထို့ကြောင့် ထိုတောင် ကို နေတောင် သို့မဟုတ် သူရိန်တောင်ဟု ခေါ်တွင်ခဲ့ကြဘန်



www.burmeseclassic.com

www.burmeseclassic.com



တူပါပေ၏။

ထိုသူရိန်တောင်နှင့် ကျောက်ပြာသာဒ် အနောက်ရှာကြီး၏ တောင်ဘက်လျှိုကြီးအတွင်းဝယ် အင်းဖြဲ၊ ဓာတ်ခုံနှင့်အောက်အင်းဖြဲဟူ၍ ရပ်ကွက်ကြီးသုံးခု တည်ရှိခဲ့သည်။ သူရိန်တောင်၏ခြေရင်းရှိ လျှိုကြီးများအား အထက်အင်းဖြဲဟုခေါ်ရာ အင်္ဂလိပ်ခေတ်က လိုင်စင်တွင်းများတည်ရှိခဲ့ရာ နေရာကြီးလည်းဖြစ်ပါ၏။

ဤသို့ဖြင့် ရာသီဥတုသာယာသော နေ့တစ်နေ့တွင် တွင်းဝိဇ္ဇာညီနောင်မှ ညီငယ်ဖြစ်သူဦးဆောင်မှာ ပလိုင်းတစ်လုံးကိုလွယ်ကာ ဂေါ်ရခါးမားကောက်တစ်ချောင်းနှင့် တွင်းရာလိုက်ရှာရင်း သူရိန်တောင်ပေါ်သို့ တက်လာခဲ့သည်။ ကမူကုန်းထိပ်သို့ အရောက်တွင် ရုတ်တရက် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်ကြုံတွေ့လိုက်ရသဖြင့် နီးစပ်ရာ ကျောက်ပြားစွန်းကြီးတစ်ခုအောက်တွင် ဝင်၍မိုးခိုလိုက်ရသည်။

"တောက် ... အရေးထဲ ဒီမိုးကလည်း ဆိုင်းမဆင့်ဗုံမဆင့် ရွာချလိုက်သေးတယ်၊ တော်တော်နဲ့မတိတ်နဲ့ ဒုက္ခပဲ"

ဟုတ်သည်။ ဤအရပ်ဒေသများတွင် မိုးရွာပြီဟောဆိုရင်





တော်တော်နှင့် မိုးစဲခြင်းမရှိ။ ယခုလည်း တစ်မိုးလုံး ညို့မှိုင်းလျက် မိုးကလည်း သဲသဲမဲမဲ ရွာသွန်းနေသဖြင့် မိုးတိတ်ရန်အကြောင်းမမြင်။

"အင်း ... မထူးတော့ပါဘူး၊ ဒီကျောက်ပြားစွန်းကြီးအောက်မှာပဲ ခဏမှိုလှဲရင်း မိုးတိတ်တာကိုပဲ စောင့်တော့မယ် ... ဟူး"

ဦးဆောင်မှာ သဲသဲမဲမဲ ရွာချနေသည့်မိုးကို စိတ်ပျက်စွာကြည့်ရင်း သက်ပြင်းတစ်ချက်ကိုသာ ဟူးခနဲ ချလိုက်ပါ၏။ ထို့နောက်မှာတော့ ကမ်းပါးစောင်းတွင် လှဲမှီလိုက်ရာမှ မိုးတစိမ့်စိမ့်အောက်ဝယ် ချမ်းချမ်းအေးအေးဖြင့် မှေးခနဲ အိပ်ပျော်သွားပါလေတော့သည်။

ဦးဆောင်တစ်ယောက် မည်မျှကြာကြာ အိပ်မောကျသွားခဲ့လေသည်မသိ။ ဝတ်ဖြူစင်ကြယ်နှင့် ပုတီးတစ်ကုံး လည်မှာဆွဲထားသည့် အဘိုးအိုတစ်ဦးက သူ၏လက်ထဲမှ တောင်ဝှေးကြီးနှင့် တို့ထိကာ နှိုးလိုက်မှကြောင့် လန့်ဖျပ်ကာ နိုးထလာခဲ့ရသည်။

"ဟေ့ ... ငဆောင် ထစမ်း၊ တော်တော်အိပ်ရေးဝြီး



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကောင်ပဲ၊ မိုးတိတ်သွားတာတောင် ကြာလှ ... မင်းဟာ ... ထ,ပါတော့လား''

ဦးဆောင် မျက်စိဖွင့်ကြည့်လိုက်တော့ သူတစ်ကြိမ် တစ်ခါမျှ မမြင်ဖူးသည့် အဘိုးအိုတစ်ဦးကို တွေ့လိုက်ရသည်။ ထိုဝတ်ဖြူစင်ကြယ်နှင့် မုတ်ဆိတ်ဖြူအဘိုးကြီးက သူ့အား တောင်ဝှေးနှင့်ထိုးကာ ထခိုင်းနေသဖြင့် ဦးဆောင် ဘုမသိ,ဘ မသိနှင့် ထထိုင်လိုက်သည်။ ပြီးမှ ... အိပ်ချင်မူးတူးလေသံ နှင့် ...

"ဟို ... ဟို ... ဘာ ... ဘာဖြစ်လို့ ကျွန်တော့်ကို ... နှိုး ... နှိုးရတာလဲ၊ အဘိုးက ... ဘယ် ... သူ ... ဘယ်သူပါလဲ ခင်ဗျာ''

"အံမာ ... မင်းကများ ငါ့ကို ဘယ်သူဘယ်ဝါလို့များ မေးနေရသေးတယ်၊ ဒီမှာ ငဆောင် ... ငါက မင်းမှီပြီး အိပ်နေ တဲ့တောင်ကို စောင့်ရတဲ့ တောင်ပိုင်ကြီးရဲ့တမန်တော်ပဲ၊ အေး ... မင်းနားလည်အောင်ပြောရရင်တော့ သူရိန်တောင်စောင့် နတ်မင်းကြီးရဲ့ တမန်တော် ဘိုးသိဒ္ဓိလို့ခေါ်တယ်ကွ''

ထိုအခါကျမှ ဦးဆောင်ခမျာ မှုန်ဝါးဝါးမျက်စိအစုံကို





ကမန်းကတန်း ပွတ်သပ်ကြည့်ရင်း တမန်တော် ဘိုးသိဒ္ဓိခေါ် ဝတ်ဖြူစင်ကြယ်အဘိုးအိုအား ရှိသေစွာဖြင့် ဒူးထောက်ကန်တော့ လိုက်ပါတော့သည်။

"အင်း ... ဘုရား, တရားနဲ့ မိဘဆရာသမားတွေကို ရှိသေသိတတ်ပြီး သတ္တဝါတွေကို စာနာစိတ်နဲ့ သိတတ်စအရွယ် ကတည်းက သက်သတ်လွတ်စားပြီး ကျင့်ကြံအားထုတ်နေကြတဲ့ ငါ့သားကြီးနှစ်ယောက်ကို သတိရလို့ အဘိုးကိုယ်တိုင် လာကြည့် တာကွယ့်''

တည့်တည့်ပြောမှ ရိပ်မိသည်ဆိုသကဲ့သို့ ဦးဆောင်မှာ ယခုမှပင် သူ၏ရှေ့မှ ဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ်ကြီးသည် အိပ်မက် ထဲတွင် မကြာခဏရောက်ရှိလာတတ်သည့် တောင်ပိုင်ဘိုးဘိုး ကြီး၏ တမန်တော်မှန်း သိရှိလိုက်ရပါတော့သည်။

"ဒီမှာ ငဆောင် ... မင်းက အအိပ်ကြီးနေလို့ကွဲ့၊ စောစောက မိုးတွေသဲသဲမဲမဲရွာချလိုက်တုန်းက တောင်စောင်း တစ်ခုပြိုကျလာပြီး နီလာကြောကြီးတစ်ခုပေါ်လာလို့ မင်းကို နှိုးပြီး ငါကိုယ်တိုင်လာပြောတာ''

"အေး တစ်ခုတော့ရှိတယ် ... ဒီကိစ္စကို မင်းတ



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကလွဲပြီး ဘယ်သူ့ကိုမှ အသိမပေးပါဘူးဆိုတဲ့ ကတိ သစ္စာတစ်ခု ငါ့ကိုပေးရမယ်''

တောင်စောင်းပြိုကျ၍ နီလာကျောက်ကြီးတစ်ခု ပေါ်လာ သည်ဆိုသော ဘိုးသိဒ္ဓိ၏စကားကြောင့် ဦးဆောင်ခမျာ ရင်များ ပင် တဒိန်းဒိန်းနှင့် ခုန်လာပါ၏။

''စိတ် . . . စိတ် . . . စိတ်ချပါ အဘိုးရယ် . . ကျွန်တော့် ရဲ့မိန်းမတောင် မသိစေရပါဘူးလို့ ကတိပေးပါတယ်ခင်ဗျာ''

''အေး ကောင်းပြီ . . . ဒါဆိုရင် ငါ့နောက်ကိုလိုက်ခဲ့''

ဤသို့ဖြင့် တမန်တော်ဘိုးသိဒ္ဓိက ဦးဆောင်ကာ တောင် စောင်းတစ်ခုဆီသို့ ခေါ်ဆောင်သွားပြီး တစ်နေရာဆီသို့ လက် ညှိုးညွှန်ပြလိုက်ပါသည်။

ထိုစဉ်မှာပင် စိမ့်ခနဲတိုက်ခတ်လာသော တောင်ပေါ် လေအေးကြောင့် ဦးဆောင်တစ်ယောက် ဖျတ်ခနဲ လန့်နိုးလာခဲ့ သည်။ သူ၏ ပတ်ဝန်းကျင်တစ်ခုလုံးလည်း တိတ်ဆိတ်ငြိမ်သက် လျက်။ သူအိပ်မပျော်ခင် ရှာချသွားသည့် မိုးကြီးသည်ပင် လုံး၀ တိတ်သွားခဲ့ပြီ မဟုတ်ပါလား။

''ဟင် . . . ဒါ . . . ငါ . . . အိပ်မက်တွေ မက်နေတာ





ပါလား။ ဘုရား . . . ဘုရား . . . နေ့ခင်းကြောင်တောင်ကြီးမှာ ဘယ်လိုဖြစ်တာပါလိမ့်၊ နေ . . . နေပါဦး . . . ဘိုး . . . ဘိုးသိဒ္ဓိ တမန်တော် ဘိုးသိဒ္ဓိလည်း ဘယ်ရောက်သွားပြီလဲ၊ ဟို . . . ဟို . . . တောင်တန်းပြိုကျသွားတယ်ဆိုတာ တကယ်ပဲလား''

ဦးဆောင်တစ်ယောက် မိုးနွေလယ်တွင် မြင်မက်ခဲ့သော အိပ်မက်တစ်တစ်ခုကို ဇဝေဇဝါနှင့် စဉ်းစားတွေးဆရင်း ဟိုဟို သည်သည် ရှာဖွေကြည့်နေမိပါ၏။

''အင်း . . . အိပ်မက်ထဲက သူရိန်တောင်စောင့်နတ်မင်း ကြီးရဲ့ တမန်တော်ဘိုးသိဒ္ဓိဟာ ငါတို့ညီအစ်ကိုနှစ်ယောက်ကို တကယ်ပဲ စောင့်ရှောက်နေလေရော့သလား''

ဦးဆောင်မှာ အိပ်မက်ထဲတွင် တမန်တော်ဘိုးသိဒ္ဓိ ညွှန် ပြသွားသည့် တောင်ကြောရှိရာသို့ လှမ်းမျှော်ကြည့်လိုက်မိပါ၏။ အမှန်တကယ်ပင် ထိုတောင်စွန်းထိပ်တွင် တောင်ပြိုကျပြီး မြေ နီနီတို့ ပေါ်နေသည်ကို တစ်စွန်းတစ်စ မြင်တွေ့လိုက်ရသဖြင့် ဦးဆောင်မှာ ဒိတ်ခနဲပင် ရင်ခုန်သွားရပါသည်။

''ဟာ . . . တ . . . တကယ်ပဲ တောင်ပြိုကျပြီး မြေ . . . မြေနီတွေ ပေါ်နေတာပါလား၊ ဘုရား . . . ဘုရား . . . ဘိုး



www.burmeseclassic.com

www.burmeseclassic.com



သိဒ္ဓိပြောတာတွေ တကယ်တန်းမှန်နေပြီဆိုရင်တော့ နီလာကြော ကြီးတစ်ခုကို ငါတွေ့ရတော့မှာပဲ”

ဤသို့ဖြင့် မိုးရေများရွှဲနစ်နေသည့် မြက်ရိုင်းပင်များ၊ ဆူးရစ်နွယ်ပင်များကို အတင်းတိုးဝှေ့ကျော်ဖြတ်ကာ တောင်စွန်း ထိပ်ဆီသို့ ခဲယဉ်းစွာတက်လာခဲ့သည်။ မျက်စိနှစ်ကွင်းတွင် နီး သည်ဟု ထင်ရသော်လည်း အတန်ငယ်မြင့်မားသဖြင့် ဝါးတစ် လုံးခုတ်၍ တောင်စောင်းနံရံကိုထောင်ကာ ခြေလက်မြဲမြဲစွာဆုပ် ကိုင်၍ တက်ခဲ့ပါ၏။

မိုးရေများဖြင့်ချော်နေသဖြင့် တချို့နေရာများတွင် သတိ ထား၍တက်နေရခြင်းတို့ကြောင့် အချိန်အတန်ကြာမှ မြေနီများပြို ကျရာ တောင်စောင်းထိပ်သို့ ဦးဆောင်ရောက်ရှိလာခဲ့ပါတော့ သည်။

ထိုအခိုက် မျက်စိရှေ့သို့ တိုးဝင်လာသည့်မြင်ကွင်း ကြောင့် ဦးဆောင် ဟာခနဲပင် ဖြစ်သွားသည်။

“ဟာ ...ဘာ ...ဘာ ...တွေလဲဟ”

ဟုတ်သည်။ မြေနီနီတွင် ထုံးကြောထိုးကာ နီလာ ကျောက်တို့သည် မိုးရေများ၏ ရိုက်ခတ်တိုက်စားမှုကြောင့် ထုံး





ဖွေးဖွေးကြားဝယ် ပြာလဲ့လဲ့အရောင်ကိုဆောင်ကာ အစုလိုက် ပြုလိုက် တွေ့မြင်လိုက်ရခြင်းပါတည်း။

“ဟား ...ငါ့တစ်သက်နဲ့တစ်ကိုယ် ဒီလောက်အရည် သွေးကောင်းတဲ့ နီလာမျိုး တစ်ခါမှ မတွေ့ဖူးသေးဘူး၊ ဘု ား ..ဘုရား ...ကျေး ..ကျေးဇူးတင်လိုက်တာ အဘိုးရယ်”

သူရိန်တောင်စောင့်နတ်မင်းကြီး၏ထမန်တော် ဘိုးသိဒ္ဓိ ၏ အိပ်မက်စကားများက မျက်မြင်ဒိဋ္ဌ မှန်ကန်နေသဖြင့် ဦး ဆောင်မှာ ဝမ်းသာတုန်ယင်စွာဖြင့် တမန်တော်ဘိုးသိဒ္ဓိကိုရည် း ကာ ရှိသေ့စွာ ဦးခိုက်ကန်တော့လိုက်ပါလေတော့သည်။

ထို့နောက်မှာတော့ မြေကြီးပေါ်တွင် ပေါ်ထွက်နေသမျှ ာကျောက်များကို သိမ်းကျုံးယူငင်လိုက်သည်။ ပြီးသည်နှင့် ပ်မံတူးဆွယူငင်ခြင်း မပြုတော့ဘဲ ထူးထူးခြားခြားတွေ့ရသည့် ာကျောက်ကြောကြီးကို မြေသားများနှင့် ဖုံးအုပ်ပိတ်ဆို့ကာ ရိန်တောင်ထက်မှ ဆင်းလာခဲ့ပါတော့သည်။

ဦးဆောင်တစ်ယောက် ခြေရာလက်ရာနှင့် သဲလွန်စများ ချေဖျက်ဖျောက်ကွယ်ရင်း သူ မိုးဆိုခဲ့သည့် ကျောက်စွန်းပြား းအနီးသို့ ရောက်ရှိလာခဲ့သည်။ ဤတွင် အိပ်မက်ရှင် တမန်



www.burmeseclassic.com

www.burmeseclassic.com



တော်ဘိုးသိဒ္ဓိကို သတိရလိုက်မိသဖြင့် ထူးထူးခြားခြား တစ်စုံ တစ်ရာကို တွေ့လိုတွေ့ငြား ရှာဖွေကြည့်နေမိသည်။

ထိုအခိုက် ... သူ့ရှေ့ မြင်ကွင်းခြုံနွယ်များကြားတွင် မည်းမည်းရိပ်ရိပ်သဏ္ဍာန်ကြီးတစ်ခုကို တွေ့မြင်လိုက်ရသဖြင့် ဦးဆောင် တိုးဝှေ့၍ ဝင်ကြည့်လိုက်သည်။

"အလို ... ဒါ ... ဒါ ဘာကြီးပါလိမ့်၊ အရုပ်ကြီးတစ် ရုပ်နဲ့တော့ တူတာပဲ၊ အင်း ဖြစ်နိုင်ခြေရှိတာကတော့ ဟိုးတုန်း ဆီက နတ်ရုပ်ကြီးတစ်ခုများလား"

ဦးဆောင်မှာ သိချင်စိတ်ပြင်းပြလာသဖြင့် ချုံနွယ်များ ကို ဓားနှင့်ခုတ်ထွင်ရှင်းလင်းကာ ရုပ်တုကြီးအနီးသို့တိုင် ချဉ်း ကပ် ဝင်ရောက်လာခဲ့သည်။ ပြီးနောက် ရုပ်တုကြီးတွင် ရစ်ပတ် ဖုံးလွှမ်းနေသည့် ချုံနွယ်ကြီးများကို ဓားကောက်ကြီးများဖြင့် ရှင်းလင်းနိုင်သမျှ ဖယ်ရှင်းခုတ်ထွင်ပစ်သည်။

"ဟာ ... ဒါ ... ဒါ ဟိုးဘိုးဘွားတွေပြော ... ပြော နေတဲ့ သျှီ ... သျှီဝ နတ် ... နတ် ... နတ်ရုပ်တုကြီးထင် တယ်၊ အင်း ဒီနတ်ရုပ်တုကြီးနဲ့ တမန်တော်ဘိုးသိဒ္ဓိတို့ဟာ အတူတူများ ဖြစ်နေကြလေမလား"





အားလုံးနီးပါး ခုတ်ထွင်ရှင်းလင်းပြီးချိန်မှာတော့ နံဖူး သင်းကျစ်တွင် ကျောက်ဒိုးတစ်လုံးစာမကာ ဟောင်းလောင်းပေါက် ကြီးတစ်ခုနှင့် လူကြီးနှစ်ကိုယ်စာမျှရှိသည့် ကြီးမားလှသော နတ် ရုပ်တုကြီးတစ်ခုကို အံ့သြဘနန်း တွေ့မြင်လိုက်ရပါတော့သည်။

"အင်း ... သေချာလောက်တယ်၊ မင်းတုန်းမင်းလက် ထက်က ဓားပြလူဆိုးငထိန်ဟာ နတ်ရုပ်ကြီးဆီက ပတ္တမြားကြီး ကို ဖြုတ်ယူထွက်ပြေးသွားခဲ့တာဆိုတော့ ဟောဒီနတ်ရုပ်တုကြီးရဲ့ ဟောင်းလောင်းပေါက်ကြီးနေရာဟာ အဲဒီပတ္တမြားကြီးရဲ့ နေရာ အမှန်ပဲဖြစ်ရမယ်"

အနီးစပ်ဆုံးသော ဖြစ်နိုင်ခြေရာဇဝင်ကို ဦးဆောင် ခန့် မှန်းတွက်ချက်နေမိသည်။ ဤသို့ဖြင့် နတ်ရုပ်တုကြီးအနီးမှ ချုံ နွယ်စုံးရစ်များကို ခုတ်ထွင်ရှင်းလင်းရင်း သူ ဦးဦးဖျားဖျားရရှိ လာသည့် ကျောက်များထဲမှ ထူးထူးခြားခြား တစ်လုံးတည်းသာ ပါရှိသော အပေါက်ရာကိုးပေါက်ပါရှိသည့် ကိုးပေါက်ပတ္တမြားကြီး ကို နတ်ရုပ်တုကြီး၏ ဟောင်းလောင်းပေါက်နေရာတွင် တပ်ဆင် ပေးလိုက်ပါတော့သည်။

"ဘုရား ... ဘုရား ... ထူးဆန်းလှချည်လား၊ ဟိုး



www.burmeseclassic.com

www.burmeseclassic.com



အရင်တုန်းက ပတ္တမြားကြီး တပ်ဆင်ခဲ့တဲ့ ဟောင်းလောင်းပေါ ကြီးနေရာမှာ အခု ငါတွေ့ခဲ့ရတဲ့ ကိုးပေါက်ပတ္တမြားကြီး ပြန်တပ်လိုက်တာ အားလုံး တစ်ခါတည်း ခွင်တိကွက်တိ ဖြစ်နေတာပါပဲလား''

သည်နေ့ တစ်နေ့လုံးလိုလို မယုံကြည်နိုင်ဖွယ်ရာ ခြားမှုများနှင့်သာ ကြုံတွေ့နေရသဖြင့် ဦးဆောင်တစ်ယော အံ့သြဝမ်းသာနေမိပသည်။

သူ့အား တမင်တကာပင်နှိုး၍ နီလာကြောကြီးကို ပေးခဲ့သော အိပ်မက်ရှင်ဘိုးဘိုးဟူ၍ သိရှိထားသည့် တောင်စောင့်နတ်မင်းကြီး၏ တမန်တော်ဘိုးသိဒ္ဓိအားလည် ကောင်း ယခုမှ ထူးထူးခြားခြား မြင်တွေ့ခွင့်ရခဲ့သည့် ဘိုး များလက်ထက်ကတည်းက တည်ရှိပျောက်ကွယ်နေခဲ့သော နတ်ရုပ်တုကြီးနှင့် ထူးခြားဆန်းကြယ်လှသော နဖူးသင်း တော်မှ ပတ္တမြားကြီး၏နေရာဟောင်းနှင့် ကွက်တိဖြစ်နေသ ကိုးပေါက်ပတ္တမြားကြီး စသည်တို့အား ရည်စူးရည်မှန်း ဦးဆောင်တစ်ယောက် ဦးညွတ်ကန်တော့လိုက်ပါတော့သည်။

'ဂျိန်း ... ဒလိန်း ... အုံး'





တစ်ချိန်တည်းမှာပင် ဂျိန်းခနဲ မြေတုန်ဟည်းသံကြီးနှင့် အတူ သူ့ရှိန်တောင်ကြီးတစ်ခုလုံး တဝုန်းဝုန်းနှင့် လှုပ်ခါရွှေ့အော် မြည်လျက် အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါမျှ ယမ်းသွားပါလေ သည်။

''အို ... ဘုရား ... ဘုရား ... ဒါ ... ဒါ ထူးခြားတဲ့ နိမိတ်တဘောင်တစ်ခုပဲ၊ သျှိုဝနတ်မင်းကြီးနဲ့ တမန်တော်ဘိုးသိဒ္ဓိ တို့ မိုးကုတ်သူ မိုးကုတ်သားတွေအတွက် မှီခိုပူဇော်အားထားရာ အမှန်ဖြစ်ပါစေ''

ဦးဆောင်မှာ ထူးခြားသော အတိတ်ကောင်း နိမိတ် ကောင်းများနှင့် ဖော်ထုတ်တွေ့ရှိခဲ့သည့် သျှိုဝနတ်ရုပ်တုကြီးနှင့် တမန်တော်ဘိုးသိဒ္ဓိတို့အပေါ်တွင် ပိုမို၍ ယုံကြည်သက်ဝင်သွားခဲ့ ပါတော့သည်။

ဤသို့ဖြင့် ကျောက်ပြာသာဒ်တောင်ကြောတစ်နေရာ တွင် နှစ်ကာလရှည်ကြာစွာ ချုံနွယ်များဖြင့် ဝိတ်ဖုံးနေသည့် သျှိုဝနတ်ရုပ်တုကြီးသည် ဦးဆောင်၏ ဖော်ထုတ်ရှင်းလင်းမှုဖြင့် နဖူးသင်းကျစ်မှ ကိုးပေါက်ပတ္တမြားမျက်ရှင် တဝင်းဝင်း တလက် လက်နှင့် ပေါ်ထွက်လာခဲ့ပါချေပြီတည်း။




www.burmeseclassic.com

www.burmeseclassic.com



ရှာသူရှာသားများ အားလုံးကလည်း ရှေးမှီနောက် အဘိုးအဘွားများ၏ပြောပြချက်၊ ဦးဆောင်၏ ကိုယ်တွေ့ပြော ကြားရှင်းလင်းချက်များကြောင့် ထူးခြားသောနိမိတ်များနှင့် ပေါ် ထွက်လာသည့် သျှိုဝနတ်ရုပ်တုကြီးတည်ရှိရာ နေရာတစ်ဝိုက် တွင် ချုံနွယ်သစ်ပင်များကိုရှင်းလင်းကာ ကြီးမားခန့်ထည်လှ သော နတ်ကွန်းစင်ကြီးတစ်ခု ဆောက်လုပ်ပူဇော်ခဲ့သည်မှာ ယနေ့အချိန် ကာလထိတိုင် ဖြစ်ပါချေတော့သည်။

❊ ❊ ❊





## အခန်း (၁၄)
## တွင်းဝိဇ္ဇာ၏ ကတိသစ္စာ

သူရိန်တောင်မှ တမန်တော်ဘိုးသိဒ္ဓိ သို့မဟုတ် အိပ် မက်ရှင်ဘိုးဘိုးအား ပေးထားခဲ့သည့် ကတိစကားများအတိုင်း ဦးဆောင်မှာ သူ၏ တစ်ဦးတည်းသော တိုးတိုးဖော် ဇနီးသည် ကိုပင် နီလာကြောကြီးအကြောင်းကို လုံးဝစကားမဟခဲ့ပါ။

ခါတိုင်းကဲ့သို့ပင် ဘုရားရှိခိုးခြင်း၊ ပုတီးစိပ်တရားထိုင် ခြင်းစသော လုပ်ငန်းများကို ပုံမှန်လုပ်ကိုင်ရင်း သူ၏နီလာ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်များကို လျှို့ဝှက်စွာ သိမ်းဆည်းထားခဲ့ပါ၏။ လိုအပ်
ကျောက်ပြာသာဒ်ဈေးကြီးသို့ သွားရောက်ကာ နီလာကျောက်
နည်းငယ်ကို ဆန်၊ ဆီ၊ ဆား၊ စားစရာအချို့နှင့် အိမ်သုံးပစ္စည်း
အနည်းငယ်တို့ဖြင့် လဲလှယ်ကာ အေးအေးလူလူပင် စားသော
နေထိုင်လျက်ရှိပါသည်။

အခါကြီးရက်ကြီးများနှင့် သီတင်းဥပုသ်နေ့တိုင်း ဘုန်း
ကြီးကျောင်းများသို့ ဆွမ်းအုပ်နှင့် လိုအပ်သည့် ဆေးဝါးများအ
လှူဒါန်းခြင်း၊ သက်ကြီးရွယ်အို အဘိုးအဘွားများနှင့် မနာမကျ
ဖြစ်သူများကိုလည်း ဥပုသ်နေ့တိုင်း အာဟာရနှင့် ဆေးဝါးမျာ
လှူဒါန်းထောက်ပံ့လေ့ရှိသည်။

သို့သော်လည်း ဦးဆောင်၏လျှို့ဝှက်ချက်သည် ကြာရှည်
စွာ မဖုံးဖိနိုင်ခဲ့။ ဈေးဆိုင်မှတစ်ဆင့် ဦးဆောင်တစ်ယော
ကျောက်များနှင့် စားသောက်ဖွယ်ရာများကို လဲလှယ်ကာ ဈေး
ဝယ်သွားလေ့ရှိကြောင်း သတင်းပေါက်ကြားခဲ့ရာမှ ကျောက်
ပြာသာဒ်တစ်ရွာလုံး တောမီးလောင်သကဲ့သို့ ပျံ့နှံ့သွားပါတေ
တော့သည်။

"ဒီမှာ ဖိုးအောင် ... မင်းကြားပြီးပြီလား၊ ဦးဆောင်ကြီး





တစ်ယောက် ကျောက်တွေနဲ့လဲလှယ်ပြီး ဈေးဝယ်ဝယ်နေတယ်
ဆိုတာလေ"

"အေးဟ ... ဦးဆောင် ဘယ်နေရာကများ ကျောက်
အောင်လာသလဲမသိဘူး၊ တရုတ်ကျင်စွီဆိုင်မှာ ကျောက်နဲ့ စား
စရာတွေလဲပြီး ယူသွားတယ်တဲ့ကွ"

"ဟာ ... အဲဒါပဲဖြစ်မယ်ထင်တယ်ဟေ့၊ ပြီးခဲ့တစ်လ
ကုန်ပိုင်းလောက်က နီလာကျောက်တွေနဲ့ စားစရာတွေကို တစ်
လစာလာပြီး လဲဝယ်သွားတာ ငါကိုယ်တိုင် မြင်လိုက်ရတယ်"

ကျောက်ပြာသာဒ်တစ်ရွာလုံး ဦးဆောင်၏သတင်းက
တိုးတိုးတိတ်တိတ်ဖြင့် ပျံ့နှံ့နေသည့်တိုင် ဦးဆောင်တို့မိသားစုကမူ
လုံးဝမသိရှိခဲ့ပါ။ နေ့စဉ် သူမြဲမှန်နေလုပ်ဆောင်နေကျအတိုင်းပင်
ဦးဆောင်တစ်ယောက် သွားလာလှုပ်ရှားနေခဲ့ပါ၏။ သို့သော်
သူ၏နောက်ကွယ်မှ အရိပ်သဖွယ်ကပ်၍ တိတ်တဆိတ် လိုက်ပါ
စုံစမ်းနေကြသူများကိုမူ ဦးဆောင်ခမျာ မသိနိုင်ခဲ့ပါချေပြီတည်း။

"တောက် ... တော်တော်ပိရိတဲ့လူကြီးကွာ၊ ငါ နောက်
ကနေ မျက်ခြည်မပြတ် နောက်ယောင်ခံလိုက်ခဲ့တာတောင် ဘယ်
နေရာမှာ ပျောက်သွားမှန်းမသိဘူးဟေ့၊ ဂုံမင်းလျှိုအထွက်မှာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မတွေ့ရတော့ဘူး”

ရှာခေါင်းငယ်စံကျူးက သူမျက်စိရှေ့မှ ပျောက်သွားသ[ည်]ဖြင့် တောက်တခေါက်ခေါက်နှင့် မကျေမချမ်းပြောဆိုနေပါ[၏]။

“ဘယ်တွေ့မှာလဲ စံကျူးရာ၊ မင်းကိုယ်တိုင်ကလည်း မူးနေတာကိုး၊ ကိုင်း … ဒီတစ်ခါတော့ ရှိပါစေဦး၊ နောက်တ[စ်]ကြိမ်တော့ သေသေချာချာကို သတိထားပြီး လိုက်ကြမယ်ဟေ့”

ဦးဆောင်နောက်ကွယ်မှ နောက်ယောင်ခံ၍ လိုက်ကြသ[ူ]များမှာ လျို့ဝှက်စွာ မျက်ခြည်ပြတ်သွားခဲ့သော ဦးဆောင်ကြော[င့်]မကျေမချမ်းဖြင့် နောက်ကြောင်းသို့ ပြန်၍လှည့်သွားကြပါတော့သည်။

အမှန်တော့ ထိုကဲ့သို့ ဖြစ်သွားခဲ့ရသည့်အကြောင်းမှာ ဦးဆောင်ကိုယ်တိုင်ကလည်း သတိမပြတ်ခြင်း၊ စေ့စပ်သေချာခြင်းတို့ကြောင့် ရှာခေါင်းငယ်စံကျူးတို့လူစု ခြေရာခံ၍မရကြခြင်းဖြစ်ပါ၏။

ဦးဆောင်မှာ သူသွားခဲ့ရာလမ်းကြောင်းမှ ခြေရာလက်ရာဟူသမျှတို့ကို စနစ်တကျ ဖျက်ဆီးဖျောက်ကွယ်နိုင်ခြင်းတို့ကြောင့် ဖြစ်သည်။

---

★ ခု နှစ် စဉ် ကြယ် တ ပေ ★



ထို့အပြင် နီလာကြောကြီးကို လျှို့ဝှက်စွာတက်ရောက်ရသည့် ဝါးလေကားတို့ကိုလည်း သေချာစွာ ဝှက်ထားနိုင်ခဲ့ခြင်းတို့ကြောင့် ကာလအတန်ကြာခဲ့သည့်တိုင် မည်သူမျှ ချောင်းမြောင်းစုံစမ်း၍ မရနိုင်ခဲ့ခြင်းသာ ဖြစ်ပါလေ၏။

“တောက် … ဘယ်လိုလဲဟေ့ … ဦးဆောင်ကို ချောင်းလို့လည်း မရ၊ သူသွားလေရာ လိုက်ကြည့်ပြန်တော့လည်း မတွေ့နဲ့၊ ငါတော့ စိတ်ဓာတ်တောင်ကျလာပြီ စံကျူးရေ”

“ဟုတ်ပ … ငါတို့တစ်တွေတော့ ဦးဆောင် အရှုံးလုပ်နေတာတွေကို ကျကျနနခံနေရပြီနဲ့ တူတယ်ဟေ့၊ အင်း … တခြားနည်းလမ်းလေးဘာလေးလည်း ရှာစမ်းပါဦးဟ”

ဟုတ်သည်။ သူတို့လူစု စိတ်ရှည်ရှည်နှင့် ဦးဆောင်နောက်ကွယ်မှ တိတ်တဆိတ်လိုက်ပါ၍ စုံစမ်းရှာဖွေခဲ့ကြသည့်တိုင် အချိန်ကာလကြာမြင့်လာခဲ့သော်လည်း အကြောင်းမထူးလာသည်မို့ စိတ်ဓာတ်ကျစ ပြုနေကြပါပြီ။

“နေဦးကွ … ဒီကျောက်တွေကို ဦးဆောင်ကြီး ဘယ်နေရာကနေရလာတယ်၊ ဘယ်နေရာက တူးလာတယ်ဆိုတာ သိရအောင် ငါတို့ ဒီနေ့ကစပြီး ဦးဆောင်ကို အလှည့်ကျချောင်း

---

★ ခု နှစ် စဉ် ကြယ် တ ပေ ★

www.burmeseclassic.com

www.burmeseclassic.com



ပြီး မျက်ခြည်မပြတ် စောင့်ကြည့်ကြမယ်ဟေ့"

"အေး . . . အဲဒါကောင်းတယ်၊ နို့မို့ဆိုရင် အဲဒီအဘိုးကြီးက ငါတို့အလစ်မှာ ဖျတ်ခနဲ ပျောက်ပျောက်သွားတာကွ"

ဤသို့ဖြင့် ကျောက်ပြာသာဒ်ရွာသားတစ်စုမှာ ဖွဲကောင်းကောင်းဖြင့် ဦးဆောင် သွားလေရာ လာလေရာမှန်သမျှ အလွတ်မပေးဘဲ လိုက်လံချောင်းမြောင်းကြသည်။ သို့တိုင်အောင် ပါးနပ်သလောက် စေ့စပ်သေချာသော ဦးဆောင်မှာ ထိုရွာသားများမထခင် နီလာကြောကြီးရှိရာသို့ တိတ်တဆိတ် သွားရောက်ယူငင်ပြီး ပြန်လာလေ့ရှိသဖြင့် သုံးလေးလကြာသည်အထိ မည်သို့မျှရှာဖွေစုံစမ်း၍ မရခဲ့ကြပါချေ။

ယနေ့တော့ ကျောက်ပြာသာဒ်ရွာခေါင်းငယ် စံကျူးရွာခေါင်းကြီး ဦးသာကျော်နှင့် ရွာသားတစ်စုတို့ အရေးပေါ်တိုင်ပင် ဆွေးနွေးကြသည်။ ဆင်ကောင်ကြီးကို မြင်တွေ့နေရပါလျက် ဆင်ခြေရာပျောက်နေသည့်ကိစ္စက သူတို့ခေါင်းကို မြွေဆိုးတစ်ကောင် ဝင်ခဲနေသည်သို့။

"မဟုတ်သေးပါဘူး စံကျူးရာ၊ သူရိန်တောင်ပေါ်က ကျောက်တွေကို ဦးဆောင် ယူနေတာမှန်းသိလျက်နဲ့ နေရာကိုရှာ





တွေ့နိုင်တာဟာ တစ်ခုခုတော့ လွဲနေပြီထင်တယ်"

ရွာခေါင်းကြီးဦးသာကျော်က ကွမ်းအစ်ကြီးထဲမှာ ကွမ်းစ်ယာကို ထုတ်ယူလိုက်ပြီး ပါးစောင်ထဲသို့ထည့်ရင်း ပြောလိုက်ည်။

"အဲဒါ ကျုပ်ပြောနေတာပေါ့၊ ကေန္တတော့ ဦးလေးဆောင်ဟာ ကျုပ်တို့ သူ့ရဲ့နောက်ကနေ ခြေရာခံလိုက်နေမှန်းသိ့ တစ်ခုခုနဲ့ လှည့်ကွက်ဆင်ထားပုံရတယ်၊ အဲဒီတော့ ကျုပ်တို့ည်းဗျူဟာတစ်မျိုး ပြောင်းလဲမှဖြစ်မယ် ဘကျော်"

စံကျူးက သူ့ကိုယ်သူ လူလည်လူတတ်ကြီးပုံစံဖြင့် ငုတ်ဆိ မုတ်ဆိတ်မွေးများကိုစမ်းရင်း တစ်စုံတစ်ရာကို သဲသဲမဲမဲ ိုးစားနေပါချေ။ အားလုံးကလည်း စံကျူး၏မျက်နှာကို ငေးကြည့်နေကြကာ စကားသံကို စောင့်စားနေကြသည်။

"ဟာ . . . ဟုတ်ပြီ ဘကျော်ရေ ဦးလေးဆောင်ကကွမ်းအမြဲစားနေတဲ့သူဆိုတော့ သူထွေးထုတ်လိုက်တဲ့ ကွမ်းတံတွေးကို သူဖျောက်ဖျက်နိုင်မှာ မဟုတ်ဘူး၊ ဒီတော့ . . ."

စံကျူးက ရွာခေါင်းကြီးဦးသာကျော်အပါးသို့ တိုးကပ်သွားကာ တစ်စုံတစ်ရာကို တိုးတိုးတိုးတိုးဖြင့် အတန်ကြာ ပြော



www.burmeseclassic.com

www.burmeseclassic.com



ဆိုနေပါ၏။ စံကျူးတစ်ယောက် မည်ကဲ့သို့ပြောလိုက်သည်မသ ရှာခေါင်းကြီးဦးသာကျော်၏မျက်နှာကတော့ စံကျူး၏အ စကားကြောင့် ဝင်းထိန်လက်သွားပါချေတော့သည်။

ဤသို့ဖြင့် စံကျူးအကြံပေးချက်ကို စတင်၍ အကော အထည်ဖော်ကြပါတော့သည်။ ဦးဆောင်နောက်သို့ ယခင်က ပုန်းလျှိုးကွယ်လျှိုးဖြင့် ခက်ခက်ခဲခဲ ခြေရာခံ၍ မလိုက်ကြတော ဦးဆောင်ထွေးထုတ်ခဲ့သည့် ကွမ်းတံတွေး လတ်လတ်ဆတ်ဆ များကိုသာ ခြေရာခံကာ ဖွဲကောင်းကောင်းနှင့် နောက်မှလိုက် ကြရာမှ နောက်ဆုံးတွင် ဦးဆောင် လျှို့ဝှက်ဖုံးကွယ်ထားသည နီလာကျောက်ကြောကြီးကို စံကျူးတို့အဖွဲ့ တွေ့ရှိသွားကြပါခ တော့သည်။

"ဟေး ...ငါတို့ရှာနေတဲ့ ကျောက်ကြောကြီးကို တွေ ပြီဟေ့"

**စံကျူး၏** ဝမ်းသာအားရ ဟစ်အော်လိုက်သည့်အသံကြ က သူရိန်တောင်ကြီးထက်တွင် ပဲ့တင်ရိုက်ဟည်းသွားပါလေတော သည်။ ဟုတ်သည်။ ဦးဆောင် ခရီးသွားရင်း ထွေးထုတ်ခဲ့သည် ကွမ်းတံတွေးများက လျှို့ဝှက်နီလာကျောက်ကြောကြီးကို ဆိုက်





ဆိုက်မြိုက်မြိုက် လမ်းညွှန်ပြခဲ့ပြီ မဟုတ်ပါလား။

သူရိန်တောင်ထက်မှ မြေနီတောင်ကြောတွင် ဦးဆောင် ၏ နီလာကျောက်ကြောကြီးကို တွေ့ရှိသွားပြီဆိုသော သတင်း စကားများက တောမီးပမာ လျှင်မြန်စွာ ပျံ့နှံ့ကျော်စောသွားပါ ချေတော့သည်။

"ဟေး ...သူရိန်တောင်မှာ ဦးဆောင်ရဲ့ ကျောက် ကြောကြီးကို တွေ့ရပြီတဲ့ဟေ့"

"ဟုတ်တယ် ...စံကျူးတို့တောင် တစ်အိမ်လုံး မိုး မလင်းခင်ကတည်းက တောင်ပေါ်ကို တက်သွားကြပြီ၊ လာကြ လာကြဟေ့"

"ဟုတ်ပ ...ကိုငှက်ကြီးတို့များ သွားနောက်, စား နောက်ပဲ၊ ဟွန်း ...ဝီရိယကိုမရှိဘူး။ မြန်မြန်လာ ...နောက် တောင်ကျနေပြီလားပဲ"

ကျောက်ပြာသာဒ်တစ်ရွာလုံး လူပေါင်းရာချီကာ တဝုန်း ဝုန်းနှင့် ဆူညံစွာ ဟစ်အော်ချီတက်လာကြသည့် ရွာသူရွာသား များမှာ သူရိန်တောင်ကြီးတစ်ခုလုံးကို ဖုံးလွှမ်းသွားချေပြီထင့်။

ဤကဲ့သို့ သူရိန်တောင်မှ တမန်တော်ဘိုးသိဒ္ဓိ၏ ညွှန်ပြ



www.burmeseclassic.com

www.burmeseclassic.com



မှုဖြင့် ဦးဆောင် စတင်တွေ့ရှိခဲ့ရာ မြေနီတောင်ကြောမှ နီလာကျောက်ကြောကြီးတွင် တစ်ရွာလုံးလိုလို ကျောက်အောင်ခဲ့ကြပြီး ဆူညံစွာ ပျော်ရွှင်နေကြချိန်တွင် ...

ဦးဆောင်တစ်ယောက်မှာမူ ထိုနီလာကြောကြီးကို လုံးဝလှည့်မကြည့်တော့ဘဲ အခြားသော လုပ်ကွက်တစ်ခုတွင်သာ စိတ်အေးလက်အေး လုပ်ကိုင်လျက် ရှိပါချေတော့သည်။ ထိုအချိန် ထိုကာလမှစတင်၍ နီလာကျောက်ကြောကြီး ပေါ်ခဲ့သော တောင်စောင်းအား 'ပေါ်တော်မူတောင်စောင်း'၊ 'ပေါ်တော်မူရပ်ကွက်' ဟူ၍ ယနေ့ထိတိုင် ကျောက်ကြောများကို ရှာဖွေတူးဖော်လျက် ရှိပါတော့သည်။

❋ ❋ ❋



# အခန်း (၁၅)

## တွင်းဝိဇ္ဇာညီနောင်၏ နောက်ဆုံးနေ့များ

ဦးအောင်နှင့် ဦးဆောင် တွင်းဝိဇ္ဇာညီနောင်နှစ်ဦးတို့သည် လောကီရေးရာများကို မည်သည့်အခါမျှ ရှေ့တန်းတင်လေ့မရှိကြ။ စိတ်အေးချမ်းသာစွာနေထိုင်ကြပြီး အချိန်ရှိသရွေ့ တရားမှုများဘက်တွင်သာ မွေ့လျော်နေလေ့ရှိကြသည်။

အသက်အရွယ်များ ကြီးရင့်လာသည်နှင့် ဘုရားကျောင်းများသို့ သွားရောက်ကာ ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်း၊ တရား



www.burmeseclassic.com

www.burmeseclassic.com



အားထုတ်ခြင်းစသော ဘာသာရေးလုပ်ငန်းများဘက်တွင်သာ စူးစူးနစ်နစ် အာရုံစိုက်လျက် ရှိကြပါ၏။ ရံဖန်ရံခါ ပုတ်တော ဖြင့် ချောင်းမြောင်းများတွင် အပျင်းပြေဆေးကြသည့်တိုင် ကျောက်ကောင်းများကို တွေ့ရှိရတတ်သဖြင့် တွင်းဝိဇ္ဇာညီနောင် တို့ ကုသိုလ်ကံကို မည်သူမျှ လိုက်၍မမီနိုင်ကြပါလေတော့။

"အံ့ရောဟေ့ ... ဒီညီအစ်ကိုနှစ်ယောက်ကတော့ကွာ ဟောဒီမိုးကုတ်နယ်ထဲက တွေ့သမျှခဲစာတွေကို ကောက်ကိုင် လိုက်၊ အဲ ... အင်း ... သူ ... သူတို့လက်ထဲရောက်သွားတာနဲ့ ကျောက်ကောင်းတွေ, အဖိုးတန်သိန်းကျောက်တွေ ဖြစ်သွားတော့ တာပဲဟေ့၊ ငါဖြင့် အံ့ရောကွာ"

"ဟင်း .. ဟင်း .. ဟင်း .. ဘာမှ အံ့ဩစရာ မရှိပါ ဘူးကွာ၊ သူတို့ညီအစ်ကိုက မွေးလာကတည်းက ရတနာတွေ ပေါ် ဖင်ခုထိုင်ပြီး မွေးလာခဲ့တာကွ၊ နောက်ပြီး ဘုရားတရား ကလည်း မြဲမြဲမြံဖါဘိသနဲ့၊ ဘုရားတည် ကျောင်းဆောက်နဲ့ အလှူ ဒါနဆိုတာကလည်း တစ်လမှကို ပြတ်တယ်မရှိဘူးဟေ့"

"ဟုတ်ပါတယ်ကွာ၊ လူကလည်း လူကောင်းသူ ကောင်း၊ လောဘသဏ္ဍာရလည်း မရှိနဲ့၊ ဒီကြားထဲ လူတိုင်းကို





ကျောက်ကြောတွေပြ၊ လုပ်ကွက်သစ်တွေ ချပေးနေလေတော့ အင်း ... သူတော်ကောင်း နတ်ကောင်းမတာပဲပေါ့ကွာ"

ဤသို့ဖြင့် ကျောက်ပြာသာဒ်နယ်တစ်ကြောမှစ၍ မိုးကုတ်နယ်တစ်နယ်လုံး တွင်းဝိဇ္ဇာညီနောင်အကြောင်း ပြော မဆုံးပေါင် တောသုံးထောင် ဖြစ်နေချိန်တွင် အစ်ကိုကြီးဖြစ်သူ ဦးအောင်မှာ တစ်ရက်တွင် သတိမေ့လျော့ကာ ဥပုသ်နေ့ကြီးတစ် နေ့တွင် ကျောက်တွင်းသို့ ဆင်းလာမိခဲ့သည်။

ဖြစ်ပုံမှာ သူတွင်းရာစမ်းနေသည့် ကျောက်တွင်းသစ်တွင် ကျောက်ကြောပေါ်လုနီးပါး ဖြစ်နေသဖြင့် စိတ်ဆန္ဒစောကာ ဆင်း လာမိခဲ့ခြင်းဖြစ်သည်။ ကျောက်တွင်းထဲရှိ ဒေါက်တိုင်တစ်ခု အောက်မှ အဖြတ်တွင် အပေါ်မှ ကျောက်ခဲကြီးတစ်လုံးနှင့် မ တော်တဆ ထိခိုက်မိလိုက်သည်။

'ဝုန်း ... ဒလုန်း'

"အား ... အီး"

ကျောက်ခဲတုံးမှာ ဦးအောင်၏ဦးခေါင်းပေါ်သို့ ပြုတ်ကျ သဖြင့် တွင်းထဲမှာပင် သတိလစ်မေ့မျောသွားပါလေ၏။ ဖြစ်ချင် တော့ ထိုအချိန်တွင် ဦးအောင်၏အနီးအပါးတွင် မည်သူတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မျှ ရှိမနေသဖြင့် တွင်းသစ်ကြီးထဲတွင် ဦးအော
ခမျာ ဒဏ်ရာမှ သွေးများထွက်လျက် မိန်းမောနေခြင်းဖြစ်သည်

"အား ... အီး ... ကျွတ် ... ကျွတ်"

ဒဏ်ရာကြောင့် သတိမရတစ်ချက် ရတစ်ချက်န ညည်းတွားနေချိန်တွင် ရုတ်တရက် ဦးအောင်၏ရှေ့သို့ ဝတ်ဖြ စင်ကြယ်နှင့်အဘိုးအိုတစ်ဦး ဖျတ်ခနဲ ရောက်ရှိလာပြီး ဦးအော ကိုပွေ့ချီကာ လူသွားလမ်း (ယခု ကုဋေကုဋာလမ်းမကြီး) ပေါ် ရွှေ့ပြောင်းသယ်မ,လာကာ အသာအယာ ချပေးလိုက်သည်

ဤသည်တို့ကို ဒဏ်ရာဖြင့် သတိမေ့မျောနေသည့် ဦ အောင်ကလည်း သိရှိနေပါ၏။

"ဒီမှာ မောင်အောင် ... မင်းက တယ်လည်း ဝီရိယ လောဘကြီးတာပဲ၊ ဒီနေ့ ဥပုသ်နေ့လေကွာ၊ ငါတို့မှာလည်း ဥပုသ်သီတင်းလေး,ဘာလေး ဆောက်တည်ရသေးတယ်ကွ ဒီလိုနေ့မျိုးတွေမှာ မင်းတို့ကို ငါတို့ မစောင့်ရှောက်ပေးနိုင်ဘူး အခုတောင် မင်း ဒုက္ခရောက်နေတာကိုမြင်လို့ မနေသာလို့ ငါ ကိုယ်တိုင်လာပြီး ကယ်ရတာ၊ နောက်ဆိုရင် ဥပုသ်နေ့တွေမှာ ဘယ်သူမှ ကျောက်တွင်းထဲကို မဆင်းကြပါစေနဲ့ ... ကြားလား

★ ခုနစ်စဉ်ကြယ်တာဝေ ★



မောင်အောင်"

ဝတ်ဖြူစင်ကြယ်အဘိုးအို၏စကားကို ဦးအောင်တစ် ယောက် ဒဏ်ရာများဖြင့် မိန်းမောနေသည့်ကြားမှ ကတိပေး လိုက်သည်နှင့် အဘိုးအိုမှာ ဖျတ်ခနဲ ပျောက်ကွယ်သွားပါလေ တော့သည်။

"အင်း ... ကျွတ် ... ကျွတ် ... အား ... ငါ ... ငါ ... ဘယ်ရောက်နေတာပါလိမ့်"

မကြာခင် ဦးအောင် လုံးလုံးလျားလျား သတိရလာသည့် အခါမှာတော့ အမှန်တကယ်ပင် (ကုဋေကုဋာ) လမ်းမကြီးပေါ်သို့ ရောက်ရှိနေကြောင်း သိရှိလိုက်ရသဖြင့် ကယ်တင်ရှင် သူတော် စင်အဘိုးအိုအား ရည်မှန်းကာ ကန်တော့လိုက်ပါလေ၏။ ထိုအ ချိန်တွင် လမ်းသွားလမ်းလာများက ဦးအောင်အား တွေ့ရှိသွား ကြကာ အိမ်သို့ပြန်လည်၍ ပို့ဆောင်ပေးလိုက်ကြပါသည်။

ထိုနေ့မှစ၍ ကျောက်ပြာသာဒ်တစ်ရွာလုံး ဥပုသ်နေ့များ တွင် အထူးဂရုပြုကာ အလုပ်နားကြပြီး ဘုရားသွား ကျောင်း တက်စသည့် ဘာသာရေးလုပ်ငန်းများကို လုပ်ကိုင်ကြပါတော့ သည်။

★ ခုနစ်စဉ်ကြယ်တာဝေ ★

www.burmeseclassic.com

www.burmeseclassic.com



တွင်းဝိဇ္ဇာညီနောင်မှ အစ်ကိုဖြစ်သူ ဦးအောင်တ ယောက် ဤကဲ့သို့ဖြစ်နေချိန်တွင် ညီဖြစ်သူ ဦးဆောင်မှာလည် အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ ဇနီးသည်ကလည်း ဆုံ ပါးသွားခဲ့ပြီမို့ တူတော်သူတစ်ဦးနှင့်အတူ ကပိုင်ရွာသို့ ရွှေ့ပြောင်း နေထိုင်ခဲ့သည်။ ထိုသို့ရှိစဉ် ...

"အဘဆောင်ရယ် အဘဆောင်က အသက်အရွယ် လည်း ကြီးလာပြီ၊ မျက်စိကလည်း မှုန်ဝါးဝါးနဲ့ သွားလို့လာလို့ လည်း သိပ်မကောင်းတော့ဘူး မဟုတ်ဘူး၊ အဲဒီတော့ အဘ ဆောင် ကျွန်တော့်ကို တွင်းရာလေးဘာလေးတွေ ပြထားပါလာ ဟင်"

ဦးဆောင်က သူ့အား အနီးကပ်ပြုစုစောင့်ရှောက်ပေးနေ သည့် တူတော်မောင် မောင်နီ၏ နွေ့စဉ်လိုလို တွင်းရာကိုပြပေ ပါရန် မကြာခဏ ပူဆာလေ့ရှိသည်မို့ ကြာလာတော့ ဦးဆောင် မှာ မောင်နီကို သနားလာခဲ့သည်။

"ကိုင်း ... မင်း ဒီလောက်ပူဆာနေမှတော့ မနက်ဖြန် မှာ မင်းကို တွင်းရာနေရာလေးတွေ လိုက်ပြပေးထားမယ်၊ အခုတော့ မိုးလည်းချုပ်ပြီ၊ ငါလည်း ဘုရားခန်းဝင်တော့မယ်"





"ဟာ ... ဝမ်း ... ဝမ်းသာလိုက်တာ အဘဆောင် ယ်၊ ကျ ... ကျ ... ကျွန်တော်လေ အဘဆောင်ကို မိရင်း ရင်းလို သေတစ်ပန်သက်တစ်ဆုံး ပြုစုလုပ်ကြွေးပါ့မယ် အဘ ဆောင်ရယ်"

သူ၏ဦးကြီးတော်သူ ဦးဆောင်၏ ကတိစကားကြောင့် မောင်နီတစ်ယောက် ခြေမကိုင်မိ လက်မကိုင်မိနှင့် ရင်ထဲတွင် လည်း ကုလားဘုရားလှည့်သလို တဒိန်းဒိန်းနှင့် ရင်ခုန်ဝမ်းသာ နေမိပါပြီကော။ သို့သော် မောင်နီအား တွင်းရာလိုက်ပြရန် ကတိပေးလိုက်သည့်နေ့သည် ဥပုသ်နေ့ဖြစ်နေသည်ဆိုခြင်းကို တော့ ဦးဆောင်တစ်ယောက် မသိလိုက်နိုင်ပါလေတော့။

နောက်တစ်နေ့နံနက် နေထွက်လာသည်နှင့် မောင်နီ တစ်ယောက် သူ၏ဦးရီးတော်ဦးဆောင်ကို နံနက်စာများကျွေးမွေး ၍ ကျောက်တွင်းသို့သွားရန် သွက်လက်စွာ ပြင်ဆင်နေပါ၏။ ပြီးလျှင် ပလိုင်းတစ်ခုကို လွယ်ပိုးကာ ဓားကောက်တစ်ချောင်း နှင့် အိမ်ပေါ်မှ ဦးစွာပင်ဆင်းသွားပါ၏။

"မြန်မြန်လာပါ အဘဆောင်ရဲ့၊ တော်တော်ကြာ နေပူ ရင် ပင်ပန်းနေဦးမယ်၊ စောစောလေးထွက်မှ အဘဆောင် အက်



www.burmeseclassic.com

www.burmeseclassic.com



သာမှာပေါ့''

တွင်းရာပြမည်ဆိုသော ဦးဆောင်၏ ကတိစကား ကြောင့် မောင်နီတစ်ယောက် ပျာယီးပျာယာဖြစ်ကာ ဆန္ဒမျာ စောနေသဖြင့် ဦးဆောင်မှ လေ့ကားမှဆင်းရင်း မောင်နီအား လှမ်းအော်လိုက်သည်။

''ဟား ...မင်း တော်တော်လောတဲ့ကောင်ပဲ၊ အဲ လောက် ဆန္ဒတွေစောပြီး လောဘဇောတိုက်နေရင် တစ်နေ့ မင်း ဒုက္ခတွေ့လိမ့်မယ် မောင်နီ''

''မဟုတ်ပါဘူး အဘဆောင်ရဲ့၊ နေမြင့်လို့ နေပူလာရင် အဘဆောင် ပင်ပန်းမှာစိုးလို့ပါ''

လောဘစိတ်ကိုမျိုသိပ်၍ စကားကွယ်ကွယ်နှင့် ပြော လိုက်သည့် မောင်နီ၏စကားကြောင့် ဦးဆောင်မှာ ပြုံးလိုက်မိ သည်။ ထိုစဉ်မှာပင် သူ့အတွက် အရေးကြီးလှသော ခရီးထွက် လျှင် မပါမဖြစ်သော အရာတစ်ခုကို ဦးဆောင် သတိရလိုက်သ ဖြင့် ...

''ဟာ ...ကွမ်းအစ် ...ငါ့ကွမ်းအစ်ကလေး အိမ် ပေါ်မှာ ကျန်ရစ်ခဲ့ပြီ မောင်နီရေ၊ ခဏ ...ခဏလေးစောင့်ဦး





ငါ တက်ပြီး ယူလိုက်ဦးမယ်ဟေ့''

ဦးဆောင်မှာ မောင်နီအား ခြံဝတွင်ထားရစ်ခဲ့ပြီး အိမ် ကြီးပေါ်သို့ ပြန်၍တက်လာခဲ့သည်။

အချိန်အတန်ကြာသည်အထိ ဦးဆောင် အိမ်ကြီးပေါ်မှ ပြန်လည်၍ ဆင်းမလာသဖြင့် မောင်နီမှာ စိတ်တိုလာပြီး တ ကြော်ကြော်ဟစ်ခေါ်ကာ အိမ်ပေါ်သို့ ပြေးတက်လာခဲ့သည်။

''အဘဆောင် ...အဘဆောင် ...ကြာလိုက်တာ အဘဆောင်ရယ်''

စိတ်မရှည်စွာဖြင့် ပြေးတက်သွားသော မောင်နီမှာ ကွမ်း အစ်လေးကိုပိုက်ကာ ငြိမ်သက်စွာ လဲကျသေဆုံးနေရှာသည့် ဦးဆောင်ကို အံ့ဩစွာ တွေ့မြင်လိုက်ရသည်။

''ဟာ ...အဘဆောင် ...အဘဆောင် ...ဘယ် လိုဖြစ်သွားရတာလဲ အဘဆောင်ရယ်''

ယခုတော့ အဘဆောင်တစ်ယောက် ကျောက်များလွန် စွာပေါလှသည့် တွင်းရာနေရာများကို တူတော်မောင် မောင်နီ အား လိုက်လံ မပြသနိုင်တော့ပါ။ သူ့ရိန်တောင်မှ တမန်တော် ဘိုးသိဒ္ဓိသည် တွင်းဝိဇ္ဇာညီနောင်ဖြစ်သည့် ဦးဆောင်တစ်ဦးတည်း



www.burmeseclassic.com

www.burmeseclassic.com



အတွက်သာ ရည်စူးပေးထားခဲ့ဟန် တူပါသည်။

ထို့ကြောင့်ထင်ပါ၏။ စည်းဖောက်ကာ ကတိသစ္စာပျက်တော့မည့် ဦးဆောင်အား သူရိန်တောင်စောင့်နတ်မင်းကြီးနှင့် တမန်တော်ဘိုးသိဒ္ဓိတို့က အပြစ်ပေးဒဏ်ခတ်ခြင်းလေလား။ ဥပုသ်နေ့နှင့် တိုက်ဆိုင်နေသဖြင့် ဦးဆောင်အား တမန်တော်ဘိုးသိဒ္ဓိက အချိန်ပြည့်မစောင့်ရှောက်နိုင်ခြင်းကြောင့်လေလား။ သို့တည်းမဟုတ် ...

ဦးဆောင်ကိုယ်တိုင် ကံကြွင်းကုန်၍ သေဆုံးခဲ့ရခြင်းလေလား ဆိုသည်ကိုတော့ ယနေ့အချိန်ကာလအထိတိုင် မည်သူတစ်ဦးတစ်ယောက်မျှ မသိတတ်နိုင်ခဲ့ပါချေပြီတည်း။

✳ ✳ ✳





## အခန်း (၁၆)

## သေမိန့်ပြန်ကိုးပေါက်တစ္ဆေ..သို့မဟုတ်...

ကျောက်ပြာသာဒ်ရွာ၏ ညဥ့်ဦးယံသည် တဖွဲဖွဲကျနေသော မြူနှင်းမှုံများကြားတွင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ ရံဖန်ရံခါ ဝေ့ဝဲတိုက်ခတ်နေသည့် ညဥ့်လေရူးကြောင့် သစ်ဝင်သစ်ကိုင်းချင်း ပွတ်တိုက်ညည်းတွားသံတချို့သာ တကျွိကျွိနှင့် ထွက်ပေါ်လျက်ရှိသည်။

အဘဦးမှိုင်းလုံ ပြောပြနေသည့် စိတ်ဝင်စားဖွယ်ရာ၊



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းအံ့ဩဖွယ ှာညီနောင်အကြောင်းက ပြီးဆုံး သွားပြီ ဖြစ်သော်လည်း ဗ နိုင်ဇာ၏ရင်ထဲမှာတော့ သေမိန်ပြုန်ကိုးပေါက်တစ္ဆေခေါ် ကိုးပေါက်ပတ္တမြားကြီးက ရူးနှစ်စွာဖြင့် ရစ် တွယ်ကျန်ရစ်ခဲ့ပါသည်။

ဦးမှိုင်းလုံက သူ၏ ဝါးဆေးတံကြီးထဲသို့ ဆေးတစ်ဆုံကို ထည့်လိုက်ပြီး ကြေးဝါမီးခြစ်ကြီးဖြင့် စိတ်ရှည်လက်ရှည် မီးညှိ နေပါ၏။ ကျောက်စာဝန်ဟောင်း ဦးဘတူကမူ ဖန်ခါးရည်ပူပူ တစ်ခွက်ကို မှုတ်၍သောက်နေသည်။ မိန်းမသားဖြစ်သူ စောနန်း နွယ်ကမူ ထူးဆန်းအံ့ဩဖွယ်ကောင်းသော တွင်းဝိဇ္ဇာညီနောင်အ ကြောင်းကို ကြားသိရသဖြင့် အံ့ဩမိန်းမောနေသည်သို့။

မြူနှင်းများအကြား မှုန်ဝါးဝါးလရောင်အောက်တွင် ငိုက် မြည်းကာ လဲလျောင်းနေသည့် အဝေးဆီမှ သူရိန်တောင်ကြီးကို စောရန်နိုင် အတန်ကြာငေးမောကြည့်နေပြီးမှ …

"နေပါဦး အဘလုံရဲ့ … မြို့ဝန်မင်းရဲ့သား တောက် ထိန် လုယက်ယူငင်သွားတဲ့ ကိုးပေါက်ပတ္တမြားကြီးလို့ခေါ်တဲ့ သေမိန်ပြုန်ကိုးပေါက်တစ္ဆေပတ္တမြားကြီးနဲ့ တွင်းဝိဇ္ဇာညီနောင်တို့ သျှိဝနတ်ရုပ်တုမှာ လျှို့ဝှက်ခဲ့တယ်ဆိုတဲ့ ကိုးပေါက်ပတ္တမြားကြီး





က အတူတူပဲလားဟင် အဘလုံ"

သမိုင်းကြောင်းကို လေ့လာစေ့ငုနေရာမှ ပတ္တမြားအ ကြောင်းကိုသာ အဓိကထား၍ မေးမြန်းနေသည့် အစ်ကိုတော် စောရန်နိုင်ကို စောနန်းနွယ် အလိုမကျဟန်နှင့် ကြည့်လိုက်ပါ၏။

"အင်း … ပြောရမယ်ဆိုရင်တော့ ဒီကိစ္စဟာ လူ တော်တော်များများ စိတ်ဝင်စားနေကြတဲ့ ကိစ္စကြီးတစ်ခုပဲကွဲ့၊ လူကလေးတို့လိုပဲ အနယ်နယ်အရပ်ရပ်က လူတချို့ ရောက်လာ ကြပြီး သျှိဝနတ်ရုပ်တုက 'သေမိန်ပြုန်ကိုးပေါက်တစ္ဆေ'လို့ ခေါ်တဲ့ ပတ္တမြားကိုးပေါက်ရာဇဝင်ကို စုံစမ်းကြတယ်၊ တချို့ကတော့ သျှိဝနတ်ရုပ်တုကြီးရဲ့ ထူးခြားတဲ့ဖြစ်ရပ်မှန် သမိုင်းအချက် အလက်တွေကို အပင်ပန်းခံ ရှာဖွေပြုစုနေကြတဲ့ သမိုင်းဘက် ဆိုင်ရာ ပုဂ္ဂိုလ်တွေလည်း ရှိကြသလို၊ ကိုးပေါက်ပတ္တမြားကြီးကို လိုချင်တပ်မက်စိတ်တွေနဲ့ ရောက်လာကြတဲ့ လောဘသား လူ တချို့လည်း ရှိကြတာပေါ့ကွယ်"

ဦးမှိုင်းလုံက ရိုးရိုးသားသားဖြင့် ပွင့်ပွင့်လင်းလင်း ပြော လိုက်သော်လည်း ဆန်းဆန်းပြားပြား မတော်လောဘစိတ်များ နှင့် ရောက်ရှိလာသည့် စောရန်နိုင်မှာမူ ဦးမှိုင်းလုံ၏စကားကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် မျက်နှာပျက်သွားပါလေ၏။ သို့သော် အဒိ
ကျ္ကရွေးဆည်လိုက်နိုင်သဖြင့် မည်သူမျှ မရိပ်မိလိုက်ကြ။

"အင်း ... ဒါပေမဲ့ ဟောဒီကျောက်ပြာသာဒ်က ငွေ
အဘိုးအဘွားတွေ ပြောစကားအရဆိုရင်တော့ ဦးဆောင်မ
ဆုံးခင်မှာ သျှိဝနတ်ရုပ်တုကြီးမှာ သူပူဇော်ထားရှိခဲ့တဲ့ ကိုးပေါက်
ပတ္တမြားကြီးကို လောဘသား လူဆိုးဓားပြတွေလက်က လွတ်
အောင်ဆိုပြီး နဖူးသင်းကျစ်ကနေ ပြန်ဖြုတ်ယူခဲ့ပြီး နတ်ရုပ်
ကြီးရဲ့ တစ်နေရာရာမှာ ပြန်ပြီး လျှို့ဝှက်လှူဒါန်းခဲ့တယ်လို့လည်း
ပြောကြတယ်ကွဲ့"

"ဒါပေမဲ့ ... ဘယ်နေရာမှာလို့တော့ ဘယ်သူမှ အဖြေ
အကျမသိခဲ့ကြရလေတော့ ဟုတ်သလား မဟုတ်ဘူးလား ဆိုတာ
ဝေခွဲဆုံးဖြတ်ရခက်နေကြတာပေါ့ကွယ်"

"ဟင် ... ဒါ ... ဒါဆိုရင် ခုချိန်ထိ ဒီကိုးပေါက်ပတ္တ
မြားကြီးကို ဘယ်သူမှ ရှာလို့မတွေ့ကြသေးဘူးပေါ့နော် အဘလုံ"

သည်တစ်ကြိမ်တော့ ဦးမှိုင်းလုံက စောရန်နိုင်မေးခွန်း
ကို ချက်ချင်းမဖြေသေး။ စောရန်နိုင်၏မျက်နှာကို ဖျတ်ခနဲ တစ်
ချက်မျှကြည့်လိုက်ပြီးမှ မှိုင်းညို့ဝေဝါးနေသည့် တောင်တန်းကြီး





များဆီသို့ အဓိပ္ပာယ်မဲ့ ငေးမောကြည့်ကာ သက်ပြင်းသဲ့သဲ့ ချ
လိုက်ပါ၏။

မနေနိုင်သူကတော့ ကျောက်စာဝန်ဟောင်း ဦးဘတူ။
ဟုတ်သည်။

ဦးမှိုင်းလုံ ချက်ချင်းမဖြေကြားသော အဖြေစကားကို
ဦးဘတူက စောရန်နိုင်ကို စေ့စေ့ကြည့်ရင်း ကြားဝင်ဖြေကြား
ပေးလိုက်သည်။

"ဒီလိုရှိတယ် စောရန်နိုင် ... မင်းကို အားနာလို့ ဒီမေး
ခွန်းကို မဖြေလိုက်ပေမယ့် ဦးကပဲ ကြားကနေ ပြောလိုက်ပါ
တော့မယ်၊ အမှန်တော့ အဲဒီပတ္တမြားကြီးကို စိတ်မဝင်စားတာ
အကောင်းဆုံးပဲကွဲ့၊ ဘာဖြစ်လို့လဲဆိုတော့ သေမိန့်ပြန်ကိုးပေါက်
ဘဒ္ဒေရယ်လို့တောင် နာမည်ကြီးနေတဲ့ ကိုးပေါက်ပတ္တမြားကြီး
ဟာ လူသားတွေနဲ့ မထိုက်တန်ဘူးလို့ ဦးတို့ မိုးကုတ်သူ မိုးကုတ်
သားတွေက ယူဆထားကြတယ်"

ဦးဘတူက ပတ္တမြားကြီးကို စိတ်မဝင်စားပါနှင့်ဟု တား
မြစ်ဟန့်တားနေသည့်ကြားမှပင် စောရန်နိုင်တစ်ယောက် စိတ်
ဝင်တစားနှင့် နားထောင်နေသဖြင့် စောနန်းနွယ်ခမျာ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ပူနေမိပါသည်။

"နောက်ပြီး ... သျှိဝနတ်ရုပ်တုကြီးရှေ့မှာ ရေးထိုးထားတဲ့ ကျောက်စာပါ ကျိန်စာတွေကလည်း ဒီပတ္တမြားကိုးပေါက်ကို မတရားလုယက်ယူငင်မိခဲ့လို့ ဘေးဒုက္ခအမျိုးမျိုးတွေနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး နောက်ဆုံး သူတို့အချင်းချင်း လောဘဇောတွေတက်ကြလို့ ငတောက်ထိန်ရဲ့ လက်ချောင်းတွေအားလုံးဟာ အပိုင်းပိုင်းအထစ်ထစ် ဖြတ်တောက်ခံရပြီး အသေဆိုးနဲ့ သေခဲ့ရတာဟာ သျှိဝနတ်ရုပ်ရဲ့ ကျိန်စာကြောင့်ဆိုတာ ဘယ်သူမှ ငြင်းဆန်ဖို့မှာ မဟုတ်ဘူးကွဲ့ ...။

ဒါတင်မကသေးဘူး စောရန်နိုင်ရေ ခေတ်အဆက်ဆက် သမိုင်းကြောင်းတွေအရ ဦးတို့သိရသလောက်ဆိုရင် ငတောက်ထိန်၊ ငမဲခေါင်တို့ကစပြီး ပြင်သစ်ကုန်သည် ဂျိုးဇက်နဗီးနဲ့ သူ့အပေါင်းအဖော်တွေ၊ မဟာရာဂျာကြီး ရာ့ချ်နာသန်နဲ့ ရှမ်းတရုတ်ကုန်သည် လောင်စူးတို့အဖွဲ့တွေနဲ့ စောရကြောင်ပိုစတဲ့ ဒုစရိုက်လောဘမှုဆိုးတွေဟာလည်း ဒီ သေမိန်ပြန်ကိုးပေါက်တစ္ဆေ ပတ္တမြားကြီးကြောင့် အသက်ဆုံးရှုံးခဲ့ရတယ်ဆိုတာ အားလုံးလိုလို နားလည်ထားကြပြီးသားပါ စောရန်နိုင် ...။





အေး ... ဦး နောက်ဆုံးပြောချင်တာကတော့ သျှိဝနတ်ရုပ်တုကြီးကို ပူဇော်ထားတဲ့ သေမိန်ပြန်ကိုးပေါက်တစ္ဆေဆိုတဲ့ ကိုးပေါက်ပတ္တမြားကြီးနဲ့ ပတ်သက်ဆက်နွယ်ခဲ့သူတွေတိုင်းဟာကယ့်ကို သေမိန်ပြန်ခံလိုက်ကြရသလို သေကြေပျက်စီးခဲ့ရတယ်ဆိုတာ စောရန်နိုင်သိအောင် ပြောပြခဲ့တာပါကွယ်"

ကျောက်စာဝန်ဟောင်း ဦးဘတူက ထိုကဲ့သို့ ရှည်လျားစွာ စိတ်ရှည်ရှည်နှင့် ရှင်းပြပြောဆိုလိုက်ပါ၏။ ထိုနေ့က မုဆိုးကြီးဦးမှိုင်းလုံမှာ မျက်စိမျက်နှာ သိပ်မကောင်းလှ။ စကားဝိုင်းသိမ်းသွားခဲ့သည့်တိုင် မည်သူ့ကိုမျှ စကားမပြောတော့ဘဲ သူ၏ဝါးဆေးတံကြီးကိုသာ သဲသဲမဲမဲ ရှိုက်ဖွာလျက် ကျန်ရစ်ခဲ့ပါတော့သည်။

ထို့အတူ ဖွဲကောင်းကောင်းနှင့် ပေကပ်ကပ်နိုင်လှသော စောရန်နိုင်ကိုယ်တိုင်သည်း အိပ်ရာဝင်ခဲ့သည့်တိုင် သူ့အား သေမိန်ပြန်ကိုးပေါက်တစ္ဆေ ပတ္တမြားကြီး လွှမ်းမိုးထားဆဲပါ။

သူ၏မျက်ဝန်းထဲတွင်လည်း ကမ္ဘာကျော် သမိုင်းဝင်စိန်ကြီးများ ဖြစ်ကြသော (HOPE) ဟုတ်ပ် ... ခေါ် စိန်ကြီးနှင့် (KOHENOE) ကိုဟီးနိုးစိန်ကြီးများကိုပင် ပခုံးချင်းယှဉ်နိုင်သော



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်မှ သေမိန့်ပြန်ကိုးပေါက်တစ္ဆေခေါ် ကိုးပေါက်ပတ္တမြားကြီးကိုသာ မှန်းဆမြင်ယောင်နေမိပါတော့သည်။

✳






နံနက်ခင်းနေခြည်က သူရိန်တောင်ထက်မှ မိုးမိတ်နယ်တစ်ကြောလုံးပေါ်သို့ ဖြန့်ကျက်ကျဆင်းလျက် ရှိပါ၏။ ရှေးဘိုးဘွားဘီဘင်များလက်ထက်မှ စတင်၍ သန္ဓေတည်ခဲ့သည့် နေတောင် သို့မဟုတ် သူရိန်တောင်ဟု ခေါ်ဆိုကြသည့် တောင်ခြေမှာတော့ အမည်မသိ မျက်နှာစိမ်းသုံးလေးယောက်တို့က တိတ်တဆိတ် လှုပ်ရှားနေကြသည်။

☆ ခု နစ် စဉ် ကြယ် တ ပေ ☆

www.burmeseclassic.com

www.burmeseclassic.com



ထိုလူစုထဲတွင် ခေါင်းဆောင်ဟုထင်ရသော အရပ်ရှည် ရှည် လူထွားကြီးက ကျန်လူစိမ်းသုံးဦးတို့ကို မေးမြန်းစုံစမ်းနေ ပါ၏။

"အင်း . . . မင်းတို့ပြောသလိုဆိုရင်တော့ ဟိုကျောက် ကိစ္စနဲ့ပတ်သက်ပြီး ရန်ကုန်ကလာတဲ့ ညွှန့်သည်က လုံးဝမလှုပ် ရှားသေးဘူးပေါ့ . . . ဟုတ်လား"

"ဟုတ်ပါတယ် ကိုလောရှည်၊ သူတို့မောင်နှမနှ ယောက်စလုံး မုဆိုးကြီးဦးမှိုင်းလုံအိမ်မှာပဲ တည်းခိုကြပြီး မသင်္ကာ စရာ လှုပ်ရှားမှုဆိုလို့ ဘာတစ်ခုမှ မတွေ့ရသေးပါဘူး၊ တစ် တော့ရှိတယ် . . . သျှိုဝနတ်ကွန်းဆောင်ကြီးထဲကိုတော့ ရွာသူကြီး ရဲ့ ခွင့်ပြုချက်နဲ့ သုံးကြိမ်တိတိတော့ ဝင်ရောက်ပြီးကြပြီ"

အရပ်ရှည်ရှည်နှင့် ကိုလောရှည်အမည်ခံ လူထွားကြီး သူ၏တပည့်တစ်ဦး ပြောပြနေသည်များကို ခေါင်းတညိတ်ညိတ် ဖြင့် နားထောင်နေပါ၏။

"ကိုင်း . . . ဒါဆို ကျီးညိုကရော ဘာပြောစရာရှိသေး သလဲ၊ ရန်ကုန်ညွှန့်သည်ကောင်ရဲ့ ဒီရက်ထဲ လှုပ်ရှားမှု မသင်္ကာစရာ ဘာတွေ့ထားသလဲ"





"မတွေ့ပါဘူး အာစရို ဦးမှိုင်းလုံရဲ့တူ ထူးပေါက်ရဲ့ ဆိုင်ကယ်နဲ့ ထာပွဲတွေနဲ့ နတ်ကွန်းဆောင်ဘက်သွားပြီး လည် ပတ်ကြည့်ရှုတာလောက်ပဲ ရှိပါသေးတယ်၊ အဲ . . . အင်း . . . နေ ပါဦး . . . ထူးခြားတာလားတော့ မသိဘူး . . . ဦးမှိုင်းလုံကြီးရဲ့ အိမ်ကို ဟို . . . ကျောက်စာဝန်ဟောင်းဦးဘတူ ရောက်လာတာ တော့ တွေ့လိုက်တယ်၊ တစ်ညအိပ်ပြီး ဦးချိုတွေ ပြန်သယ်သွား တယ် အာစရို"

ကြည့်ရသည်မှာ ခေါင်းဆောင်လုပ်သူ ကိုလောရှည် သည် ရန်ကုန်မှရောက်ရှိလာကြပြီး သျှိုဝနတ်ကွန်းစင်နှင့် ရှေး ရိုးထုံးစံများကို လာရောက်လေ့လာသည့် စောရန်နိုင်တို့ မောင် နှမ၏ ခြေလှမ်းများကို သူ၏တပည့်ကျော်များအား စောင့်ကြည့် အကဲခတ်နိုင်းဟန်တူသည်။ ဘာအကြောင်းရယ်ကြောင့်ဟူ၍ တော့ မသိ။ သေချာသည်ကတော့ စောရန်နိုင်တို့၏ လှုပ်ရှားမှု မှန်သမျှကို အနီးကပ်စောင့်ကြည့်နေသည်ကတော့ သေချာပါ၏။

"ကိစ္စမရှိဘူး အဲဒီကျောက်စာဝန်ဟောင်းက ငါတို့ရဲ့ ပစ်မှတ်မဟုတ်ဘူး၊ အေး . . . သတင်းအရဆိုရင်တော့ ဟို . . . ရန်ကုန်ညွှန့်သည်ကောင်က အဓိကပစ်မှတ်ပဲ၊ သူ့ကိုသာ မျက်



www.burmeseclassic.com

www.burmeseclassic.com



ခြည်မပြတ် စောင့်ကြည့်ကြ၊ ငှ အထင်ပြောရရင် ဒီကော
ဒီရက်ထဲမှာပဲ အနေးအမြန် လှုပ်ရှားလိမ့်မယ်၊ အရေးကြီးတာ
ညဖက်တွေမှာ ပိုပြီးသတိထား၊ ငါ့ဆီကို ချက်ချင်းသတင်း
. . . ကြားကြလားဟေ့''

"ယုတ် . . . ဟုတ်ကဲ့ပါ အာစရိ''

မကြာခင် သူရိန်တောင်ခြေမှ မသက်ာဖွယ်ရာ လူတစ်
သည် လူချင်းခွဲ၍ တောရိပ်လျှိုစွယ်များကြားတွင် ပျောက်ကွယ်
သွားကြပါတော့သည်။ အခြေအနေသည် ငြိမ်သက်နေသော ကန်
ရေပြင်တစ်ခုကဲ့သို့ ရှိနေပါ၏။ သို့သော် မကြာခင်အချိန်ပိုင်းအ
တွင်းမှာပင် ကန်ရေပြင်ကို လှိုင်းဂယက်ထစေသော လှုပ်ခတ်မှ
မုန်တိုင်းသည် ဟည်သည့်အရပ်ဒေသဆီမှ တိုက်ခတ်လာမည်
ဆိုသည်ကိုတော့ မည်သို့မျှ မသိတတ်နိုင်ပါချေပြီတည်း။

* * *



## အခန်း (၁၇)

## သေမိန့်ပြန်တစ္ဆေရင်ခွင်သို့ တိုးဝင်ခြင်း

လ,ပျောက်နေသည့် သန်းခေါင်ယံညတစ်ည၊

ရှိစုမဲ့စု ကြယ်လေးများနှင့် မှုန်ဝါးဝါးညဥ့်သည်
တဖျောက်ဖျောက်ကျဆင်းနေသည့် မိုးစက်တို့အောက်တွင် တိတ်
ဆိတ်ငြိမ်သက်စွာ အိပ်မောကျလျက်ရှိပါ၏။

ကျောက်ပြာသာဒ်ကုန်းထိပ်ရှိ သျှိဝနတ်ကျောင်းဆောင်
ကြီးကတော့ သန်းခေါင်ယံအမှောင်ထုအောက်ဝယ် တရေးကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင် ငုတ်တုတ်ငိုက်မြည်းနေသည်သို့။

သို့သော် ... ငြိမ်သက်တိတ်ဆိတ်နေသည့် နတ်ကွန်းစင်ဝန်းကျင်တွင် အရိပ်မည်းကြီးတစ်ခုက မကောင်းဆိုးဝါးကြီးတစ်ကောင်နှယ် တိတ်တဆိတ် လှုပ်ရှားနေပါချေ၏။ မကြာမီ အရိပ်မည်းကောင်ကြီးသည် နတ်ကွန်းကျောင်းဆောင်၏ တံခါးဝရှေ့တွင် ပိုးလိုးပက်လက်အိပ်ပျော်နေကြသည့် အစောင့်များအနီးသို့ ရောက်ရှိလာခဲ့သည်။

မလှုပ်မယှက် အိပ်မောကျကြသူများကိုကြည့်ကာ အရိပ်မည်းကြီး၏ မျက်နှာထက်တွင် အပြုံးရိပ်တချို့ လင်းလက်ပြီး နှုတ်ဖျားမှလည်း စကားသံအချို့ တိုးတိတ်စွာ ထွက်ကျလာပါ၏။

"ဟင်း .. ဟင်း .. ဟင်း .. ကောင်းတယ်၊ ဒီအချိန်လောက်ဆို ဒီကောင်တွေ အိပ်မက်ထဲမှာ နတ်သမီးငါးရာနဲ့ ငြိမ့်နေလောက်ပြီ၊ ဒါပေမဲ့ ပိုပြီးသေချာသွားအောင် ..."

အရိပ်မည်းပိုင်ရှင်က အနီးရှိ ကျောက်ခဲသေးသေးလေး တစ်လုံးကို ကောက်ယူကာ အိပ်မောကျနေကြသည့် အစောင့်များ ကိုယ်ပေါ်သို့ လှမ်းပစ်လိုက်သည်။

'ဝုတ် ...'





'ဘုတ် ...'

သေချာပြီ။ ကျောက်ခဲထိမှန်သည့်တိုင် အစောင့်များက တုတ်တုတ်မျှမလှုပ်ကြ။ ဤသို့ဆိုလျှင် ညနေစောင်း သူကိုယ်တိုင် ဆေးခတ်ခဲ့သော စားစရာများနှင့် အရက်ပုလင်းများက အစွမ်းပြလိုက်ကြလေပြီထင့်။ ဟုတ်သည်။ ယနေ့ညနေစောင်းတွင် နတ်ကွန်းစင် စားဖိုဆောင်သို့ တိတ်တဆိတ်ဝင်ရောက်ကာ အရက်ပုလင်းများနှင့် စားစရာများတွင် သူကိုယ်တိုင် အိပ်ဆေးများ ခတ်ခဲ့သည် မဟုတ်ပါလား။

အရိပ်မည်းကြီးသည် သေချာသည်နှင့် တုံးလုံးပက်လက် လဲကျနေသည့် အစောင့်များထံ ရဲတင်းစွာတိုးဝင်သွားပြီး တံခါးစောင့်ခါးကြားမှ ကြီးမားလှသည့် သော့တွဲကြီးကို ဖျတ်ခနဲ ဖြုတ်ယူလိုက်သည်။ ထိုမှတစ်ဆင့် သျှိုဝနတ်ကွန်းဆောင်တံခါးကြီးကိုဖွင့်ကာ အထဲသို့ ကြောင်မှိုင်းတစ်ကောင်နှယ် လှစ်ခနဲ ဝင်ရောက်သွားပါလေတော့သည်။

ထိုအရိပ်မည်းကြီးသည် သျှိုဝနတ်ရုပ်တုကြီး၏ရှေ့သို့ ရောက်သည်နှင့် ရုပ်တုကြီးရှေ့မှ ဆီမီးတိုင်ကြီးတစ်ခုကို ထွန်းညှိလိုက်သည်။ မကြာမီ လင်းခနဲဖြစ်သွားသည့် ဆီမီးတိုင်အလင်း



www.burmeseclassic.com

www.burmeseclassic.com



ရောင်အောက်တွင် ချွေးစေးများဖြင့် ရွှဲနစ်နေသည့် စောရန်နိုင်၏ အသီပြန်မျက်နှာကြီးကို တွေ့မြင်လိုက်ရပါတော့သည်။

"ဟူး ... တော်ပါသေးရဲ့၊ အခြေအနေအားလုံး ရှော ရှောရှူရှူ ဖြစ်သွားကြလို့ပေါ့၊ ကဲ ... အချိန်ရှိတုန်း နတ်ရုပ်တ ကြီးရဲ့ လျှို့ဝှက်အံဝှက်ပေါက်ကို ရှာရမယ်"

ဤသို့ဖြင့် စောရန်နိုင်တစ်ယောက် နောက်ထပ်ဆီမီး တိုင်တစ်ခု ထွန်းညှိကာ နတ်ရုပ်ကြီးအား ရှေ့နောက်ဝဲယာ လှည့်ပတ်၍ စေ့စေ့စပ်စပ်ကြည့်ရှုရင်း ဦးလေးကျော်ခေါင် မှာကြား ခဲ့သည့် လျှို့ဝှက်အံဝှက်ပေါက်ကို သေချာစွာ ရှာဖွေနေမိပါသည်။

အမှန်တော့ စောရန်နိုင်မှာ သူ့ဦးလေးကျော်ခေါင်နည်း တူ အကြံသမားတစ်ဦးပင် ဖြစ်ပါ၏။ ညီမငယ် စောနန်းနွယ်နှင့် ပင် မောင်နှမအရင်းဖြစ်ကြသည့်တိုင် စိတ်ဓာတ်ရေးရာ ဗီဇ သဏ္ဍာန်ချင်း မတူညီကြ။ စောနန်းနွယ်က ပညာတတ်တစ်ဦး ပီပီ အသိဉာဏ်၊ ဆင်ခြင်တုံတရားနှင့် ရိုးသားဖြူစင်သလောက် အစ်ကိုတော်စောရန်နိုင်ကမူ ငွေရှင်ကြေးရှင်များ၊ ကျောက်ကုန် သည်ပွဲစားများနှင့် လက်ပွန်းတတီးနေခဲ့ရသဖြင့် အရာရာကို ငွေနှင့်သာ တိုင်းတာဆုံးဖြတ်သည်။





သူ့ဘဝတွင် ငွေကြေးနေသာ ပထမနေရာတွင်ထား၍ အလိုရမ္မက်ကြီးသည်။ အလောင်းအစားနှင့် စိန်ခေါ်၍ ကြိုးတန်း လျှောက်ရသည့်ဘဝကို ရင်ခုန် မက်မောသည်။ ထို့ကြောင့်လည်း ဦးလေးဖြစ်သူ ဦးကျော်ခေါင်နှင့် ပေါင်းစည်းမိသွားခဲ့သည် မဟုတ် ပါလား။

ယခုလည်း အားလုံး စနစ်တကျနှင့် အကွက်ချစီစဉ်ထား သည့် ကိုးပေါက်ပတ္တမြားကြီးကိုစွကို အကောင်အထည်ဖော်နိုင် ရန်အတွက် အချိန်အခါကောင်းကို စောင့်မျှော်နေသည်မှာ တစ် လကျော်ရှိခဲ့ပါပြီ။

ဖြစ်ချင်တော့ အိမ်ရှင်ဦးမှိုင်းလုံသည် ကျောက်တလား ရွာဘက်သို့ နှစ်ညအိပ်ခရီးထွက်သွားရာတွင် ညီမဖြစ်သူ စော နန်းနွယ်ပါ လိုက်ပါသွားသဖြင့် အမှတ်မထင် စောင့်မျှော်နေသည့် အခွင့်အရေးကို ရရှိခဲ့ခြင်းပင်ဖြစ်ပါ၏။

"ဟား ... ဒီညလိုအခွင့်အရေးမျိုး နောက်တစ်ကြိမ် ထပ်ပြီးရဖို့ မလွယ်တော့ဘူး။ ဒီတော့ ကိုးပေါက်ပတ္တမြားကြီးကို ဒီနေ့ည မတွေ့တွေ့အောင်ရှာရမယ်၊ ဦးလေးပြောတာတွေနဲ့ ဦးမှိုင်းလုံပြောတာတွေက အားလုံးနီးပါး တစ်ထပ်တည်းကျနေ



www.burmeseclassic.com

www.burmeseclassic.com



တော့ ဟောဒီနတ်ရုပ်တုကြီးရဲ့ ခန္ဓာကိုယ်တစ်နေရာရာမှာ ပတ္တ
မြားကြီးဟာ ရှိကိုရှိနေရမယ်''

စောရန်နိုင် တစ်ကိုယ်တည်းအားပေးရင်း မျက်နှာပြ
ထက်သို့ စီးကျလာသည့် ချွေးစီးများကို လက်ခုံဖြင့် ခပ်ကြမ်း
ကြမ်း သုတ်ဖယ်ပစ်လိုက်သည်။ ပြီးလျှင် လက်ထဲမှ ဓားမြှောင်
တို့နှင့် နတ်ရုပ်တုကြီး၏ ခန္ဓာကိုယ်အစိတ်အပိုင်းဟူသမျှတို့ကို
တစ်နေရာချင်း အသေးစိတ်ရှာဖွေကြည့်ရှုနေပါတော့သည်။

လျှို့ဝှက်ပေါက်ရှိမရှိ၊ အံဝှက်ရှိမရှိ ဓားမြှောင်တို့နှင့်
တီးခေါက်ကြည့်လိုက် နားနှင့်ကပ်၍ ထောင်ကြည့်လိုက်ဖြင့် ပတ္တ
မြားကြီးကို သိမ်းဆည်းထားနိုင်မည့် လျှို့ဝှက်အံဝှက်နေရာကို
ချွေး ဒီးဒီးကျမျှ ရှာဖွေနေပါလေ၏။

''ဒီမှာ စောကြီး . . . ကမ္ဘာ့သမိုင်းမှတ်တမ်းတွေမှာ မော်
ကွန်းတင်ကမ္ပည်းထိုးခဲ့ရတဲ့ သမိုင်းဝင်စိန်ကြီးနှစ်လုံး ရှိတယ်ကွ
ပထမစိန်ကြီးကတော့ (HOPE) ဟုတ်ပ်လို့ခေါ်တဲ့ စိန်ကြီးပဲ
ဒါပေမဲ့ အဲဒီစိန်ကြီးက ပိုင်ရှင်တွေကို အမျိုးမျိုး ဒုက္ခဆိုးတွေ
ကျိန်စာဆိုးတွေပေးခဲ့ပြီး (၁၉၁၄)ခုနှစ် တိုက်တင်းနစ်သင်္ဘော
ကြီး ပျက်စီးနစ်မြုပ်တဲ့အထဲမှာ ပါသွားပြီး လမ်းဆုံးသွားခဲ့ရ





တယ်''

စောရန်နိုင်မှာ ဆီမီးတိုင်ကြီးတစ်ဖက် ဓားမြှောင်တို
တစ်လက်နှင့် ချွေးဒီးဒီးကျမျှ ရှာဖွေနေသည့်ကြားမှ ဦးလေးဖြစ်
သူ ကျောက်ကျော်ခေါင်ပြောပြခဲ့သည့် ကမ္ဘာကျော်စိန်ကြီးများ
အကြောင်းကို ပြန်လည်၍ ကြားယောင်နေမိပါသည်။

''အေး . . . ဒုတိယစိန်ကြီးကတော့ (KOHENOE)
ကိုဟီးနူးလို့ခေါ်တဲ့ စိန်ကြီးပဲကွ၊ အဲဒီစိန်ကြီးရဲ့ ထုဗျက်အထုက
တစ်လက်မထက် နည်းနည်းလျော့ပြီး ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းငါး
ဆယ်ကျော်လောက်က ရာဇဝင်တွေရဲ့ ဆုံးဖြတ်ချက်အရဆိုရင်
စတာလင်ပေါင် သိန်းနှစ်ဆယ်လောက်တန်တယ်တဲ့ စောကြီးရ။

အဲဒီစိန်ကြီးကို ဗြိတိသျှတွေက စပြီးအရောင်တင်ခဲ့စဉ်
က (ကာရက်အချိန်–၁၀၆)လောက်ထိ ရှိတယ်ဆိုပဲကွ၊ စိန်ကြီးရဲ့
ထူးခြားဆန်းကြယ်မှုကတော့ အမျိုးသားတွေဝတ်ဆင်ရင် နိုက်
တယ်၊ ဒါပေမဲ့ အမျိုးသမီးတွေ ဝတ်ဆင်ခဲ့ရင်တော့ မင်္ဂလာ
အပေါင်းနဲ့ ပြည့်စုံတယ်တဲ့လေ။ အဲဒီ ကိုဟီးနူးစိန်ကြီးကို အင်္ဂလန်
ပြည့်ရှင် ဗိတိုရိယဘုရင်မကြီးက စတင်ပြီးဝတ်ဆင်ခဲ့တာကွ
. . ဟင်း . . ဟင်း''



www.burmeseclassic.com

www.burmeseclassic.com



အင်း . . . ငါတို့ဆီက သျှိဝနတ်ရုပ်တုကြီးရဲ့ နှ[illegible] သင်းကျစ်က ကိုးပေါက်ပတ္တမြားကြီးနဲ့ဆို တန်ဖိုးချင်းအတူတူပဲ[illegible] စောကြီးရေ . . ဟင်း . . ဟင်း . . ကိုင်း . . . ဘယ်လိုလဲ စောကြီး . . . မင်းသာ ကိုးပေါက်ပတ္တမြားကြီးကို ရှာလို့ရခဲ့မယ်ဆိုရင်တော့ . . ဟင်း . . ဟင်း . . ဟင်း"

ထိုစဉ် ခါးနောင့်နှင့် စမ်းသပ်ရှာဖွေနေရာမှ တစ်နေရာတွင် လိုဏ်သံလိုလို ထွက်ပေါ်လာသောအသံကြောင့် စောရန်နိုင်၏အတွေးစများ ပြတ်တောက်သွားကြပါလေ၏။

"ဟင် . . . ဒါ . . . ဒါ လိုဏ် . . . လိုဏ်သံ"

ဟုတ်သည်။ တနွံနွံနှင့် ထွက်ပေါ်လာသည့် လိုဏ်သံသည် သျှိဝနတ်ရုပ်တုကြီး၏ လည်ပင်းအထက် မေးစေ့အောက်ဘက်မှ ထွက်ပေါ်လာသဖြင့် စောရန်နိုင်၏မျက်နှာမှာ ဝင်းလက်သွားသည်။

"ဟုတ်ပြီ . . . ဒီနေရာမှာ လျှို့ဝှက်အံဝှက်ရှိမယ်ထင်တယ်၊ ဟင်း . . ဟင်း . . ဦးလေးပြောခဲ့သလို ကိုးပေါက်ပတ္တမြားကြီးကိုသာ ရလိုက်ရင်တော့လား . . ဟင်း . . ဟင်း"

စောရန်နိုင်၏ အဆီပြန်လောဘမျက်နှာကြီးက ဆီမီး





တိုင်အလင်းရောင်အောက်တွင် ပီဘိမကောင်းဆိုးဝါး လောဘတစ္ဆေကောင်ကြီး တစ်ကောင်နှယ်။

လိုဏ်သံထွက်ပေါ်လာသည့် နေရာဖြစ်သည့် မေးစေ့အောက်ဘက်သို့ ခက်ခက်ခဲခဲ အနီးကပ် မော့ရှုကြည့်လိုက်တော့ ပိရိသေသပ်စွာ ပြုလုပ်ထားသည့် လေးထောင့်ကွက်အံဝှက်ရာလေးကို မထင်မရှား တွေ့ရှိလိုက်ရသည်။

"ဟာ . . . လက်စသတ်တော့ တကယ့်ကို လူတွေရှာမတွေ့နိုင်တဲ့ မေးစေ့အောက်ဘက်မှာ လျှို့ဝှက်အံဝှက်လုပ်ထားတာကိုး၊ ကိုင်း . . . တွင်းဝိဇ္ဇာကြီးရေ့ . . . ခင်ဗျားရဲ့ လျှို့ဝှက်ချက်ကို ကျုပ်ရှာဖွေတွေ့ရှိရတဲ့အတွက် ဆုလာဘ်အဖြစ် ကိုးပေါက်ပတ္တမြားကြီးကို ထုတ်ပေးပေတော့ အဘိုးခေါင်ရေ . . ဟင်း . . ဟင်း"

ထို့နောက်မှာတော့ စောရန်နိုင်တစ်ယောက် လျှို့ဝှက်အံဝှက်နေရာတစ်ဝိုက် ဓားဦးချွန်ဖြင့်ထိုးကော်၍ အံဝှက်ပွင့်လာစေရန် ကြိုးစားပါတော့သည်။

သျှိဝနတ်ကွန်းစင်အပြင်မှာတော့ သန်းခေါင်ယံအမှောင်ထုကြီးက နက်ရှိုင်းပိတ်မှောင်လှစွာ စိုးမိုးထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုထိုသောအမှောင်ထက် ပို၍ပို၍မှောင်မိုက်သော လောဘအမှောင်တိုက်သည်ကား မည်မျှနက်ရှိုင်းလှသည် ဆိုခြင်းကိုတော့ ...။

※ ※ ※





အခန်း (၁၈)

## သေမိန့်ပြန်ပတ္တမြားဝင်္ကပါ

ထိုစဉ် ...

'ထောက် ...'

'ကျို ...ကျို ...ဂျစ် ...ဂျစ်'

စောရန်နိုင်၏ ဓားဦးချွန်က လျှို့ဝှက်အံ့ဝှက်ခလုတ်ကို ထိမိသွားသည်ထင့်။ ထောက်ခနဲ ခလုတ်ပွင့်သံတစ်ချက် ထွက်ပေါ်လာပြီး တကျိုကျိုအော်မြည်ကာ လျှို့ဝှက်အံ့ဝှက်လေးပွင့်



www.burmeseclassic.com

www.burmeseclassic.com



ဟသွားပါတော့သည်။

"ဟာ ...လျှို့ဝှက်အံဝှက်ပေါက်လေး ပွင့် ...ပွင့်သွားပြီ"

ဟုတ်သည်။ တကျွီကျွီနှင့် ပွင့်ဟလာသည့် တစ်ထွာခန့် လျှို့ဝှက်အပေါက်ငယ်လေးက လောဘသား စောရန်နိုင်ကို ညို့မြူခေါ်ငင်နေသည်သို့။ စောရန်နိုင် ဝမ်းသာအားရဖြင့် အပေါက်ငယ်လေးအတွင်းသို့ မီးရောင်ဖြင့် သေချာစွာ ကြည့်လိုက်ပါ၏။

"ဟာ အဲ ...အံဝှက်ထဲမှာ သေတ္တာ ...သေတ္တာဘူးလေးပါလား"

'ဖြောင်း ..ဖြောင်း ..ဖြောင်း ..ဖြောင်း'

ရုတ်တရက် သူ၏နောက်ကွယ်မှ လက်ခုပ်သံတဖြောင်းဖြောင်း ထွက်ပေါ်လာသဖြင့် ဖျတ်ခနဲ နောက်သို့ စောရန်နိုင် လှည့်ကြည့်လိုက်သည်။

"ဟင်း ..ဟင်း ..ဟင်း ..သိပ်ကိုဉာဏ်ပြေးတဲ့ ညီသည်တော်ကြီးပဲ၊ လေးစားပါတယ်ဗျာ ...ကျုပ်တို့ အနှစ်နှစ်အလလ ကြိုးစားဖော်ထုတ်လို့မရနိုင်တဲ့ ပတ္တမြားကြီးကို အခုလိုပင်ပန်းခံပြီး ကြိုးစားယူဆောင်ပေးတဲ့အတွက် ကျေးဇူးအများကြီး





တင်ပါတယ် ..ဟင်း ..ဟင်း ..ဟင်း"

"ဟင် ..မင်း ...မင်းတို့ ဘယ်သူတွေလဲ၊ ဘယ်ကလဲ"

စောရန်နိုင်မှာ သူ့နောက်ဘက်မှ မိုးကျရွှေကိုယ်ကဲ့သို့ ဖျတ်ခနဲရောက်ရှိလာကြသည့် အနက်ရောင်တူညီဝတ်စုံနှင့် အန္တရာယ်ကောင်များကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားပါ၏။

"ဟိုး ..ဟိုး ..ဟိုး ..မေးခွန်းတွေကလည်း များလိုက်တာ၊ ကျုပ်ရဲ့အရပ်ကရှည်လို့ အများကတော့ ကိုလောရှည်လို့ ခေါ်ကြတာပဲဗျ။ ဒါတွေက အရေးမကြီးပါဘူးလေ ...အခု အရေးကြီးတာက အဲဒီအံဝှက်ထဲက သေတ္တာဘူးလေးကိုယူပြီး ကျုပ်တို့ကို ပေးလိုက်ဖို့ပဲ"

"ဘာကွ ...ငါက မင်းတို့ခိုင်းတိုင်း လုပ်ပေးရမှာလား"

"အော် ...ဒီလိုလား။ ဒါဆိုရင် ဟောဒီဟာလေးနဲ့ ခိုင်းရင်ကော လုပ်ပေးမှာလား"

ချက်ချင်းဆိုသလိုပင် ကိုလောရှည်နှင့် ကျန်လူနှစ်ယောက်လက်ထဲတွင် မည်းနက်ပြောင်လက်နေသည့် သေနတ်

☆ ခု နစ် စဉ် ကြယ် တာ ပေ ☆

www.burmeseclassic.com

www.burmeseclassic.com



သုံးလက်က မျက်လှည့်ပြသလို ရောက်ရှိသွားသည်မို့ စောရန်နိုင်ပင် ဒိတ်ခနဲ ရင်ခုန်သွားရသည်။

“ကိုင်း … နတ်ကွန်းစင်ထဲမှာ သွေးထွက်သံယိုမဖြစ်စေချင်ဘူး ညီ့သည်တော်ကြီးရေ၊ ကျုပ်တို့ကိုသာ အဲဒီသေတ္တာဘူးလေးကို ယူပေးပေတော့ ‥ ဟင်း ‥ ဟင်း ‥ ဟင်း”

စောရန်နိုင် စိတ်ထဲမှနေ၍ သူတို့သုံးယောက်နှင့် အကွာအဝေးကို တွက်ဆကြည့်နေမိသည်။

“ဘာလဲ … ဉာဏ်များမယ်တော့ စိတ်ကူးမနေနဲ့နော်၊ တံခါးဝမှာလည်း ကျုပ်လူတွေရှိသေးတယ်၊ ရန်ကုန်ကို ကျန်းမာရေးကောင်းကောင်းနဲ့ ပြန်သွားချင်ရင်တော့ ကျုပ်တို့ခိုင်းတာလေးကို ကြည်ကြည်သာသာ လုပ်ပေးပါ”

ယခုအချိန်အထိ စောရန်နိုင်၏လက်ထဲတွင် ဝှက်ကွယ်ကိုင်ထားသည့် ဓားမြှောင်တိုလေးကို သူတို့ မြင်ကြသေးဟန်မတူ။ စောရန်နိုင် ခန္ဓာကိုယ်ရော စိတ်ပါ လျှော့ချလိုက်သည်။

စိတ်ကို တည်ငြိမ်စွာထား၍ အံဝှက်ထဲမှ သေတ္တာဘူးလေးကို ဘယ်လက်နှင့် ဖျတ်ခနဲဆွဲယူလိုက်သည်။ တစ်ချိန်တည်းမှာပင် ရှစ်ခနဲ လေကိုတိုးဝှေ့ထွက်လာသော အသံသဲ့သဲ့ကြောင့် နတ်ရုပ်တုနံဘေးသို့ ခုန်ရှောင်ထွက်လိုက်ပါ၏။

‘ရှစ် … ရှစ် …’

“အင်း … အီး …”

အံ့သြဖွယ်ရာပင်။ သို့ဝနတ်ရုပ်တုကြီး၏ မျက်လုံးတော်နှစ်ခုဆီမှ ဖျတ်ခနဲပွင့်ဟသွားသော သေးငယ်သော လက်နက်ပုန်းနှစ်ခု ပြေးထွက်လာကာ ကိုလောရှည်၏ တစ်ဖက်တစ်ချက်မှ အန္တရာယ်ကောင်နှစ်ဦး၏ လည်ပင်းများဆီသို့ စူးနစ်စိုက်ဝင်သွားပါတော့သည်။

လည်ပင်းများကို အုပ်ကိုင်ကာ ညည်းညူအော်ဟစ်ရင်း လဲကျသွားသည့် သူ့လူနှစ်ယောက်ကိုကြည့်ကာ ကိုလောရှည် အံ့သြတွေဝေသွားစဉ် …

‘ဝှစ် … ဒုတ် …’

“အား”

စောရန်နိုင်ပစ်လွှတ်လိုက်သည့် ဓားမြှောင်တိုက မြွေတစ်ကောင်နှယ် ပြေးထွက်လာကာ ကိုလောရှည်ရင်ဝသို့ ဒုတ်ခနဲ စိုက်ဝင်သွားပါတော့သည်။ အခြေအနေက ရှုပ်ထွေးလျက်ရှိပါပြီ။ သူ့အား ဤကျောက်ပြာသာဒ်ရွာကြီးတွင် သိရှိသူမရှိ။







www.burmeseclassic.com

www.burmeseclassic.com



ထို့ထက်မူ . . . ဤကဲ့သို့ အန္တရယ်ကြီးလှသော လျှို့ဝှက်ချက်ကြီးကိုလည်း သူနှင့် သူ၏ဦးလေးတော် ကျောက်ကျော်ခေါင်တို့ နှစ်ဦးသာ သိရှိခဲ့ကြသည်။

ယခုမူ ထိုကဲ့သို့မဟုတ်တော့။

သူမသိနိုင် မမြင်နိုင်သော အမှောင်ထဲမှ အန္တရာယ်များသည် ဤလျှို့ဝှက်ချက်ကြီးကို မည်ကဲ့သို့ ရိပ်စားသွားမိကြပါသနည်း။ ကိုယ်ကကျူး ကိုယ့်ဒူးတောင် မယုံကြည်ရသော ဒုစရိုက်လောကသားများအလယ်တွင် သူ လျှောက်လှမ်းခဲ့မိသည်မှာ မှားယွင်းသွားခဲ့လေပြီလား။

ယခုပင် အန္တရာယ်အရိပ်မည်းကြီးနှင့် မမြင်နိုင်သည့် ရန်သူများ သူ့အားဝိုင်းရံထားကြလေပြီလား . . . ဟူသော အတွေးစိတ်တို့ စိုးမိုးလာကြသည်။

"ဘယ်လိုဖြစ်တာလဲ . . . ဒီကိစ္စကြီးကို ငါနဲ့ လေးလေးကျော်ခေါင် နှစ်ယောက်တည်းပဲ ကျိတ်ပြီးစီစဉ်ခဲ့တာပါ၊ သတင်းပေါက်ကြားဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး၊ ဒါပေမဲ့ ဒါကို ဒီကောင်တွေ ကြိုပြီးသိနှင့်နေတာဆိုတော့ . . ."

စောရန်နိုင် အတွေးမဆုံးမီမှာပင် သျှိုဝနတ်ကွန်းစင်





ဘ်ခါးဝဆီမှ ခြေသံတဒေါက်ဒေါက် ကြားလိုက်ရသဖြင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်မိသည်။

"ဟင်း . . ဟင်း . . ဟင်း . . စောရန်နိုင်, စောရန်နိုင်နဲ့ အမည်ကြားဖူးနေတာတော့ ကြာပါပြီ၊ ခုမှပဲ လူချင်းတွေ့ဖူးတော့တယ်၊ လက်သံပြောင်တာကတော့ သူ့ဦးလေး ကျောက်ကျော်ခေါင်နဲ့ တစ်လက်ရာတည်းပဲဟေ့"

လက်ထဲမှပစ္စတိုသေနတ်က စောရင်နိုင်၏ ရင်ဝတည့်တည့်သို့ ချိန်ရွယ်လျက် . . . ရှမ်းတရုတ်ပုံစံ လူကြီးတစ်ဦးက နောက်ပါအခြံအရံ လက်မရွံ့နှစ်ယောက်နှင့် ဦးလေးတော်ကျောက်ကျော်ခေါင်ကို ဖမ်းချုပ်ခေါ်ဆောင်လာကြသည်ကို စောရန်နိုင် တွေ့မြင်လိုက်ရသည်။

"ဟာ . . . လေးလေးကျော်ခေါင်"

မျက်နှာတွင် ဖူးရောင်အထိရာများ၊ သွေးစသွေးနများကြောင့် သူ၏ဦးလေးကျော်ခေါင်မှာ နိုပ်စက်ညှဉ်းပန်းခြင်း ခံထားရဟန်တူပါ၏။ မိုးကုတ်မြေသို့တိုင်အောင် ရောက်ရှိလာကြသော အန္တရာယ်လူစိမ်းများကိုကြည့်ကာ စောရန်နိုင် သတိနှင့် စောင့်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း . . . မြင်တဲ့အတိုင်းပဲ စောရန်နိုင်၊ မင်းရဲ့ဦးလေး
က ငါ့လက်ထဲမှာ ယုန်သူငယ်လိုဖြစ်နေပြီ၊ မင်းကလည်း ငါ့ရဲ့
သုံးယောက်ကို ဖြုတ်လိုက်ပြီးသွားပြီ၊ ဒီတော့ မင်းလက်ထဲက ပတ္တမြား
ဘူးလေးကိုသာ အေးအေးဆေးဆေး ငါ့ကိုပေးလိုက်ပေတော့"

"မပေးနဲ့ စောကြီး"

'ခွပ် . . . ဖျောင်း'

"အ . . ."

ကျောက်ကျော်ခေါင်၏ ဟစ်အော်ဟားဆီးသံက လက်
မရွံ့တစ်ယောက်၏ ရိုက်နှက်မှုအောက်တွင် ညည်းတွားရင်း ပြိ
လဲကျသွားပါတော့သည်။ ရက်စက်ကြမ်းတမ်းလှသော မြင်ကွင်း
ကြောင့် စောရန်နိုင် ဒေါသထွက်ကာ ရှေ့သို့တိုးရန် ခြေလှမ်း
ပြင်လိုက်သည်။

"လုံးဝမလှုပ်ရှားပါနဲ့ စောရန်နိုင်၊ မင်းလုပ်ရမှာက တစ်
ခုပဲရှိတယ် . . . မင်းလက်ထဲက ပတ္တမြားဘူးကိုသာ ငါ့ဆီပစ်ပေး
လိုက်"

ရှမ်းတရုတ်ကြီးလက်ထဲမှ ပစ္စတိုသေနတ်က ပေါက်
တော့မည့်မြွေတစ်ကောင်နှယ် ဆတ်ခနဲ ခေါင်းထောင်ထလာ





သည်မို့ စောရန်နိုင် နေရာတွင်ပင် တုံ့ခနဲရပ်သွားရသည်။
ယခုတော့ လက်ထဲတွင် လက်နက်ဆို၍ ပတ္တမြား
သေတ္တာဘူးလေးသာ ရှိတော့သည်။ သူတစ်ယောက်တည်း ဆို
လျှင် ပတ္တမြားဘူးလေးနှင့်အတူ အလွတ်ရုန်းထွက်နိုင်ရန် စွန့်
စားမိမည်သာ၊ သို့သော် သူ၏ဦးလေးကျော်ခေါင်က အန္တရာယ်
ကောင်များ၏လက်ထဲတွင် အထိနာလျက်ရှိနေသည် မဟုတ်
ပါလား။

စောရန်နိုင် သူ၏လက်ထဲမှာ ပတ္တမြားသေတ္တာဘူး
လေး၏ ခလုတ်ကို မသိမသာ စမ်းသပ်ကြည့်လိုက်သည်။ တော်
သေးသည်။ ကိုးပေါက်ပတ္တမြားကြီးထည့်ထားသည့် ရတနာ
သေတ္တာဘူးလေးသည် ချက်ခနဲနှိပ်လိုက်လျှင် ထောက်ခနဲ
အလွယ်တကူပွင့်သွားသည့် သေတ္တာဘူးလေးဖြစ်နေသည်မို့
စောရန်နိုင် ကျိတ်၍သဘောကျသွားပါ၏။

"ကိုင်း . . . ကြာတယ်ဟေ့၊ ငါစိတ်မရှည်ရင် မင်းတို့
ဘူဝရီးနှစ်ယောက်ကို သတ်မိလိမ့်မယ်နော်၊ ကဲ . . . မြန်မြန်ပေး
စမ်း . . . အဲဒီပတ္တမြားဘူးလေးကို"

ရှမ်းတရုတ်ကြီးသည် သူ၏ သေနတ်ပြောင်းဝကို စော



www.burmeseclassic.com

www.burmeseclassic.com



ရန်နိုင်၏ ရင်ဝတည့်တည့်သို့ ပြောင်းရွှေ့ကာ ချိန်ရွယ်လိုက်သည်နှင့် ...

"ကဲ ... ရော့ဗျာ ... ခင်ဗျားသိပ်လိုချင်တဲ့ ပတ္တမြားဘူး"

စောရန်နိုင် နောက်ဆုံးလှည့်စားချက်အနေဖြင့် ပတ္တမြားသေတ္တာဘူးမှ ခလုတ်ကိုဖိနှိပ်ကာ ဖွင့်လိုက်ပြီး သေတ္တာဘူးတခြား ပတ္တမြားတခြားဖြစ်စေရန် မြှောက်ပင့်၍ ပစ်ပေးလိုက်သည်။

'ဝုစ် ... ဝိုး'

"ဟာ ..."

"ဟင် ..."

စောရန်နိုင်၏လုပ်ဆောင်ချက်က မှန်ကန်အောင်မြင်သွားသည်။ သေတ္တာဘူးခလုတ် ပွင့်သွားသည်နှင့် ပတ္တမြားဘူးလေးထဲမှ ဝင်းခနဲလက်သော နီနီရဲရဲအရာတစ်ခုနှင့် အမွေးစုတ်ဖွား ပင့်ကူနက်နှစ်ကောင်တို့က လွင့်ပျံထွက်လာကာ ...

ပင့်ကူနက်တစ်ကောင်က ရှမ်းတရုတ်ကြီး၏ သေနတ်ကိုင်လက်ပေါ်သို့ တိုက်ရိုက်ကျသွားခဲ့ပြီး ကျန်တစ်ကောင်က

☆ ခု နှစ် စဉ် ကြယ် တာ ပေ ☆



မှောက်ခုံကြီးလဲကျနေသည့် ဦးကျော်ခေါင်၏ကျောပေါ်မှတစ်ဆင့် လက်ခုံပေါ်သို့ ကျရောက်သွားပါတော့သည်။

"ဟာ ... ဘာ ... ဘာကောင်ကြီးတွေလဲဟ"

"ဟင် ... ပင့် ... ပင့် ... ပင့်ကူနက်ကြီးတွေ"

"အား ... အီး ..."

အန္တရာယ်ကောင်တစ်ရ ပင့်ကူနက်နှစ်ကောင်နှင့် တဒင်္ဂ အလုပ်များနေချိန်တွင် စောရန်နိုင်က နတ်ရုပ်တုကြီးအနီးတွင် လဲကျသေဆုံးနေသည့် ကိုလောရှည်၏အနီးမှ သေနတ်ကို ဝမ်းလျားထိုးကောက်ယူကာ ကျောက်တိုင်တစ်ခုနောက်ကွယ်သို့ လိမ့်ဝင်ပျောက်ကွယ်သွားသည်။

"ဟာ ... ဟို ... ဟိုကောင်ပြေးပြီ၊ ပစ် ... ပစ်စမ်း"

'ဒိုင်း ... ဒိုင်း ... ဒိုင်း ... ဒိုင်း'

စောစောပိုင်းက တိတ်ဆိတ်စွာ အိပ်မောကျနေသော သျှိဝနတ်ကွန်းကျောင်းဆောင်ကြီးသည် ယခုအချိန်တွင် သေနတ်သံ၊ အော်ဟစ်သံများနှင့် ပွက်လောရိုက် ဆူညံသွားပါတော့သည်။ အဖြစ်အပျက်က မယုံကြည်နိုင်ဖွယ်ရာပင် လျင်မြန်စွာ ပြောင်းလဲသွားခဲ့ပါပြီ။

☆ ခု နှစ် စဉ် ကြယ် တာ ပေ ☆

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်ရှမ်းတရုတ်ကြီး လီရှောင်ကူးနှင့် ကျော် ကျော်ခေါင်တို့မှာ အဆိပ်ပြင်းသော ပင့်ကူနက်တို့၏ ကိုက်ခဲ မှုတို့ကြောင့် ချက်ချင်းပင် အဆိပ်တက်ကာ တစ်ကိုယ်လုံး ညို မည်းပြာနှမ်းလာပြီး နေရာတွင်ပင် သေဆုံးသွားကြပါတော့သည်

ကျန်ဒုစရိုက်ကောင် နှစ်ယောက်မှာလည်း တစ်ယော က စောရန်နိုင်၏လက်ချက်ဖြင့် သေနတ်ထိမှန် သေဆုံးသွား ပြီး ကျန်တစ်ယောက်မှာမူ စောရန်နိုင်နှင့် အနီးကပ်ယှဉ်ပြိုင် သတ်ပုတ်နေပါလေ၏။

"ဟိတ် ..."

'ဝှစ် ...ဝှစ် ...'

နှစ်ဦးစလုံး လက်နက်မဲ့ ယှဉ်ပြိုင်သတ်ပုတ်နေကြခြင်း ဖြစ်သည်။ အနီးကပ်တိုက်ခိုက်သတ်ပုတ်ကြရင်းဖြင့် လက်ထဲမှ သေနတ်များက လွင့်စဉ်သွားကြရာမှ ယခုတော့ သျှိုဝနတ်ကွန်း ဆောင်ထဲတွင် နှစ်ယောက်သား အသက်လုပွဲတစ်ခု ဆင်နွှဲနေကြ ခြင်းသာ။

'ဖောင်း ...ဝှစ်'

"အ ...ဘုန်း ..."

---

☆ ခု နှစ် စဉ် ကြယ် တ ပေ ☆



ရန်သူ၏ခြေကန်ချက်က စောရန်နိုင်၏နံစောင်းသို့ တိုက် ရိုက်ထိသွားသဖြင့် လဲကျသေဆုံးနေသည့် ကိုလောရှည်အနီးသို့ စောရန်နိုင် ဘုံးခနဲပစ်ကျသွားသည်။ နာကျင်လိုက်သည့်ဖြစ် ခြင်း။ အသက်ရှူပင်မှားသွားသည်အထိ ရန်သူ၏ကန်ချက်က ပြင်းသည်။

အားယူ၍ ကုန်းရုန်းထလိုက်စဉ် ကိုလောရှည်၏ရင်ဝ တွင် စိုက်ဝင်နေသည့် သူ၏ဓားမြှောင်ကို ဖျတ်ခနဲ တွေ့မြင်လိုက် ရသဖြင့် ...

"ဟာ ...ဟို ...ဟိုမှာ ငါ့ဓားမြှောင်လေး"

တစ်ချိန်တည်းမှာပင် ရန်သူကလည်း သူ၏သေနတ်ကို ပြန်လည်တွေ့ရှိသွားပြီး စောရန်နိုင်အား အသေပစ်သတ်ရန် ချိန်ရွယ်လိုက်စဉ် ...

'ဝှစ် ...'

'ဒုတ် ...'

"အား ...ဒိုင်း ..."

စောရန်နိုင် ပစ်ပေါက်လိုက်သော ဓားချက်က ရန်သူ၏ ရင်ဝကို စူးနစ်စိုက်ဝင်သွားသည်နှင့် ရန်သူ၏သေနတ်ကလည်း

---

☆ ခု နှစ် စဉ် ကြယ် တ ပေ ☆

www.burmeseclassic.com

www.burmeseclassic.com



အပေါ်သို့ထောင်သွားကာ ကျည်ထွက်သွားပါတော့သည်။

စောရန်နိုင် ယခုမှ အသက်ကိုဝအောင်ရှုလိုက်ရသည်... ပြီးပြီ။ သချိုဝနတ်ကွန်းဆောင်ထဲတွင် သူ၏ရန်သူကောင်များ ... ယောက်မျှ မသက်ရှင်လျက် မရှိကြပါလေတော့။ တစ်ချိန်တည်း... မှာပင် စောရန်နိုင် တစ်စုံတစ်ရာကို တွေးမြင်မိလိုက်သည်။

"ဟာ ... သေနတ်သံတွေကြောင့် ရွာသားတွေ သို့... ကျောင်းဆောင်ကို မကြာခင်ရောက်လာကြတော့မယ်၊ ဟို ... ဟို ... ကိုးပေါက်ပတ္တမြားကြီးကိုယူပြီး ဒီနေရာက အမြန်ဆုံး... လစ်မှ ဖြစ်တော့မယ်"

ထို့နောက်မှာတော့ စောစောက လွင့်ပျံထွက်ကျသွား... သည့် နာမည်ကျော် သေမိန့်ပြန်ကိုးပေါက်တစ္ဆေခေါ် ကိုးပေါက်... ပတ္တမြားကြီးကို လျင်မြန်စွာ ရှာဖွေလိုက်ပါသည်။ သိပ်ကြာကြာ... မရှာဖွေရပါ။ နီစွေးသောရောင်စဉ်များ တလက်လက်ဝင်းဖြာနေ... သည့် ကိုးပေါက်ပတ္တမြားကြီးကို သချိုဝကျောက်စာတိုင်အနီးတွင်... တွေ့မြင်လိုက်ရသည်။

"ဟာ ... ဟို ... ဟို ... ဟိုမှာ ပ ... ပ ... ပတ္တ... များ ... ပတ္တမြားကြီး"





ရန်ကုန်မြေမှ မိုးကုတ်မြေသို့တိုင် စွန့်စွန့်စားစား လာရောက်ရှာဖွေခဲ့သည့် သေမိန့်ပြန်ကိုးပေါက်တစ္ဆေ။

အန္တရာယ် ရန်စွယ် အသွယ်သွယ်ကြားမှ သေမင်းနှင့် ...ခံခင်းရင်း ကံကောင်းထောက်မစွာ တွေ့ရှိလာခဲ့ရသည့် သေမိန့်ပြန် ကိုးပေါက်တစ္ဆေ။

သူ၏ဦးလေး ကျောက်ကျော်ခေါင်ခေါ် ဦးကျော်ခေါင်၏ အသက်တစ်ချောင်းနှင့် လဲလှယ်၍ ရယူခဲ့ရသော နာမည်ကျော် သေမိန့်ပြန်ကိုးပေါက်တစ္ဆေ။

ထို ... သေမိန့်ပြန်ပတ္တမြားကြီး ... အနီ ကိုးပေါက်ပတ္တမြားကြီးသည် ယခုအချိန်တွင် သူ၏ရှေ့လက်တစ်ကမ်းအကွာတွင် ရောက်ရှိနေပြီမဟုတ်ပါလား။

လက်ရှိအချိန်မှာတော့ ...

သချိုဝနတ်ကွန်းဆောင်ကြီးထဲတွင် လူသေအလောင်းကောင်များနှင့် သွေးညှီနံ့သင်းကာ ချောက်ချားဖွယ်ရာကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်မှုများက ကြီးစိုးမင်းမူနေပါ၏။

"ဟင်း .. ဟင်း .. ဟင်း .. နောက်ဆုံးကျတော့လည်း



www.burmeseclassic.com

www.burmeseclassic.com



ကံထိုက်သူရဲ့လက်မှာသာ ကိုးပေါက်ပတ္တမြားကြီး ရရှိသွားတာ ပါပဲလား . . ဟား . . ဟား . . ဟား . . ဟား''

အနိုင်းမဲ့ဝမ်းသာမှုကြောင့် စောရန်နိုင်၏ ရင်အစုံသည် တဒိတ်ဒိတ်ခုန်လျက်။

စူးရှဝင်းလက်သော လောဘမျက်လုံးများက မီးရောင်တွင် တဝင်းဝင်းတလက်လက်နှင့်။ လောဘအမှောင်ဖုံးနေသည့် ဆင်ခြင်မဲ့နှလုံးသားနှင့် သေမိန့်ပြန်ကိုးပေါက်တစ္ဆေကို လှမ်းယူလိုက်သည်တွင် . . .

'ဖျတ် . . ဖတ် . .'

''အ . . . အ . . . ပင့် . . . ပင့် . . . ပင့်ကူနက် . . . ပင့်ကူနက် . . . အ . . . အား''

ကိုးပေါက်ပတ္တမြားကြီးနောက်တွင် တွယ်ကပ်နေသည့် အမွေးစုတ်ဖွားနှင့် ပင့်ကူတစ္ဆေနက်ကြီးတစ်ကောင်က စောရန်နိုင်၏လက်ခုံပေါ်သို့ ဖျတ်ခနဲခုန်တက်ကာ မိမိရရ ကိုက်ခဲလိုက်ပါချေပြီတည်း။

''အ . . . အား . . . ပူ . . . ပူ . . . ပူလိုက်တာ''

စောရန်နိုင်၏ လက်ကြီးတစ်ခုလုံး ညိုမည်းယောင်ကိုင်းလာသဖြင့် ကြောက်လန့်တုန်လှုပ်လာကာ အနီးရှိ ဒုစရိုက်ကောင်ထံ စိုက်ဝင်နေသည့် သူ၏ဓားမြှောင် ဆတ်ခနဲ နှုတ်ယူလိုက်သည်။ ပြီးလျှင် အဆိပ်တို့ဖြင့် ညိုမည်းနေသည့် သူ၏လက်ကို လက်ဖျံအနီးမှကပ်၍ ခုတ်ဖြတ်ချလိုက်ပါတော့သည်။

'ဒုတ် . . .'

''အား . . .''

ပင့်ကူဆိပ်က ခန္ဓာကိုယ်တစ်ခုလုံး ပျံ့နှံ့သွားမည်စိုး၍ ကြောက်လန့်ကာ သူ့လက်သူ ခုတ်ဖြတ်လိုက်သော စောရန်နိုင်ခမျာ ခန္ဓာကိုယ်ကြီးတစ်ခုလုံး သွေးကြောငယ်လေးများမှတစ်ဆင့် လျှင်မြန်စွာ ပျံ့နှံ့သွားပြီဖြစ်သော ပင့်ကူဆိပ်များကို မတားဆီးနိုင်ခဲ့ပါလေတော့။

သူ၏တစ်ကိုယ်လုံး မီးမြှိုက်ခံထားရသကဲ့သို့ ပူလောင်နေပြီး မျက်စိအစုံမှာလည်း ဝေဝါးစပြုနေပါပြီ။ တစ်ချိန်တည်းမှာပင် သူ၏ရှေ့မှ သျှိုနတ်မင်းကြီးကျောက်တိုင်တွင် ရေးထိုးထားသည့် ကျိန်စာများက လောဘသားကောင်များကို ပျက်ရယ်ပြုနေသည်သို့။







www.burmeseclassic.com

www.burmeseclassic.com



➚ အသားကိုလှီးတာလောက်တော့ ...

လှီးပါ ... ယူပါ ...

➚ အသွေးကိုသောက်တာလောက်တော့ ...

သောက်ပါ ... သုံးပါ ...

➚ ဒါပေမဲ့ ...

အကြင်နာခေါင်းပါး ... စိတ်ထားမမှန်

အကြံစိတ်ယုတ်နဲ့ ... နှလုံးသားကိုပါ ...

ထုတ်ယူဖို့ကြံစည်ခဲ့ရင်တော့ ...

➚ ကျူးလွန်တဲ့ ... လက် ... ရိုက်ချိုးဖျက်လို့

အသွားထက်ထက် ဓားထက်ထက်မှာ ...

လက်ချောင်းများပြတ်တောက် ...

သွေးပေါက်ပေါက်ပန်းပါစေသား ...။ ။

ဝေဝါးသော မျက်လုံးအစုံတွင် မြင်တွေ့လိုက်ရသည့် သျှိုဝနုတ်မင်း၏ကျိန်စာက နောက်ဆုံးထွက်သက်သို့ ရောက်ရှိနေပြီဖြစ်သော လောဘသားကောင် စောရန်နိုင်အား သတိသံဝေဂတရားများ ပြောကြားနေသည့်နှယ်ပါတည်း။

---





သည့်နောက်မှာတော့ ...

စောရန်နိုင်နှင့် လောဘသားကောင်တစ်စုတို့အား အဆုံးစွန်သော အနက်ရှိုင်းဆုံး အမှောင်ကမ္ဘာထုကြီးထဲသို့ အမှောင်တကာ့အမှောင် ကမ္ဘာထုကြီးထဲသို့ ဆွဲငင်ခေါ်ယူ နစ်မြုပ်သွားပါလေတော့သည်။

✳ ✳ ✳



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

## သေမိန့်ပြန်ကိုးပေါက်တစ္ဆေ နိဂုံး

ဆောင်းနှောင်းကျန် နှင်းမြူမှိုးငွေ့များက ညို့ညို့မှိုင်းမှိုင်းနှင့် မြူခြေတိမ်ခိုးများ အုပ်ဆိုင်းဝေ့ဝဲနေသည့် သုရိန်တောင်ကြောကြီးထက်ဝယ် လွင့်ပျံဝေ့ဝဲနေကြသည်။ ရံဖန်ရံခါ ဦးတည်ရာမဲ့ တိုက်ခတ်သွားသော ဆောင်းနှောင်းလေရူးကလည်း ဝေ့ဝဲလွင့်ပျံနေသည့် လက်ကျန်နှင်းမှိုးမြူငွေ့များကို မောင်းနှင်ထုတ်နေသည်သို့။





ကျောက်ပြာသာဒ်တောင်ခြေမှာတော့ ဆောက်လုပ်ပြီးစီးစ သချိုင်းအုတ်ဂူလေးနှစ်လုံးက တဖွဲဖွဲကျဆင်းလျက်ရှိသည့် ဆောင်းနှင်းမှိုးစက်လေးများအောက်တွင် တိတ်ဆိတ်ငြိမ်သက်စွာ လဲလျောင်းနေကြပါသည်။

ဆောင်းနှင်းမှိုးစက်များနှင့်အတူ တဖြုတ်ဖြုတ် ကြွေသက်ကျဆင်းနေသည့် အညှာမခိုင်သည့် သစ်ရွက်သစ်ခြောက်အချို့ကလည်း ဆောင်းနှောင်းလေအဝေ့တွင် ရောနှောကြွေသက်ကျဆင်းနေပါ၏။ အရိပ်အာဝါသကောင်းလှသည့် သစ်ပင်ကြီးတစ်ပင်ဖအောက်ရှိ အုတ်ဂူဖြူဖြူလေးနှစ်လုံးရှေ့တွင် အင်္ဂမျက်နှာနှင့် စောနန်းနွယ်လေးမှာ တသိမ့်သိမ့်ရှိုက်ငိုလျက်ရှိသည်။

သူမအနီးမှာတော့ မှဆိုးကြီးဦးမှိုင်းလုံက ဝါးဆေးတံကြီးကိုသာ သဲသဲမဲမဲရှိုက်ဖွာရင်း ဆောင်းရင်းမြူနှင်းတို့ ဝေ့ဝဲလွှမ်းခြုံနေသည့် အဝေးဆီမှ မှုန်ဖျဖျ သုရိန်တောင်တန်းကြီးဆီသို့ ငေးမောကြည့်နေပါ၏။ သူ့အနီးမှ တသိမ့်သိမ့်ကျိတ်ကာ ရှိုက်ငိုနေရှာသည့် စောနန်းနွယ်ထံမှ ရှိုက်သံ တဖြည်းဖြည်းတိုးတိမ်သွားတော့မှ သက်ပြင်းမောကြီးတစ်ချက်ကို မသက်မသာချလိုက်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"တိတ် ... တိတ်ပါတော့ သမီးရယ်၊ တစ်ညလုံး ငိုလွန်းလို့လည်း မောနေရောပေါ့၊ တကယ်တော့ ဒီကိစ္စတွေအားလုံးဟာ ဘယ်သူမပြု မိမိမှုလို့ဆိုသလို လောကသစ္စာတရားကို ဖောက်ဖျက်ပြီး လောဘနောက်ကို လွန်လွန်ကျူးကျူးလိုက်ကြတဲ့ သူတွေအတွက် အဲဒီလောဘတရားကပဲ သူတို့ကို ဒဏ်ခတ်ဆုံးမလိုက်တဲ့ သဘောပါပဲ သမီးလေးရယ်"

သနားစဖွယ် ကျိတ်၍ ငိုကြွေးနေရှာသည့် စောနန်းနွယ်ကို ဦးမှိုင်းလုံက အတတ်နိုင်ဆုံး နှစ်သိမ့်ဖျောင်းဖျနေခြင်း ဖြစ်ပါ၏။

သို့တိုင်အောင် ရုတ်တရက် အပြီးပိုင်ခွဲခွာသွားသည့် သံယောဇဉ်ကြိုးနှစ်ချောင်းအတွက် ကျန်ရစ်သူ စောနန်းနွယ်လေးမှာ မည်ကဲ့သို့ ဖြေသိမ့်ရပါမည်နည်း။

အကယ်၍သာ ဦးမှိုင်းလုံနှင့်သာ ကျောက်တလားရွာဘက်သို့ ထိုနေ့ညက လိုက်ပါမသွားခဲ့ဘူးဆိုလျှင် သူ၏အစ်ကိုတော် စောရန်နိုင်နှင့် ဦးလေးဖြစ်သူ ဦးကျော်ခေါင်တို့နှစ်ယောက်၏မျှ ပက်ပက်စက်စက် သေဆုံးကြရမည်မဟုတ်ဟု စောနန်းနွယ် တွေးထင်မှတ်ယူနေမိသည်။





ယခုမူ ...

မကြံအပ် မစည်အပ်၊ မလုပ်သင့် မလုပ်အပ်သော ပြစ်မှုကြီးတစ်ခုကို တူဝရီးနှစ်ယောက်လုံး စိတ်တူသဘောတူ ကျူးလွန်စော်ကားလိုက်ကြခြင်းက ဤကဲ့သို့သော အဖြစ်ဆိုးများဖြင့် ရင်ဆိုင်ကြုံတွေ့စေခဲ့ခြင်းသာ ဖြစ်သည်။

"အင်း ... ညက တွင်းဝိဇ္ဇာညီနောင်နှစ်ပါး လာပြီး အိပ်မက်ပေး သတိပေးလို့ အဘတို့နှစ်ယောက် ကျောက်ပြာသာဒ်ကို ညတွင်းချင်း ပြန်ခဲ့ကြတာပဲလေ၊ စောရန်နိုင်လူကလေးရဲ့ ကံကြမ္မာကိုက လောဘတဏှာကောင် ပူးဝင်နေလေတော့လည်း ငါးစာသာမြင်ပြီး ကျရောက်လာမယ့် အန္တရာယ်ကို မမြင်မိတော့ဘူးလေ၊ ဒီကြားထဲ မောင်ကျော်ခေါင်တို့ လောဘသားတစ်စုကပါ ဘယ်လိုကဘယ်လို ရောက်လာကြမှန်းမသိတော့ အားလုံးသပွတ်အူလိုက်ကုန်တာပေါ့ကွယ်"

ဟုတ်သည်။

ဦးလေးကျော်ခေါင်နှင့် ရှမ်းတရုတ်ကြီး လီရှောင်ကူးတို့ ဒုစရိုက်အဖွဲ့ပါ ဆိုင်းမဆင့်ဗုံမဆင့် ကြားဝင်ရောက်ရှိလာကြခြင်းကြောင့် သျှိဝနတ်ကွန်းဆောင်ကြီးတစ်ခုလုံး အလောင်းချင်း



www.burmeseclassic.com

www.burmeseclassic.com



ထပ်မျှ ရှုပ်ထွေးပွေလီသွားခဲ့ကြသည် မဟုတ်ပါလား။

"အင်းလေ ... တကယ်တော့ လောဘအမှောင်ဖုံးနေတဲ့ မောင်ကျော်ခေါင်တို့ဟာ သျှီဝနတ်မင်းရဲ့ကျိန်စာကိုလည်း မကြောက်၊ အပါယ်ငရဲကျမှာလည်း မကြောက်ကြနဲ့ တစ်ဖွတ်ထိုး မဆင်မခြင် လုပ်ကိုင်ကြတာကြောင့်လည်း အခုလို ကြေကွဲစရာ အဖြစ်ဆိုးတွေနဲ့ သမီးလေး ကြုံတွေ့ခဲ့ရတာပေါ့၊ အင်း ... နောက်ဆုံးတော့ သတ္တဝါတစ်ခု ကံတစ်ခုလို့သာ သမီးရဲ့အစ်ကိုကြီးအတွက် ဖြေသိမ့်ပြီး တရားနဲ့သာ နှလုံးသွင်းနေလိုက်ပါတော့ကွယ်"

ဦးမှိုင်းလုံ၏ တရားချနှစ်သိမ့်အားပေးသံလေးက ဆောင်းနှောင်းလေပြည်ထဲတွင် ဝေ့ဝဲစီးမျောသွားပါ၏။

သို့တိုင်အောင် ဖြေမဆည်နိုင်ဘဲ ရင်ကွဲအသည်းကြွေနေသူ စောနန်းနွယ်လေးကတော့ ပုထုဇဉ်လူသားတစ်ဦးပီပီ ငိုကြွေးပူဆွေးနေဆဲပါ။

"အဟင့် .. ဟင့် .. ဟင့် .. အစကတည်းကသာ ဒီလိုကံကြမ္မာဆိုးတွေနဲ့ တွေ့ကြုံရမယ်မှန်း ကြိုတင်ပြီးသိခဲ့ရရင် ဒီခရီးကို မလာခဲ့ပါဘူး အစ်ကိုကြီးရယ်၊ အခုတော့ အပြန်ခရီးမှာ





ညီ ... ညီမလေး တစ်ယောက်တည်း ပြန် ... ပြန်ရတော့မှာလား အစ်ကိုကြီးရယ် .. အဟင့် .. ဟင့် .. ဟင့် .."

ကျောက်ပြာသာဒ်တောင်ခြေမှာတော့ နှင်းမြူမှိုင်းစက်များက ပို၍သိပ်သည်းစွာ ကျဆင်းလာခဲ့ပါသည်။

ထို့အတူ ...

စောနန်းနွယ်တစ်ယောက် ပါးပြင်ထက်မှ အတားအဆီးမဲ့ စီးကျလာသည့် မျက်ရည်စများကို ကြေကွဲစွာ သုတ်ဖယ်ရင်း သျှီဝနတ်ရုပ်တုရှေ့ရှိ ကျိန်စာကျောက်စာကမ္ပည်းတိုင်ထက်မှ စူးရှထက်မြက်လှသော သစ္စာကျိန်စာများကို ပြန်လည်၍ မြင်ယောင်နေမိပါတော့သတည်း။

➚ အသားကိုလိုးတာလောက်တော့ ...
လိုးပါ ... ယူပါ ...

➚ အသွေးကိုသောက်တာလောက်တော့ ...
သောက်ပါ ... သုံးပါ ...

➚ ဒါပေမဲ့ ...
အကြွင်းနာခေါင်းပါး ... စိတ်ထားမမှန်



www.burmeseclassic.com

www.burmeseclassic.com



အကြံ့စိတ်ယုတ်နဲ့ … နလုံးသားကိုပါ …

ထုတ်ယူဖို့ကြံစည်ခဲ့ရင်တော့ …

ကျူးလွန်တဲ့ … လက် … ရိုက်ချိုးဖျက်လို့

အသွားထက်ထက် ဓားထက်ထက်မှာ …

လက်ချောင်းများ ဖြတ်တောက် …

သွေးပေါက်ပေါက်ပန်းပါစေသား …။ ။

ယောနိသောမနသိကာရ

သက်မင်းဂျူလိုင်

* * ** * ** * *

# ခုနစ်စဉ်ကြယ်စာပေ

မှ

အောက်ပါစာရေးဆရာများ၏ ဝတ္ထုများကို

လစဉ် ဆက်တိုက် ထွက်ရှိပါတော့မည်။


(၁) စိတြာအင်္ဂ

(၂) အင်္ဂဝတ္ထု

(၃) သက်မင်းဂျူလိုင်

(၄) ထူးအိံ (မရဏာဖွား)

(၅) ဇူး (ပန်းချီရုပ်ပြ)



**ခု နစ် စဉ် ကြယ် စာ ပေ**

အမှတ် (၁၇၅-ဘီ)၊ (၃၁) လမ်း၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၃၇၉၄၄၀


www.burmeseclassic.com